# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မပြစ်မှားမိအောင် သတိပြု**

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည့် လက်နက် တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်း ဆုံးရှုံး၏။ ကိုယ်အင်္ဂါပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။) **ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)**


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၇)၊ အမှတ် (၀၀၅)




## ရွှေတိဂုံစေတီတော် ဗုဒ္ဓရုပ်ပွားတော်နှင့် လှျပ်စစ်မီးစေတီများ ပူဇော်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်(အဖိတ်နေ့)၌ ရွှေတိဂုံစေတီတော် ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများ ပူဇော်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော် ရာဟုထောင့်အောင်မြေ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမုစတင်၍ ဆီမီးများပူဇော်ထားသည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့် ပတ္တမြားမြတ်ရှင်မြတ်စွာဘုရားတို့ကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ရွှေတိဂုံစေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည် အပူဇော်ခံပြီး မဟာအောင်မြေသို့ ပင့်ဆောင်ပူဇော်ကြသည်။

ထို့နောက် မဟာအောင်မြေ၌ဘာသာရေးအသင်းအဖွဲ့များက မဟာပဋ္ဌာန်း ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ “သောဝဏ္ဏိတံ” အစချီသော ရွှေတိဂုံဘုရားရှစ်ခိုးခြင်းဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ ဆရာတော်ထံမှ ငါးပါးသီလခံယူခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူပူဇော်ခြင်း၊ “ဘဂဝန် ဘုန်းလှိုင်”အစချီသော မဟာပဋ္ဌာန်းတိုက်တွန်းလွှာဖြင့် ရွတ်ဆိုတိုက်တွန်းခြင်း၊ ပဋ္ဌာန်း ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသပါဠိတော် ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်းတို့ ပြုလုပ်ကြသည်။ သီတင်းကျွတ်လဆန်း၁၄ရက် (အဖိတ်နေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားစေတီများတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ ကပ်လှူခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း- ကိုကိုဇော်၊ ဓာတ်ပုံ-ရွှေအင်းသား ခင်မောင်ဝင်း**

## ရန်ကုန်မြို့ စစ်သမိုင်းပြတိုက်ဟောင်းနေရာ၌ တည်ဆောက်မည့်စီမံကိန်းအား မြို့တော်စည်ပင်သာယာရေးကော်မတီက ထပ်မံစိစစ်သွားမည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းထောင့်နှင့် ပန်တျာလမ်းထောင့်၌တည်ရှိသော ယခင်စစ်သမိုင်းပြတိုက်ဟောင်းမြေနေရာအား ရန်ကုန်မြို့ပြစီမံကိန်းအဖြစ် နိုင်ငံတကာ အဆင့်မီဟိုတယ်၊ Shopping Mall နှင့် အဆင့်မီကုမ္ပဏီရုံးများ တည်ဆောက်သွားမည်ဖြစ်ရာ ယင်းစီမံကိန်းဝန်းကျင်၌ ရွှေတိဂုံစေတီတော်အပါအဝင် သာသနာ့အဆောက်အအုံများတည်ရှိသည့် နယ်မြေဖြစ်သောကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ လတ်တလော ခွင့်ပြုပေးထားသည့် အထပ်မြင့်ကို ထပ်မံစိစစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

“ဒီစီမံကိန်းဟာ ရန်ကုန်မြို့တော်ရဲ့ မြို့ပြစီမံကိန်းနဲ့လည်း အံဝင်ခွင်ကျဖြစ်တယ်ဆိုတာ ထောက်ခံပြီးဖြစ်ပါတယ်။ အဲဒီဝန်းကျင်ဧရိယာမှာတော့ မြို့တော်စည်ပင်က အမြင့်ဆုံးက လေးထပ်အဖြစ်ပဲ ကန့်သတ်ထားတာပါ။ အခုသတ်မှတ်ထားတဲ့ အထပ်အရေအတွက်ကတော့ MIC ကိုတင်ထားတဲ့ အထပ်များသာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ အထပ်များကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုတင်ပြစဉ်က ဖော်ပြထားတဲ့အထပ်အရေအတွက်တွေပါ။

*စာမျက်နှာ ၁၀ ကော်လံ ၁* ☆

## ကျောက်ဆည် သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အက၊ အလှပြိုင်ပွဲဖွင့်

**သတင်း-တင်မောင်(မန်းကိုယ်ပွား)၊ ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ)**

**မန္တလေး အောက်တိုဘာ ၄**

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သီတင်းကျွတ် ဆင်လှူပွဲတော် ဆင်အက၊ ဆင်အလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါတောင်ခြေ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆင်ပွဲတော် ဆင်အက၊ အလှပြိုင်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✤



## ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများပျံ့နှံ့နေမှုအပေါ် သတင်းမီဒီယာအဖွဲ့အစည်းများနှင့် မီဒီယာများ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍အဖြေရှာမည်

စာမျက်နှာ-၅




မြန်မာ့အလင်း

# အဘိဓမ္မာမြတ်ဒေသနာ

အဘိ အတိရေကော ဓမ္မော-အဘိဓမ္မော။

သုတ္တန် ၊ ဝိနည်းတို့ထက် လွန်မြတ်သောတရားသည် အဘိဓမ္မာတရား ဖြစ်သည်။ သုတ္တန်ဝိနည်း အဘိဓမ္မာဟူသော ဒေသနာသုံးရပ်တို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရွှေနှုတ်တော်ထွက် တရားဓမ္မများချည်းဖြစ်ပါလျက် အဘိဓမ္မာတရားတော်က အလွန်မြတ်သည်ဆိုပါက ဘုရား၏စကားတော်သည်ပင် အယုတ် အလတ် အမြတ်ရှိပါသလားဟူ၍ အလောင်းမင်းတရားကြီး၏ အမေးကို မဟာအတုလဆရာတော်က ပြန်လည်ဖြေကြားရာတွင် သုတ္တန်၊ ဝိနည်းတို့ ယုတ်သောကြောင့် အဘိဓမ္မာက မြတ်သည်ဟု ဆိုလိုခြင်း မဟုတ်ကြောင်း၊ ဝိနည်းဒေသနာ သုတ္တန် ဒေသနာတို့သည်လည်း မြတ်၏။ ထိုဒေသနာနှစ်ပါးထက် အဘိဓမ္မာ ဒေသနာတော်က မြတ်၏ဟု ဆိုလိုခြင်းဖြစ်ကြောင်း ''နန်းစဉ်ပုစ္ဆာ''တွင် ဖြေဆို ထားခဲ့သည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် စတုတ္ထမြောက် ရက်သတ္တပတ်သည် အဘိဓမ္မာသဘောတရားများကို အလေးအနက် ဆင်ခြင်သုံးသပ်တော်မူခဲ့သည့် ရက်သတ္တပတ်ဖြစ်သည်။ အဘိဓမ္မာဒေသနာတော်သည် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဣန္ဒြေ၊ အာရုံ၊ အာရမ္မဏက၊ ရုပ်၊ နာမ်တရားတို့ကို ခွဲခြမ်းစိတ်ဖြာစီစဉ်၍ ဟောတော်မူသောကြောင့် ထုပ်၍ထားသော ဝတ္ထုကိုဖြေ၍ပြသကဲ့သို့ မိမိခန္ဓာကိုယ်၌ ရုပ်နာမ်အပေါင်း ပရမတ္ထသဘောကို နှလုံးသွင်းမိရာတွင် သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေသင်္ခါရာ အနတ္တာ ဟူ၍ လက္ခဏာရေးသုံးပါးတို့ကို ရှုဆင်ခြင်သဖြင့် မဂ်ဖိုလ်ကိုရ၍ အကျွတ်တရားရထိုက်သော သတ္တဝါတို့သည် ဝဋ်သုံးပါးမှလွတ်၍ နိဗ္ဗာန်သို့ရောက်ကြကုန်သည်ဖြစ်၍ အဘိဓမ္မာဒေသနာတော်သည် ဒေသနာ သုံးရပ်၌ အလွန်မြတ်ဆုံးဖြစ်သည်ဟု ဟောတော်မူခြင်းဖြစ်သည်။

သုတ္တန်၊ ဝိနည်း ပိဋကတ်တော်များသည် မြတ်စွာဘုရားရှင်၏ အဆုံးအမ၊ ဥပဒေသများဖြစ်သကဲ့သို့ သဘာဝ၏သဘောတရားတို့ကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ဆင်ခြင်ပြီးနောက် ပေါ်ထွက်လာသောတရားများသည် အဘိဓမ္မာတရားဖြစ်သည်။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမက၊ ပဋ္ဌာန်းဟူသော အဘိဓမ္မာကျမ်းခုနစ်ကျမ်းသည် ရှင်သာရိပုတ္တရာ မထေရ်မြတ်က အမျိုးကောင်းသားတပည့် ရဟန်း ၅၀၀ ကို မကျဉ်း မကျယ် စီစဉ်ပို့ချသည့် သင်ရိုးကျမ်းများဖြစ်ပြီး မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းတစ်တွင်းလုံး ဟောကြားတော်မူသော အဘိဓမ္မာတရားတော်မှာမူ လူသားတို့အဖို့ လွန်စွာကျယ်ဝန်းများပြားလှမည်ဖြစ်သည်။

အဘိဓမ္မာမြတ်ဒေသနာကို သင်ယူလေ့လာခြင်းဖြင့် အသိဉာဏ်ပညာကို တိုးပွားမြင့်မားစေကာ ဉာဏ်ရည်ဉာဏ်သွေးတို့ ထက်မြက်လာစေမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် တက်၍ အရာရာကို ခွဲခြမ်းစိတ်ဖြာ ရှုမြင်နိုင်သည့် ပဋိသမ္ဘိဒါဉာဏ်ကို ရရှိနိုင်ကာ 'ဃန'ဟုဆိုသည့် အမှတ်မှားနေသည့် တွေဝေမှုများကို ရှင်းလင်းဖယ်ရှားနိုင်မည်ဖြစ်သည်။

အဘိဓမ္မာတရားတော်ကို တာဝတိံသာနတ်ပြည်တွင် မယ်တော်နတ်သားကို အမှူးပြု၍ နတ်ဗြဟ္မာအပေါင်းအား ဟောကြားတော်မူပြီးနောက် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သိကြားမင်းဖန်ဆင်းသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်မှ နတ်ဗြဟ္မာအပေါင်း ခြံရံ၍ သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသည်တွင် တိုင်းသူပြည်သားတို့က မီးရှူးတိုင်များ၊ မီးပုံး၊ မီးပန်း၊ ဆီမီးများ ထွန်းညှိပူဇော်ကြိုဆိုခဲ့ကြသည်။ ဤသည်ကိုအကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့သည် မီးထွန်းပွဲကျင်းပသည့်နေ့ဖြစ်သကဲ့သို့ အဘိဓမ္မာအခါတော်နေ့လည်းဖြစ်သည့်အလျောက် လူငယ်လူရွယ်တို့က မီးပွဲသဘင်ဆင်ယင်နွှဲပျော်ကြပြီး လူကြီးသူမတို့ကလည်း အဘိဓမ္မာတရားတော်တို့ကို နာယူကြကာ ဆင်ခြင်သုံးသပ်ကြခြင်းဖြင့် ကုသိုလ်တရားဘာဝနာတို့ တိုးပွားနိုင်ကြပါစေကြောင်း ။ ။

# နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံတရားစွဲအမှုလိုက်အရာရှိများအကြား ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အမေရိကန်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Gregory L. Naarden နှင့် ဥပဒေအကြံပေးအရာရှိ Mr. Robert Strang အား အောက်တိုဘာ ၃ ရက် နံနက် ၁၁ နာရီက ပြည်ထောင်စုရှေ့နေချုပ် ရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**



တွေ့ဆုံစဉ် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှု၊ လူကုန်ကူးမှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ တရားစွဲအမှုလိုက်အရာရှိများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ကိစ္စ၊ အဆိုပါမှုခင်းများအား စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထူးအမှုလိုက်အရာရှိများ တာဝန်ပေးထားရှိရေးနှင့် နည်းပညာဆိုင်ရာ သင်တန်းများ၊ အရည်အချင်းမြှင့် သင်တန်းများ ပို့ချပေးနိုင်ရေးကိစ္စ၊ အတွေ့အကြုံဖလှယ်သည့် ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စ၊ အမှုတည်ဆောက်မှု ခိုင်မာစေရေးအတွက် ဥပဒေအရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု ရှေ့ပြေးအစီအစဉ်များ ချမှတ်နိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမြင့်ဆွေ မောရစ်ရှပ်နိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၅**

မောရစ်ရှပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ပေါ့(ထ်)လူးဝစ်မြို့၌ မောရစ်ရှပ်သမ္မတနိုင်ငံ သမ္မတ မစ္စစ် အမီနာ ဂူရစ်ဘ်-ဖာကမ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြန်မာ့စီးပွားရေးဘဏ်တွင် E-Pension Card ဖြင့် အငြိမ်းစားလစာများ အလွယ်တကူထုတ်ယူနိုင်

**နေပြည်တော် အောက်တိုဘာ ၄**

အငြိမ်းစားများအနေဖြင့် ဘဏ်ဖွင့်ရက်များတွင် E-Pension Card အသုံးပြု၍ ပင်စင်လစာများကို အလွယ်တကူထုတ်ယူနိုင်ကြောင်း သိရသည်။

E-Pension Card အသုံးပြု၍ ပင်စင်လစာထုတ်ယူမည်ဆိုပါက ဘဏ်သို့ နှစ်ကြိမ်လာရောက်ရန်မလိုဘဲ လစဉ် ၂၁ ရက်မှစ၍ မိမိတို့အဆင်ပြေမည့် နေ့တွင် ထုတ်ယူနိုင်ကြောင်း သိရသည်။

ထိုသို့ထုတ်ယူရာတွင် အောက်တိုဘာလအတွက် ပင်စင်လစာ ထုတ်ယူမည်ဆိုပါက အဆိုပါလ၏ ၂၁ ရက်မှစ၍ နိုဝင်ဘာ ၂၀ ရက်အတွင်း ရုံးဖွင့်ရက်တိုင်းတွင် ထုတ်ယူနိုင်ပြီး နှစ်လစာထုတ်ယူရရှိမည်ဖြစ်သည်။ သို့သော် နိုဝင်ဘာ ၂၁ ရက်တွင် သွားရောက်ထုတ်ယူပါက အောက်တိုဘာ၊ နိုဝင်ဘာနှစ်လစာ ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။

လက်ရှိတွင် အငြိမ်းစားများက ပထမဆုံး ပင်စင်ပေးရက်ဖြစ်သည့် ၂၁ ရက် တစ်ရက်တည်းကို စုပြုံတိုးဝှေ့ ထုတ်ယူနေခြင်းထက် အခြားနေ့ရက်များတွင်လည်း ထုတ်ယူနိုင်ခြင်းအားဖြင့် အငြိမ်းစားများအတွက် အဆင်ပြေသလို ဘဏ်ဝန်ထမ်းများအနေဖြင့်လည်း အဆင်ပြေသည်။ ထို့အပြင် သက်ကြီးရွယ်အိုနှင့် မသန်စွမ်း၊ အငြိမ်းစားများ ပင်စင်ထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဝန်ထမ်းများကိုလည်း သီးသန့်တာဝန်ချထားပေးပြီး ပင်စင်လစာငွေကို လက်ဝယ်အရောက် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဘဏ်သို့လာရောက်ရန် မလွယ်ကူသော အငြိမ်းစားပုဂ္ဂိုလ်များအား ဘဏ်ခွဲသက်ဆိုင်ရာအရာရှိက အိမ်အရောက်သွားရောက်တွေ့ဆုံပြီး ပင်စင်လစာကို ထုတ်ပေးသည့်အပြင် ပင်စင်လစာအား E-Pension Card မှ ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ Mobile Payment စာရင်းနှင့် ATM စာရင်းများသို့လည်း လွှဲပြောင်း၍ ထုတ်ယူရရှိနိုင်ကြောင်း သိရသည်။ ထိုကဲ့သို့ စာရင်းပြောင်းထုတ်ယူမည်ဆိုပါက မိမိတို့၏ ပင်စင်လစာအား မည်သည့်စာရင်းသို့ ပေးသွင်းစေလိုကြောင်းကို ထုတ်ယူမည့်ဘဏ်သို့ Standing Instruction ပေးထားရမည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ စာရင်းပြောင်းထုတ်မည်ဆိုပါက မည်သည့်စာရင်းသို့ စာရင်းပြောင်းသည်ဖြစ်စေ ဘဏ်ဝန်ဆောင်ခအနေဖြင့် တစ်ကြိမ်လျှင် ငွေကျပ် ၂၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၄-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၀၀/၇၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၅၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၅၀/၇၉၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၆၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ · ၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ · ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ · ၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ · ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့များရှိ နေရပ်စွန့်ခွာပြည်သူများအား ဆန်အိတ်များထောက်ပံ့ပေးအပ်

စစ်တွေ အောက်တိုဘာ ၄

**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ မိတ်ဆွေစေတနာရှင် အလှူရှင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က မောင်တောဒေသမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ပုဏ္ဏားကျွန်းနှင့် ကျောက်တော်မြို့များရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ နေရပ်စွန့်ခွာနေထိုင် လျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်အိတ်များကို ယနေ့ နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့ ပေးအပ် သည်။** (ယာပုံ)

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင် အလှူရှင်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားကြီးသိမ်တော် ယာယီကယ်ဆယ်ရေးစခန်းစုရပ်သို့ သွားရောက်ကာ နေရပ်စွန့်ခွာပြည်သူများအား အားပေးစကားပြောကြားပြီး အိမ်ထောင်စု ၄၃ စုအတွက် ဆန်အိတ် ၂၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ အလားတူ ကျောက်တော်မြို့ရှိ မဟာကံကြီးသျှင်ဘုရားကြီး ယာယီကယ်ဆယ်ရေးစခန်းစုရပ်သို့ရောက်ရှိပြီး နေရပ်စွန့်ခွာပြည်သူများအား အားပေးစကားပြောကြားကာ အိမ်ထောင်စု ၅၁ စုအတွက် ဆန်အိတ် ၂၁ အိတ် ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင် အလှူရှင်များအဖွဲ့သည် ကျောက်တော်မြို့ မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ်သည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မိတ်ဆွေစေတနာရှင် အလှူရှင်များသည် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်မြို့တို့ရှိ နေရပ်စွန့်ခွာ ယာယီကယ်ဆယ်ရေးစခန်းများနှင့် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များရှိ ဒေသခံတိုင်းရင်းသားကျေးရွာများအတွက် ဆန်အိတ် ၃၀၀၀ အပြင် ဒေသခံတိုင်းရင်းသားကျေးရွာ ၇၅ ရွာအတွက် တစ်ရွာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၇၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့ပြင် မောင်တောခရီးစဉ်အတွင်း ဒေသခံတိုင်းရင်းသားကျေးရွာများသို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ကလည်း ငွေကျပ် ၂၅ သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဝန်ကြီးဌာနသို့ လှူဒါန်းသည့် အလှူငွေများထဲမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်ခံရသော်လည်း နေရပ်စွန့်ခွာခြင်းမရှိဘဲ မိမိနေရပ်၌ နေထိုင်လျက်ရှိသော ဒေသခံများအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ကျေးရွာပေါင်း ၂၇ ရွာမှ အိမ်ထောင်စု ၂၃၀၅ စုအတွက် ငွေကျပ် ၂၃၀၅၀၀၀၀ အား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# စပါးစိုက်ဧက ၇၂၀၀၀ ကျော်ရှိသည့် မောင်တောဒေသအတွက် နည်းပညာ၊ စက်ကိရိယာနှင့် မျိုးစေ့များ ထောက်ပံ့ပေးရန်စီစဉ်နေ

**မောင်တော အောက်တိုဘာ ၄**

ရခိုင်ပြည်နယ်တစ်ခုလုံးတွင် စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ လယ်ဧကပေါင်း ၁၂ သိန်းကျော်ရှိပြီး မိုးစပါးရိတ်သိမ်းရာသီ ရောက်ရှိတော့မည်ဖြစ်သောကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မောင်တောဒေသရှိ တောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် နည်းပညာ၊ မျိုးစပါးနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို တတ်စွမ်းသမျှ ထုတ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်း ဝန်ကြီး ဦးကျော်လွင်က ပြောကြားသည်။

"မောင်တောဒေသမှာ စပါးစိုက်ဧက ၇၂၀၀၀ ကျော်လောက်ရှိပါတယ်။ ဒီလယ်တွေကို ရိတ်သိမ်းဖို့အတွက် ရိတ်သိမ်းခြွေလှေ့စက်တွေ ရန်ကုန်ကနေ မောင်တောဒေသအရောက် သယ်လာပါပြီ။ ရိတ်သိမ်းတဲ့နေရာမှာ တောင်သူတွေကလည်း သူတို့လုပ်အားနဲ့ တစ်ဖက်ကရိတ်သိမ်းခြွေလှေ့မယ်။ အစိုးရအဖွဲ့ကလည်း နိုင်သလောက် အစွမ်းကုန် စက်ကိရိယာတွေ ထုတ်ပေးပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ နည်းပညာနဲ့ မျိုးစပါးကအစ တောင်သူတွေကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းပံ့ပိုးပေးနေပါတယ်။



"ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ တည်ငြိမ်အေးချမ်းဖို့ လိုပါတယ်။ ပြည်ထောင်စုအစိုးရ၊ တပ်မတော်၊ လွှတ်တော်နဲ့ ပြည်နယ်အစိုးရအပါအဝင် စီမံခန့်ခွဲရေးပိုင်းမှာရှိတဲ့သူတွေနဲ့ ပေါင်းစပ်ပြီးတော့ တည်ငြိမ်အေးချမ်းရေးအတွက် ပထမဦးစားပေး ဆောင်ရွက်နေပါတယ်။ တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ တရားဥပဒေစိုးမိုးမှုရှိလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ဖန်တီးပေးနိုင်မယ်။ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှသာ ဒီဒေသကို လူတွေဝင်ရောက်နေထိုင်ကြမယ်။ ရေခံမြေခံကောင်းတဲ့ ဒီဒေသအတွက် အကျိုးရှိလာမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီး ဦးကျော်လွင်က ပြောကြားသည်။

မောင်တောဒေသတွင် ဒေသခံများ စားဝတ်နေရေး အဆင်ပြေရန်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာ၊ မျိုးစပါး၊ စက်ကိရိယာများ ထောက်ပံ့ပေးမည့်အပြင် ရေချိုရေငန်ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းအတွက်လည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း လည်ပတ်နိုင်ရန်အတွက် ဘတ်ဂျက် ၁ ဒသမ ၅ ဘီလီယံ ကျထားပြီးဖြစ်ကြောင်း၊ လက်ရှိတွင် အကြမ်းဖက်မှုပြဿနာကြောင့် ခေတ္တရပ်နားထားရကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုနှစ်တွင် နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရန်အတွက် စီစဉ်ဆောင်ရွက်နေချိန်တွင် အကြမ်းဖက်ပြဿနာပေါ်ပေါက်လာခြင်းဖြစ်ကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-သန့်ဇင်ဝင်း**

# တရုတ်-မြန်မာ ပူးပေါင်းကျင်းပသောစာပေပြိုင်ပွဲ ဆုချီးမြှင့်

**ရွှေလီ အောက်တိုဘာ ၄**

ရွှေလီ တရုတ်-မြန်မာနယ်စပ်ဒေသ ယဉ်ကျေးမှုဖလှယ်ရေး အသင်းနှင့် မူဆယ်၊ နမ့်ခမ်းမြို့နယ် စာရေးဆရာအသင်းက ပူးပေါင်း၍ "ပေါက်ဖော်ချစ်ခြင်းမေတ္တာ သံယောဇဉ်"ခေါင်းစဉ်ဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာပဒေသာ အပါအဝင် စာပေပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိကြသူများအား အောက်တိုဘာ ၁ ရက်က တရုတ်နိုင်ငံ ရွှေလီ တရုတ်-မြန်မာနယ်စပ်ဒေသ ယဉ်ကျေးမှုဖလှယ်ရေးအသင်းရုံး၌ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုချီးမြှင့်ပွဲသို့ ရွှေလီမြို့ ဒေသအုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နှစ်နိုင်ငံမှဆုရရှိကြသော စာရေးဆရာများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြပြီး ရွှေလီခရိုင်အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။




စာပေပြိုင်ပွဲတွင် မြန်မာစာရေးဆရာ ၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေညာသား မြတ်မင်းက ဆောင်းပါး ပထမဆု၊ ဉာဏ်မင်း(နမ့်ခမ်း)က ကဗျာဒုတိယဆု၊ သန်းတင်(၁၀၅)မိုင်နှင့် သန့်ဇင်တို့က ဆောင်းပါးဖြင့် တတိယဆုကို ပူးတွဲရရှိခဲ့ပြီး တရုတ်နိုင်ငံဘက်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော တရုတ်စာရေးဆရာများကိုလည်း ပထမ၊ ဒုတိယ၊ တတိယဆုများဖြင့် သီးခြားဆုချီးမြှင့်ခဲ့သည်။ စာပေပြိုင်ပွဲတွင် အထူးဆုများကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၁၁၈)**

# နေရာကွက်ကျား ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုလာနိုင်သည်။ **(မိုး/ဇလ)**

# တောင်ကုတ်ကျေးလက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သံတွဲ အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်၊ သံတွဲခရိုင်ကျေးလက်ဦးစီးမှူး ဦးလှကြည်၊ တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့်အဖွဲ့သည် အောက်တိုဘာ ၃ ရက်က မအီ၊ လမူးမော်ကျေးရွာများ၌ မြစိမ်းရောင်ချေးငွေလုပ်ငန်းများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကျေးရွာကော်မတီ၏ စာရင်းဇယားထိန်းသိမ်းထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဆက်လက်၍ တောင်ကုတ်မြို့နယ် ကျေးလက်ရုံးသို့ရောက်ရှိရာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရုံးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအား ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ **သန့်ဇင်(ပြန်/ဆက်)**

# စိုက်ပျိုးနည်းစနစ်နှင့် ခေါင်နံ့မျိုးပွားစိုက်ခင်းသို့ လက်တွေ့ဆောင်ရွက်

**သီပေါ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် ခိုမှုန်းကျေးလက်ဒေသ ဘက်စုံစံပြရွာ၌ ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ် (GAP) နည်းပညာဆွေးနွေးခြင်းနှင့် ခေါင်နံ့မျိုးပွားစိုက်ကွင်း၌ ကွင်းဆင်းလက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို အောက်တိုဘာ ၃ ရက် နံနက်က ခိုမှုန်းစံပြကျေးရွာ၌ ကျင်းပသည်။

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(လားရှိုး) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးမြကျော်နှင့် ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးတို့က ဘက်စုံနည်းပညာသုံးအဆင့်မြင့်စိုက်ပျိုးနည်းစနစ်များကို ပညာပေးဆွေးနွေးကြပြီး ခေါင်နံ့မျိုးပွားစိုက်ခင်းအား ကွင်းဆင်းလက်တွေ့ပညာပေးပြသခဲ့သည်။ ဆက်လက် ၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဖြူဖြူအေးနှင့် ဝန်ထမ်းများက နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **စိုင်း(သီပေါ)**

# လက်ရှိဖြစ်ပေါ်နေသော မီဒီယာဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက်မီဒီယာများ တွေ့ဆုံဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် လက်ရှိဖြစ်ပေါ်နေသော မီဒီယာဆိုင်ရာကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် အရေးကိစ္စများအပေါ် ပြည်တွင်း ပြည်ပ မီဒီယာများ၏ဖော်ပြမှု၊ နိုင်ငံတကာအသိုင်းအဝိုင်းအချို့တွင် သတင်းမှားများ ပျံ့နှံ့နေမှုများအပေါ် ပြန်လည်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်းအစည်းအဝေးခန်းမ၌ သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် မီဒီယာများနှင့် တွေ့ဆုံဆွေးနွေးသည်။** (ယာပုံ)



တွေ့ဆုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရှင်းလင်းပြောကြားရာတွင် မိမိတို့တိုင်းပြည်၏ အဓိကရည်မှန်းချက်သည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ရေးဖြစ်ပါကြောင်း၊ ထိုသို့ထူထောင်နိုင်ပါက မိမိတို့တိုင်းပြည်သည် လမ်းကြောင်းမှန်ပေါ်တွင် အခြေချသွားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပနိုင်ငံများအလယ်တွင် တင့်တောင့်တင့်တယ်ဖြစ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

သို့သော် တစ်ချိန်တည်းတွင် မိမိတို့တွင် ဘေးတွဲပြဿနာ တစ်ခုရှိလာပါကြောင်း၊ ရခိုင်ဒေသမြောက်ပိုင်းတွင် လူမျိုးရေးပြဿနာ၊ ဘာသာရေးဆိုင်ရာပြဿနာ ပဋိပက္ခများရှိလာပါကြောင်း၊ အဆိုပါဒေသတွင်ရှိသည့် ဘင်္ဂါလီများသည် ပြဿနာဖြစ်လာပါက ဘင်္ဂလားဒေ့ရှ်နယ်ထဲရောက်သွားပြီး အချိန်တန်ပါက တစ်နည်းနည်းဖြင့် ပြန်လည်ရောက်ရှိလာကြပါကြောင်း၊ ရလဒ်မှာ တဖြည်းဖြည်းနှင့် ထိုဒေသတွင် ဘင်္ဂါလီလူမျိုးက ရာခိုင်နှုန်းများပြားလာပြီး ရခိုင်လူမျိုးက တဖြည်းဖြည်းနည်းပါးလာပါကြောင်း။

ရခိုင်မြောက်ပိုင်းတွင် ရခိုင်လူမျိုးသည် လူနည်းစုဖြစ်လာသည်ဆိုသည့်သဘောပင် ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် လူမျိုးရေးပဋိပက္ခ ထပ်မံဖြစ်ပွားပါကြောင်း၊ ယခုအစိုးရတက်လာသည့်အချိန်တွင် ပဋိပက္ခသည် သေသေချာချာဖြေရှင်း၍ မပြီးစီးသေးပါကြောင်း၊ တော်တော်များများသည် IDP ဟုခေါ်သည့် ဒုက္ခသည်စခန်းများထဲတွင် ရောက်ရှိနေပါကြောင်း။

## ဖိအားပေးဆောင်ရွက်နေ

ထိုသို့ ရောက်ရှိနေသည်ကို အကြောင်းပြု၍ နိုင်ငံတကာက နေဖိအားပေးနေခြင်းများရှိပါကြောင်း၊ နိုင်ငံတကာမှ IDP စခန်းများတွင် ရောက်ရှိနေသည့် ဒုက္ခသည်များ၏ အနေအထားကို မီးမောင်းထိုးပြကာ မြန်မာနိုင်ငံတွင် မမျှမတဖြစ်နေပြီး လူသား ချင်းစာနာသည့်ကိစ္စ၊ တန်းတူညီမျှရေးကိစ္စ၊ လူနည်းစုများကို နှိပ်ကွပ်နေသည့်ကိစ္စ စသဖြင့် ပြောဆို၍ ဖိအားပေးဆောင်ရွက်နေခြင်းများ ရှိပါကြောင်း။

လက်ရှိအစိုးရအနေဖြင့် ယင်းပြဿနာမှာ ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် အဆင်အပြေဆုံး၊ အသင့်တော်ဆုံး၊ အကောင်းဆုံးဖြစ်မည်ဟု ယူဆရသည့် နည်းလမ်းဖြစ်သည့် ကိုဖီအာနန်ကော်မရှင်ကို ဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်ရန် အကြံဉာဏ်တောင်းသည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း။

## အားလုံးအသိ

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြဿနာသည် ပြေလျော့သွားစရာအကြောင်းရှိသည်ဟု မိမိတို့ထင်ပါကြောင်း၊ သို့ရာတွင် ကော်မရှင်ကို လက်မခံနိုင်ဘူးဆိုသည့် ကန့်ကွက်မှုများလည်း တစ်ဖက်ကရှိပါကြောင်း၊ တစ်ချိန်တည်းတွင် ကော်မရှင်ကို အပ်နှံသည့်အခါတွင် တစ်ဖက်မှ ၎င်းတို့၏ အရေးကိစ္စကို ထင်ထင်ရှားရှားဖြစ်အောင် လုပ်ကိုင်လာသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၉ ရက်တွင် နယ်ခြားစောင့်ရဲစခန်းဌာနချုပ်ဖြစ်သည့် ကျီးကန်းပြင်၊ ငါးခူရစခန်း စသည်တို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ ယခင်က လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမှနေ၍ အကြမ်းဖက်တိုက်ခိုက်သည့် သဘောသို့ ကူးပြောင်းသွားပြီး ၎င်းတို့အရေးကိစ္စကို ကမ္ဘာကသိစေရန်နှင့် ၎င်းတို့လူများ ပိုမိုသိစေရန် လုပ်ကိုင်ဆောင်ရွက်လာသည့် သဘောဟုမြင်ပါကြောင်း။

၎င်းတို့မှ တိုက်ခိုက်သည့်အတွက်ကြောင့် ပြန်လည်ပြီး တုံ့ပြန်ဖြေရှင်းသည့်အခါ ဝေဖန်စွပ်စွဲမှုများ ပိုပြီးများပြားလာပါကြောင်း၊ ကျီးကန်းပြင်ဆိုသည်မှာ စခန်းကြီးတစ်ခု ဖြစ်ပါကြောင်း၊ ယင်းကို ဝင်ရောက်တိုက်ခိုက်ခြင်းသည် ရိုးရိုးသာမန်ဆန္ဒပြခြင်း မဟုတ်ပါကြောင်း၊ ကြီးမားသည့် အစီအစဉ်ဖြင့် ဆောင်ရွက်သည့်ကိစ္စဖြစ်ပါကြောင်း။

ယင်းပြဿနာများကို ဖြေရှင်းပြီး တည်ငြိမ်မှုအတန်အသင့်ရောက်လာပြီဟု ယူဆသည့် တစ်နှစ်ခန့်ကြာသည့်အချိန်၊ ပြီးခဲ့သည့် ဩဂုတ်လတွင် ရဲစခန်း ၃၀ ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ပါကြောင်း၊ ထိုသို့ တိုက်ခိုက်သည့်အချိန် သတင်းကိုကြားသိရသည့်အချိန်တွင် အများက ၎င်းတို့သည် အကြမ်းဖက်သမားများ ဖြစ်ကြောင်း၊ ၎င်းတို့၏ သာမန်နစ်နာမှုကို အခွင့်အရေးတောင်းဆိုသည့် အနေအထားမျိုး မဟုတ်ဘဲ အကြမ်းဖက်သမားဟု အများကလက်ခံသည့် အနေအထားမျိုး ရောက်လာပါကြောင်း၊ ယင်းကို ပြန်လည်ရှင်းလင်းသည့် အစီအစဉ်များ လုပ်သည့်အခါတွင် ထိုစခန်း ၃၀ ကို တိုက်ခိုက်သည့်ကိစ္စမှာ မေးမှိန်သွားပြီး ကမ္ဘာမှ ထိုနေရာတွင် လူမျိုးတုံးသတ်ဖြတ်နေသည်ဟူသော အသံများ ကျယ်လောင်လာသည့် အနေအထားမျိုး ဖြစ်လာပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက "အဲဒီအခြေအနေကတော့ နိုင်ငံတကာအသိ၊ နိုင်ငံရေးအရဖြစ်နေတဲ့ အနေအထားတွေပါ။ တကယ်ဖြစ်တာသည် အဲဒီဒေသမှာရှိတဲ့လူတွေရဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ ဆောင်ရွက်ရာကနေပြီးတော့ ဒီပြဿနာတွေဖြစ်တယ်လို့ ကျွန်တော်တို့ ယေဘုယျအားဖြင့် မြင်ပါတယ်။ အခြားအသေးစိတ်ပြောမယ်ဆိုရင်တော့ လူမျိုးမတူတဲ့လူတွေ၊ ဘာသာမတူတဲ့လူတွေ နီးနီးစပ်စပ်နေတဲ့အခါမှာ ဖြစ်လာတဲ့ ပြဿနာတွေသည် ဒီအကြောင်းအရာတွေကို ဖြစ်ပေါ်စေတယ်လို့ ယေဘုယျ ပြောလို့ရနိုင်ပါတယ်။

## နည်းမျိုးစုံနဲ့ကြိုးပမ်း

"သို့သော် ခုနောက်ပိုင်းဖြစ်ပေါ်လာတဲ့ အနေအထားတွေနဲ့ ရှေးတုန်းကရှိခဲ့တဲ့ သမိုင်းတွေအရဆိုရင်တော့ ဒီနေရာကို ဒီလူစုက အပိုင်ရရှိဖို့လိုချင်နေတဲ့ အတွက်ကြောင့် နည်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်နေတယ်လို့ မြင်နိုင်ပါတယ်။

"ဒါသည် ကျွန်တော်ပြောတဲ့ နိုင်ငံရေးရည်မှန်းချက်နဲ့ သူတို့ဆောင်ရွက်နေတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါသည် ကျွန်တော်တို့မီဒီယာများမှာ လာပြီးထင်ဟပ်ပါတယ်။ လာပြီး သက်ရောက်ပါတယ်။ အထူးသဖြင့် ဒီကနေ့ဆက်သွယ်ရေးတွေ သိပ်လျင်မြန်လာတဲ့ကာလမှာ မီဒီယာသည် ဒီလိုအရေးကိစ္စတွေမှာ အသုံးချစရာထိရောက်တဲ့ လက်နက်ကိရိယာတစ်ခုလည်း ဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေးပြဿနာထက် မီဒီယာပြဿနာဆိုတဲ့ အသွင်သဏ္ဌာန်မျိုးအထိ ပေါ်လာတာရှိပါတယ်။

## အားလုံးမြင်ရ

"မီဒီယာတိုက်ပွဲဆိုတဲ့သဘောမျိုး တချို့ကပြောဆိုတာရှိပါတယ်။ ကျွန်တော်မြင်တာကတော့ နိုင်ငံရေးတိုက်ပွဲပါ။ နိုင်ငံရေးတိုက်ပွဲမှာ နိုင်ငံတကာမှာရှိတဲ့အဖွဲ့အစည်းတွေ၊ နိုင်ငံတွေ စသဖြင့် အကြောင်းအမျိုးမျိုး၊ ယုံကြည်ချက်အမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ ပါဝင်နေတယ်။ အင်အားက တော်တော်ကြီးမားပါတယ်၊ ဒီလိုပါဝင်ဆောင်ရွက်နေတာရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂလို အဖွဲ့အစည်းမျိုးအထိကို ရောက်ရှိနေပြီးတော့ ကျွန်တော်တို့ကို ဖိအားပေးနေနိုင်တဲ့ အနေအထားဖြစ်တယ်ဆိုတာ အားလုံးမြင်ရပါတယ်။

"အဲဒီတော့ ဒီလိုဘာကြောင့်ဖြစ်ရသလဲဆိုတော့ မီဒီယာအပိုင်းနဲ့ ဆက်စပ်ပြီး စဉ်းစားရမယ်ဆိုရင် အဲဒီနေရာကပုဂ္ဂိုလ်တွေ၊ ရိုဟင်ဂျာလို့နာမည်ခံယူထားတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ သူတို့က နှစ်ပေါင်းများစွာ စုရုံးဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ နိုင်ငံတကာမှာ သူတို့လှုပ်ရှားဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်၊ သူတို့ကိုအထောက်အကူပေးတဲ့ အဖွဲ့အစည်းတွေရှိပါတယ်။ နိုင်ငံတကာက သူတို့နဲ့ လူမျိုးဘာသာတူတဲ့သူတွေရဲ့အကူအညီ အစီအစဉ်တွေထဲမှာ ပါဝင်ဆောင်ရွက်ခဲ့တာရှိတယ်။ ပါဝင်ဆောင်ရွက်ရင်းနဲ့ သူတို့ရဲ့အရေးကိစ္စတွေကို စည်းရုံးတင်ပြခဲ့တဲ့အတွက်ကြောင့် သူတို့ရဲ့အနေအထားကို အများက တော်တော်လက်ခံသိမြင်နေတဲ့ သဘောမျိုးတွေလည်း ရှိပါတယ်။

## လှုပ်လှုပ်ရှားရှား

"သူတို့က သူတို့ရဲ့ဇာတ်ကြောင်းကို ပျံ့နှံ့အောင်လုပ်ထားတယ်၊ လုပ်ထားပြီး အခုအရေးကိစ္စပေါ်တဲ့အခါမှာ အားလုံးသိတဲ့အတိုင်း သတင်းအတုတွေကို ပိုပြီးလှုပ်လှုပ်ရှားရှားဖြစ်အောင် ဆောင်ရွက်ပါတယ်။ သို့သော် လိမ်တာညာတာမှန်း သိရဲ့သားနဲ့ နိုင်ငံတကာမှာ တော်တော်ကြီးကျယ်တဲ့ ခေါင်းဆောင်တွေကပါ အသုံးပြုပြီး ဆက်လက်လုပ်ကိုင်နေတာတွေရှိပါတယ်။

"ဒါတွေကြည့်ရင် သတင်းအမှားတွေပျံ့လို့ဆိုတာရဲ့သက်ရောက်မှုကလည်း ရှိပါတယ်၊ ကြီးမားပါတယ်။ သို့သော် နိုင်ငံရေးအဆုံးအဖြတ်ပေးနိုင်တဲ့ လူတွေကတော့ သတင်းအမှားကြောင့်သက်ရောက်မှုမဟုတ်ဘဲနဲ့ သူတို့ကိုယ်တိုင်က အဲဒီအတိုင်းကို ခံယူစေချင်လို့ ဖြစ်စေချင်တဲ့အတွက်ကြောင့် ဒါတွေကို လက်ခံပြီးတော့ လုပ်တာကိုင်တာလို့ ကျွန်တော်တို့မြင်ပါတယ်။ ဆိုလိုချင်တာက ဒါဟာမီဒီယာနယ်ပယ်ထဲကို ရောက်လာပြီး တိုက်ခိုက်ခံရတဲ့ အနေအထားပါ။

## ကမ္ဘာကသိအောင်တင်ပြ

"သူတို့ရဲ့သတင်းက လွှမ်းမိုးတယ်။ ကျွန်တော်တို့ အသိုက်အဝန်းက မကြားရဘူး။ နိုင်ငံရေးအခြေအနေအရ ကြည့်မယ်ဆိုရင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ရခိုင်လူမျိုးသည် အနည်းစုဖြစ်နေသလို ကမ္ဘာမှာ သို့မဟုတ် နိုင်ငံတကာမှာလည်း ကျွန်တော်တို့တိုင်းပြည်ဟာ အင်အားနည်းတဲ့နိုင်ငံ ဖြစ်နေတယ်ဆိုတာ အားလုံးသိကြတဲ့အချက်ဆိုတာ ထင်ရှားပါတယ်။ အဲဒီလို အဘက်ဘက်က အင်အားနည်းသလို ကျွန်တော်တို့ အရေးကိစ္စကို ကမ္ဘာကသိအောင်တင်ပြမယ့်အပိုင်းမှာ အင်အားနည်းပါတယ်။

"ဒါပေမယ့် နိုင်ငံတကာကို ကျွန်တော်တို့က သတင်းအတုအယောင်တွေနဲ့ လိမ်ညာဖို့မရှိပါဘူး။ ရည်ရွယ်ချက်မရှိပါဘူး၊ အားလည်းမပေးပါဘူး။ သို့သော် ကျွန်တော်တို့ရဲ့ အခြေအနေမှန်ကိုတော့ နိုင်ငံတကာကသိအောင် လုပ်ကိုင်ဖို့လိုအပ်နေတယ်လို့မြင်ပါတယ်။ နိုင်ငံတကာနဲ့ ဖြစ်လာနေတဲ့ ပြဿနာဖြစ်လို့ပါ။ ကျွန်တော်တို့ဆီက အကြောင်းအရာ သတင်းအချက်အလက်တွေကို သိအောင်ပြန့်ပွားအောင် ကျွန်တော်တို့ဘာသာ စဉ်းစားစီစဉ်ပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။

"သို့သော် တစ်ဖက်မှာ အထူးသဖြင့် မီဒီယာပိုင်းဆိုင်ရာ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ တချို့ကပုဂ္ဂိုလ်များကလည်း ကျွန်တော်တို့ကို ပြောဆိုအကြံဉာဏ်ပေးပါတယ်။ ပြည်တွင်းမီဒီယာအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီးတော့ ဒီကိစ္စဟာတိုင်းပြည်ရဲ့ အမျိုးသားအရေးကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒါနဲ့ပတ်သက်ရင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာမျိုး အကြံဉာဏ်စိတ်ကူးစိတ်သန်းတွေရယူသင့်တယ်၊ ဘာတွေဆောင်ရွက်သင့်သလဲ၊ သူတို့အနေနဲ့ရော ဘာတွေဆောင်ရွက်ပေးနိုင်မလဲ မေးမြန်းဆွေးနွေးသင့်တယ်လို့ အကြံပြုတာတွေရှိပါတယ်။ ဒါကြောင့်မို့ ဒီကနေ့မှာ အခုလို သတင်းမီဒီယာလောကမှာ ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်တွေကို ဖိတ်ခေါ်ပြီးတော့ ဆွေးနွေးတာဖြစ်ပါတယ်။

"ပထမပိုင်းအစီအစဉ်ကို ထင်မြင်ချက်တွေကို လွတ်လွတ်လပ်လပ်ပြောဆိုကြမယ်၊ ဆွေးနွေးပြီးရင်တော့ ဒီဆွေးနွေးတဲ့အထဲကနေ ရလဒ်တွေ၊ တကယ်လက်တွေ့ဘယ်လိုဆက်လက်ဆောင်ရွက်သင့်တယ်ဆိုတဲ့ အကြောင်းအရာအချက်အလက်တွေကို တိတိကျကျစုစည်းသုံးသပ်ပြီး မှတ်တမ်းတင်နိုင်ဖို့၊ ဆက်လက်ပြီး အကောင်အထည်ဖော်နိုင်ဖို့ မျှော်လင့်ထားပါတယ်။

"သတင်းအမှားတွေကိုတော့ ဒါက ဘယ်လိုမှားယွင်းပါတယ်၊ အလိမ်အညာဖြစ်ပါတယ်ဆိုတဲ့ဟာမျိုးကို ပြန်ပြီး ချေဖျက်ရမယ်လို့မြင်ပါတယ်။ ဒါကို လုပ်ချင်ပါတယ်၊ စိတ်ကူးစိတ်သန်း အကြံဉာဏ်ပေးရင်လည်း လက်ခံပါတယ်။ ဖြစ်စဉ်အမှန်သို့မဟုတ် မြန်မာရဲ့ရပ်တည်ချက်ပေါ်လွင်အောင်နဲ့ နိုင်ငံတကာကိုပျံ့နှံ့အောင် ဘယ်လိုဆောင်ရွက်မလဲ၊ ပျံ့နှံ့အောင်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ကို ဖိအားပေးနေတဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံကြီးတွေ တခြားဆန့်ကျင်တိုက်ခိုက်နေတဲ့ နိုင်ငံတွေဆီကိုလည်း ဒီအဖြစ်မှန်က ဒီလိုရှိပါတယ်ဆိုတဲ့ အနေအထားရောက်ရှိအောင် လုပ်ဖို့လိုပါလိမ့်မယ်၊ လက်ခံတာ လက်မခံတာ သူ့တို့အစိတ်အပိုင်းလို့ ယူဆပါတယ်။

## ယုံကြည်မှုရှိ

"ပြီးတော့ ကျွန်တော်တို့ကို အားပေးထောက်ခံတဲ့ နိုင်ငံကြီးတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နဲ့ ရုရှားနိုင်ငံတွေက မြန်မာ့အရေးကိစ္စမှာ မြန်မာဘက်ကနေ ရပ်တည်နေတာတွေရှိပါတယ်၊ ဒီလိုရပ်တည်ပေးနေတဲ့ နိုင်ငံတွေကိုလည်း ကျွန်တော်တို့ အနေအထား အမှန်က ဒီလိုရှိတယ်ဆိုပြီး ပိုပြီးယုံကြည်မှုရှိအောင် ကျွန်တော်တို့ အသိပေးနိုင်ဖို့လိုပါတယ်။

"ပြီးတော့ အိမ်နီးချင်းဖြစ်တဲ့ ဒီပြဿနာမှာ ဟိုဘက်ဒီဘက်တိုက်ရိုက်သက်ဆိုင်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုလည်း သတင်းအချက်အလက်တွေ အသိပေးနိုင်ဖို့လိုတယ်လို့လည်း မြင်ပါတယ်။

"အဓိကကတော့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေကိုလည်း အသိပေးနိုင်ဖို့ လိုတယ်လို့မြင်ပါတယ်။ ဒါတွေကို ဘယ်လိုအသိပေးနိုင်မလဲဆိုတဲ့အချက်ကို စဉ်းစားရမှာဖြစ်ပါတယ်။ နောက်တစ်ခု ပိုပြီးအရေးကြီးတဲ့အချက်က တိုင်းပြည်တွင်းမှာနေထိုင်တဲ့ နိုင်ငံသားတွေကိုယ်တိုင်က ဒီအကြောင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ တကယ့်အနေအထားအမှန်ကို တိတိကျကျ မှန်မှန်ကန်ကန်သိရှိပြီး ဒီအနေအထားဟာ မိမိတို့တိုင်းပြည်အတွက် ဘယ်လိုဆုံးရှုံးမှုတွေ သက်ရောက်နိုင်တဲ့ အနေအထားရှိတယ်ဆိုတာကို သေသေချာချာမြင်ပြီးတော့ ဖြေရှင်းဆောင်ရွက်ဖို့၊ ဆောင်ရွက်တဲ့အခါမှာလည်း ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်သင့်တယ်၊ ဒါကမှန်ကန်တယ်၊ မမှန်ကန်ဘူးစတာတွေကို မှန်မှန်ကန်ကန်သုံးသပ်တတ်ပြီးတော့ အမြော်အမြင်ရှိစွာနဲ့ ဆုံးဖြတ်နိုင်ဖို့ ဒီအခြေအနေနဲ့ပတ်သက်ပြီး သတင်းအချက်အလက်ရော အသိအမြင်ပါပေးတဲ့အလုပ်ကို လုပ်ဖို့လိုအပ်တယ်လို့ထင်ပါတယ်"ဟု ပြောကြားသည်။

## ကဏ္ဍအလိုက်ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက်မီဒီယာများနှင့် ဖိတ်ကြားထားသူများက ၎င်းတို့၏ထင်မြင်ယူဆချက်၊ ကိုယ်ပိုင်အမြင်များကို ကဏ္ဍအလိုက် လွတ်လပ်စွာ ပွင့်လင်းစွာ ပြန်လည်ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC)မှ ဦးသီဟစောနှင့် ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)မှ ဦးရဲမင်းဦးနှင့် ဒေါ်အိအိတင်၊ မြန်မာစာနယ်ဇင်းသမဂ္ဂ (MJU)မှ ဦးဝဏ္ဏနှင့် ဦးဇော်သက်ထွေး၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)မှ ဦးမြင့်ကျော်၊ ကာတွန်းဆရာအသင်းမှ အော်ပီကျယ်နှင့် ဦးမိုးထက်မိုး၊ ရွှေသံလွင်မီဒီယာဂရုမှ ဦးကိုကိုနှင့် ဦးသိုက်ထွန်း၊ Forever Media Group မှ ဦးမိုးကောင်းနှင့် ဦးခင်မောင်ဌေး၊ Eleven Media Group မှ ဦးဝေဖြိုး၊ The Voice မှ ဦးဇေယျာသူနှင့် ဦးကျော်မင်းဆွေ၊ 7 Day Media မှ ဦးနန္ဒ၊ Frontier မှ ဦးဆန်နီဆွေ၊ မြန်မာတိုင်းမ်မှ ဦးသိန်းထွန်း၊ Mizzima မှ ဦးစိုးမြင့် ၊ DVB မှ ဦးတိုးဇော်လတ်၊ ရွှေဝတီမှ ဦးကျော်စွာမိုး၊ ပညာရှင် ဦးမော်လင်းနှင့် ဦးအေးမောင်ကျော်၊ လျှပ်တစ်ပြက်ဂျာနယ်မှ ဦးမြတ်ခိုင်၊ The First Weekly မှ ဦးအောင်စိုးသူ၊NLD ဗဟိုသုတေသနဌာနမှ ဦးမျိုးရန်နောင်သိန်း၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်နှင့် ဦးမြအေး၊ စာရေးဆရာ ဦးနေဘုန်းလတ်၊ ပြည်သူ့အရေးဂျာနယ်မှ ကိုဝ၊ MNTV မှ ဦးအောင်မျိုးလွင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အဓိကအားဖြင့် သတင်းအမှန်များကို ပြည်တွင်းနှင့် နိုင်ငံတကာသို့ ယခုလက်ရှိအခြေအနေထက် ပိုမိုပျံ့နှံ့စေရေးနှင့် နိုင်ငံတကာတွင် ပျံ့နှံ့နေသောသတင်းအမှားများကို တုံ့ပြန်ဖြေရှင်းရာတွင် သတင်းအမှားများကို သတင်းအမှန်များဖြင့် ပြန်လည်တုံ့ပြန်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယနေ့ ဆွေးနွေးချက်များအပေါ်အခြေခံပြီး လတ်တလော ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် တင်ပြဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့်ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများပျံ့နှံ့နေမှုအပေါ် သတင်းမီဒီယာအဖွဲ့အစည်းများနှင့် မီဒီယာများ ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဖြေရှာမည်

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ရဲထွင်**

ရန်ကုန် အောက်တိုဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် လက်ရှိဖြစ်ပေါ်နေသော ရခိုင်ပြည်နယ်မြောက်ပိုင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းအချို့တွင် သတင်းမှားများ ပျံ့နှံ့နေမှုများအပေါ် သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းအခြေစိုက် မီဒီယာများနှင့် တွေ့ဆုံပြီး မီဒီယာဆိုင်ရာ ကိစ္စရပ်များဆွေးနွေးမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။**



ဦးသီဟစော



ဦးကိုကို



ဦးကျော်စွာမင်း



ဦးကျော်မင်းဆွေ

ဆွေးနွေးပွဲတွင် သတင်းမီဒီယာအဖွဲ့အစည်းများနှင့် ပြည်တွင်းအခြေစိုက် မီဒီယာများသည် ၎င်းတို့၏ ထင်မြင်ယူဆချက်၊ ကိုယ်ပိုင်အမြင်များကို Brainstorming ပုံစံမျိုးဖြင့် ကဏ္ဍအလိုက် ဆွေးနွေးအကြံပြုခဲ့ကြပြီး ဆွေးနွေးမှုတွင်ပါဝင်ခဲ့ကြသည့် သတင်းမီဒီယာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် သတင်းစာဆရာများကို တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးသီဟစော (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး)**

ဒီနေ့ကတော့ ပြန်ကြားရေးဝန်ကြီးဌာနကနေ ဖိတ်ကြားပြီးတော့ Brainstorming Section ပုံစံမျိုးဆွေးနွေးတာပါ။ ကျွန်တော်တို့ သတင်းမီဒီယာမှာရှိတဲ့ မီဒီယာသမားအစုံပါရှိပါတယ်။ အဲဒီလိုပဲ သတင်းမီဒီယာအဖွဲ့အစည်းတွေအပြင် နိုင်ငံရေးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေက သူတွေလည်း ပါဝင်ပါတယ်။ အဓိကကတော့ Information Policy နဲ့ Media Policy မှာဘာတွေအားသာချက်၊ အားနည်းချက်တွေရှိသလဲ။ ဘာတွေလုပ်စေချင်ကြသလဲ ဆိုတာတွေကို ဝိုင်းဝန်းဆွေးနွေးကြပါတယ်။ အဓိကအချက်နှစ်ချက်ကတော့ ဘာသာစကားအနေနဲ့ ပြန်ထိုးဖောက်ဖို့ရယ်၊ ဘာသာစကားကျွမ်းကျင်မှုလိုတဲ့ အပြင်မီဒီယာတွေရဲ့ ထိုးဖောက်နိုင်စွမ်းတဲ့ Capacity ရယ်။ ကျွန်တော်တို့ဘက်က မီဒီယာတွေက Professional ပီသဖို့၊ အဓိက အချက်နှစ်ချက် လိုတယ်လို့ပြောတယ်။ ဒါပေမယ့် သတင်းသမားတွေက ပြန်ပြောတယ်။ အဲဒီနှစ်ခုရှိတယ်ပဲထားဦး။ သတင်းရယူခွင့်တွေ အားနည်းနေမယ်ဆိုလို့ရှိရင်တော့ သတင်းက အားနည်းနေမှာပဲ။ သတင်းသမားက သတင်းရယူခွင့် ရမှ၊ သတင်းရှိတဲ့နေရာကို သွားခွင့်ရမှ သူ့ရဲ့သတင်းဦး၊ သတင်းထူးရမယ်။ အဲဒါဆိုရင်တော့ အဲဒီသတင်းက ဘယ်ဘာသာစကားနဲ့ ထုတ်ထုတ် ထိရောက်မှုရှိမယ်ဆိုပြီး သတင်းသမားတွေဘက်က ထောက်ပြပါတယ်။

ဒီဆွေးနွေးပွဲကနေ အများကြီး အထောက်အကူဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရမှာမီဒီယာပေါ်လစီနဲ့ ပတ်သက်လို့ ပြင်စေချင်တဲ့အဆင့်အထိ ပြောတာတွေရှိတယ်။ မီဒီယာပေါ်လစီမှာရှိတဲ့ အားနည်းချက်တွေကို ထောက်ပြတာတွေလည်းရှိပါတယ်။ ဒီနေ့မှာတော့ သုံးသပ်ချက်တွေ၊ အဖြေတွေမထွက်သေးပါဘူး။ အားလုံးတင်ပြသွားတာတွေကို ဝန်ကြီးအနေနဲ့ မှတ်သားသွားပါတယ်။ တင်ပြတဲ့အထဲက ဘုံတူတဲ့အချက်တွေကို စုဆောင်းပြီးတော့ ဒီကနေ့ ဆွေးနွေးကြတဲ့သူတွေကို ပြန်ပြီးဖြန့်ဝေလိမ့်မယ်။ အဲဒီလိုဖြန့်ဝေပြီးတော့မှ နောက်တစ်ဆင့် ဘာလုပ်မလဲဆိုတာမျိုးဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)**
**သတင်းစာဆရာ**

ဒီနေ့အဓိကတွေ့တာကတော့ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ကိစ္စတွေနဲ့ ဆက်စပ်ပြီး မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံတကာက မီဒီယာကြီးအချို့ အပါအဝင် မဟုတ်မမှန် လုပ်ကြံနေတဲ့ သတင်းတုတွေနဲ့ ပတ်သက်ပြီး သတင်းမှန်တွေနဲ့ မှားယွင်းနေတဲ့ သတင်းတွေအပေါ်မှာ ဘယ်လိုပြန်ချေဖျက်သင့်သလဲ။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးအနေနဲ့ အကြံဉာဏ်ယူတယ်။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတယ်။ အဲ့ဒီအထဲမှာ တစ်ယောက်ချင်းစီ ဆွေးနွေးပြီးတော့ တူညီတဲ့အချက်အလက်တွေ စုစည်းတယ်။ ချက်ချင်း အကောင်အထည်ဖော်လို့ရတဲ့ အရာတွေကို ချက်ချင်းအကောင်အထည်ဖော်မယ်လို့ ဝန်ကြီးက ပြောတယ်။ အချို့ကတော့ ဝန်ကြီးလုပ်ပိုင်ခွင့်ထက် ကျော်လွန်စဉ်းစားရမယ့် ကိစ္စဆိုရင် သက်ဆိုင်ရာကို ဆက်တင်ပြမယ့် သဘောရှိပါတယ်။ မီဒီယာသမားတွေရဲ့ဆွေးနွေးချက်တွေ အတော်များများက တူညီကြတော့ အဲ့ဒီအရာတွေပေါ်မှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆက်လက် အကောင်အထည်ဖော်မလဲဆိုတာပဲ စောင့်ကြည့်ရပါမယ်။

တော်တော်များများ ဆွေးနွေးတဲ့အချက်ထဲမှာတော့ အဖွဲ့တွေ ဖွဲ့သွားရင် ကောင်းမလားပေါ့။ စိတ်ပါလက်ပါရှိတဲ့ မီဒီယာသမားတွေနဲ့ ကျွမ်းကျင်တဲ့သူတွေ ဖွဲ့ပြီးတော့ ဒီပေါ်မှာ လုပ်ကြမလား။ အချို့ပြောတာကတော့ သတင်းအချက်တွေ ဒီဘက်မှာ ပေးနိုင်မှုက နှေးကွေးတယ်။ ဒါတွေကို ဒီထက်ပိုပြီး မြန်မြန်ဆန်ဆန် ပေးနိုင်မလားပြောတယ်။ ဒီအထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့အချက်ကတော့ ကျွန်တော်တို့ ပြည်တွင်းမီဒီယာတွေက ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီး မှန်ကန်တဲ့ အနေအထားဘက်က ရေးသားနေတာပဲ။ ဒါပေမယ့် ကမ္ဘာက ဘာကြောင့် မသိသလဲဆိုတော့ ကိုယ့်ပြည်တွင်းမှာပဲ မြန်မာစာနဲ့ ရေးသားနေကြလို့ပါ။ အဲ့ဒီအတွက် နိုင်ငံတကာသုံးဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်ဘာသာနဲ့ ပြည်တွင်းမီဒီယာတွေက ရေးသားတဲ့ ကောင်းတဲ့အချက်တွေပေါ့။ အဲ့ဒါတွေကို စုပေါင်းပြီးတော့ အင်္ဂလိပ်လို ဘာသာပြန်ပြီး ပြန်ဖြန့်မလားပေါ့။ ရောဂါကိုပျောက်ကင်းအောင် ကုသဖို့အတွက်ကတော့ ရေရှည်မှာ ဒီထက်ပိုစနစ်ကျတဲ့ ကျွမ်းကျင်ပြီး ပရော်ဖက်ရှင်နယ်ဆန်တဲ့ စီမံချက်တစ်ခုကတော့ လိုလိမ့်မယ်ထင်ပါတယ်။

ဒီနေ့လုပ်တာက မီဒီယာကို မီဒီယာနဲ့ ပြန်တိုက်ဖို့ အစည်းအဝေးလုပ်တာမဟုတ်ဘူး။ အဓိကအချက်က မှန်ကန်တဲ့သတင်းတွေကို ကမ္ဘာ့ပရိသတ်ဆီ ဘယ်လိုရောက်အောင်ပို့မလဲ ဆိုတာကို စဉ်းစားတာ။ တူညီတဲ့ ရလဒ်ကိုပြောတဲ့အခါမှာ ရည်မှန်းချက်တူပေမယ့် သွားတဲ့လမ်းကြောင်းက တူချင်မှတူမှာပေါ့။ ဒါပေမယ့် အများစု ဆွေးနွေးချက်တွေက တော်တော်တူညီပါတယ်။ ရခိုင်အရေးကိစ္စနဲ့ ပတ်သက်ပြီး ဘာလုပ်ရမယ်ဆိုတာ ဝိဝါဒကွဲပြားတာမရှိဘူး။ တစ်ခုပဲ ပြောကြတယ်။ သတင်းအမှားကို သတင်းအမှားနဲ့ ပြန်မတုံ့ပြန်မိဖို့၊ ကျင့်ဝတ်စည်းကမ်းနဲ့အညီ လုပ်ကိုင်ဖို့၊ လုပ်တဲ့အခါမှာလည်း မီဒီယာတွေ ကိုယ်၌က အစွန်းရောက်စေမယ့်ကိစ္စတွေကို သတိထားဖို့ ဆိုတာတွေတော့ တူညီပါတယ်။

**ဦးကျော်စွာမင်း (မြန်မာနိုင်ငံသတင်းစာဆရာအသင်း အထွေထွေအတွင်းရေးမှူး)**

ထူးခြားတာက ကျွန်တော်တို့သတင်းမီဒီယာတွေမဟုတ်ဘဲ နိုင်ငံရေးနယ်ပယ်မှာ လူသိထင်ရှားဖြစ်တဲ့ ကိုမင်းကိုနိုင်နဲ့ ကိုမြအေးတို့ရော ဝင်ရောက်ဆွေးနွေးတာ တွေ့ရတယ်။ အဓိကအကြောင်းအရာက သတင်းအမှန်တွေကို ကမ္ဘာက သိအောင် သတင်းမီဒီယာအားနဲ့ ဘယ်လိုချပြမလဲဆိုတဲ့ စုစည်းမှုနဲ့ပတ်သက်ပြီး အားနည်းတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည် (capacity) ကို မြှင့်ရမယ်။ အင်္ဂလိပ်ဘာသာနဲ့ ထုတ်တဲ့သတင်းမီဒီယာနည်းတယ်။ အင်္ဂလိပ်လို ဘာသာပြန်ထုတ်နိုင်ဖို့ဆိုတာတွေ ဆွေးနွေးတယ်။ နောက်တစ်ခါ ရခိုင်မှာပဲဖြစ်ဖြစ်၊ မောင်တောမှာပဲဖြစ်ဖြစ် စင်တာကြီးတစ်ခုလုပ်ပြီး သတင်းတွေကို ဖြန့်ကြက်ပေးနိုင်အောင် ဆိုတာမျိုးတွေ ကျွန်တော်တို့ဘက်က အကြံပြုဆွေးနွေးတယ်။ နောက်ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းနိုင်အောင်၊ သတင်းစာရှင်းလင်းပွဲတွေ အမြန်ဆုံးလုပ်ပေးနိုင်အောင်မျိုးတွေ အကြံပြုပြောဆိုဆွေးနွေးခဲ့တာရှိတယ်။ ပုဂ္ဂလိကမီဒီယာရော နောက် အစိုးရအနေနဲ့ရော ပူးပေါင်းပြီး institution ကောင်းကောင်းနဲ့ နိုင်ငံတကာစာမျက်နှာဆီကို၊ နိုင်ငံတကာအသိုင်းအဝိုင်းကို မြေပြင်သတင်းအမှန်တွေ ဖော်ထုတ်ပေးနိုင်အောင် ဆောင်ရွက်သွားဖို့ သဘောတူဆွေးနွေးတာရှိတယ်။ ဒါပေမယ့် အချိန်လုံလောက်မှုမရှိလို့ ပြည်ထောင်စုဝန်ကြီးကပဲ ပူးပေါင်းဆောင်ရွက်မယ် ပြောတယ်။

နိုင်ငံတကာက ထုတ်ပြန်တဲ့ သတင်းအမှားတွေဆိုတာတော့ စာနယ်ဇင်းကောင်စီက ဦးသီဟစော တင်ပြတာက ကျန်တဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး monitoring committee လုပ်မယ်။ အဲ့ဒီလိုစောင့်ကြည့်မယ့် ကော်မတီက ဘယ်သတင်းတွေကတော့ ဘယ်လိုပုံစံမျိုးဖြစ်တယ်။ ဘက်လိုက်မှုဖြစ်တယ်။ သတင်းအမှားဆိုတာမျိုးကို ပြန်စိစစ်မယ်။ ဒါက တစ်ဖက်တည်းလုပ်မှာမဟုတ်ဘဲ ပြည်တွင်းသတင်းရော နိုင်ငံတကာသတင်းတွေပါ ကြည့်ပြီး သုံးသပ်ပြီး ဆောင်ရွက်သွားဖို့ ပုံစံမျိုး ဦးသီဟစောက ဆွေးနွေးတယ်။

ပြည်တွင်းသတင်းဂျာနယ်တွေမှာ ရခိုင်ပဲဖြစ်ဖြစ်၊ မောင်တောနဲ့ပဲဖြစ်ဖြစ် ပတ်သက်တဲ့ သတင်းကောင်းတွေရှိတယ်။ ဒါကို ပြန်ကြားရေးဘက်က အဖွဲ့အစည်းတွေက ဘာသာပြန်ပြီး တင်ပေးဖို့ ဆွေးနွေးတယ်။ ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂလိက သတင်းမီဒီယာတွေက ကိုယ်တိုင်ရပ်တည်ဖို့တောင် ခဲယဉ်းနေတော့ ကျွမ်းကျင်တဲ့ ဘာသာပြန် မငှားနိုင်ဘူး။ ဒါကြောင့် ပြန်ကြားရေးကပဲ ဘာသာပြန်ပေးနိုင်တဲ့ အဖွဲ့တစ်ခုထားပြီး တင်ပေးနေဖို့ ကျွန်တော်တို့ အကြံပြုခဲ့တယ်။

ဒါက နိုင်ငံတကာကို ရောက်မလားဆိုတော့ ရောက်နိုင်တဲ့နည်းက နိုင်ငံတကာမီဒီယာတွေကိုလည်း ရန်သူလိုသဘောမထားဘဲ သတင်းအမှန်ဖြစ်ပါတယ်ဆိုတဲ့ ပုံစံမျိုး ဖြန့်ပေးဖို့လိုတယ်။ အဖြစ်အပျက်တစ်ခုဖြစ်ပြီဆိုတာနဲ့ အစိုးရပိုင်းက အရေးကြီးတဲ့ တာဝန်ရှိပုဂ္ဂိုလ်က ချက်ချင်းထွက်ပြီး ပြောပြနိုင်ရမယ်။ ကျွန်တော်တို့ ပြောပြတာထက် စာရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လို လူမျိုးကပြောရင် ပိုထိရောက်တယ်။

**ဦးကျော်မင်းဆွေ (The Voice အယ်ဒီတာချုပ်)**

လက်ရှိရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ အရေးကိစ္စနဲ့ပတ်သက်ပြီး မီဒီယာတွေကဘယ်လို ဝိုင်းပြီး ကူညီမလဲ၊ နိုင်ငံတကာမှာပုံဖျက်ပြီး သတင်းအမှားတွေ တင်နေတဲ့ ကိစ္စတွေ၊ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ထိခိုက်နေတဲ့ကိစ္စတွေကို မီဒီယာနည်းနဲ့ ဘယ်လိုပြန်ပြီး တုံ့ပြန်ကြမလဲဆိုတာတွေကို အဓိကထားပြီး ဆွေးနွေးကြတယ်။ အားလုံးက ဝိုင်းပြီးတော့ အကြံပေးကြတာပါ။ မီဒီယာတွေအနေနဲ့ ပြန်လည်ပြီး တုံ့ပြန်နိုင်ဖို့အတွက် စုဖွဲ့ထားတဲ့ မီဒီယာစင်တာတစ်ခုပေါ်ဖို့ အများစုက ဆွေးနွေးကြတာရှိတယ်။ နောက်တစ်ခုက အမှားဖြစ်နေတဲ့သတင်းတွေကို သတင်းအမှန်နဲ့ ပြန်ပြီးတုံ့ပြန်ကြဖို့၊ တကယ်မြေပြင်မှာဖြစ်နေတဲ့ သတင်းတွေနဲ့တုံ့ပြန်ဖို့၊ တုံ့ပြန်တဲ့အခါမှာလည်း နိုင်ငံတကာမီဒီယာတွေအတွက် ဘယ်လိုနည်းလမ်း၊ ဒေသတွင်းနဲ့ ပြည်တွင်းအတွက် ဘယ်လိုနည်း စတဲ့နည်းလမ်းတွေကို ဆွေးနွေးတာရှိတယ်။

နောက်တစ်ချက်ကတော့ တုံ့ပြန်တဲ့အခါမှာ သတင်းရယူခွင့်ပေါ့။ မြေပြင်မှာဖြစ်နေတဲ့ ပကတိအခြေအနေမှန်ကိုသိဖို့ အဲဒီနေရာကို သွားပြီး သတင်းရယူတဲ့အခါမှာ အခက်အခဲမရှိဖို့၊ အဆင်ပြေပြေ သတင်းရယူခွင့်ရှိဖို့၊ သတင်းသမားတွေရဲ့ လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတွေက အကာအကွယ်ပေးနိုင်ဖို့အတွက်ကိုလည်း ဆွေးနွေးကြတယ်။ သတင်းအမှန်သိမှ ဒီသတင်းအမှန်နဲ့ ခြေခြေမြစ်မြစ် ပိုင်ပိုင်နိုင်နိုင် ပြန်ပြီးတော့ ချေပတုံ့ပြန်လို့ရမှာလေ။ နောက်ထပ် အရေးကြီးတဲ့ တစ်ချက်ကတော့ ပြန်ကြားရေးဝန်ကြီးဌာနက ကမကထပြုပြီး ဒီပွဲကို စီစဉ်တာ အင်မတန်ကောင်းတဲ့အချက်ပါ။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး နိုင်ငံတကာက ထိထိရောက်ရောက် လုပ်နေတဲ့ အချိန်မျိုးမှာ ကျွန်တော်တို့ကတုံ့ပြန်တာ နည်းနည်းလေးအထနှေးတာမျိုးရှိပေမယ့် အခု အချိန်မီသေးတယ်လို့ ပြောရမှာပါ။ ကျွန်တော်ကတော့ လက်ရှိဖြစ်ပေါ်နေတဲ့ အနေအထားပေါ် မူတည်ပြီး နိုင်ငံတကာကို တုံ့ပြန်တဲ့ နည်းလမ်းတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ဥပမာတွေနဲ့ ထောက်ပြပြီး တင်ပြဆွေးနွေးခဲ့ပါတယ်။

---

**✱ ကျောဖုံးမှ**

တစ်လမ်းလုံးကို လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှစတင်၍ မိုင်တိုင်အမှတ် (၀/၀)မှ မိုင်တိုင်အမှတ် (၂၄၉/၀)အထိ ၂၄၉ မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)က တာဝန်ယူဆောင်ရွက်ပြီး မိုင်တိုင်အမှတ်(၂၄၉/၀)မှ (၃၃၀/၀)အထိ ၈၁ မိုင်ကို ခန္တီးခရိုင်က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မိုင်တိုင်အမှတ် (၀/၀)မှ မိုင်တိုင်အမှတ်(၁၈၆/၀)အထိ ၁၈၆ မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၈)က ဆက်လက်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းတွင် ထပ်မံဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများမှာ ကွန်ကရစ်လမ်းခင်းခြင်း၊ မြေကြီးတာပေါင်တင်ခြင်း၊ လျှောစောင်းနှိမ့်ချခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ အုတ်စီရေမြောင်းတည်ဆောက်ခြင်း၊ ကွန်ကရစ်တံတားများတည်ဆောက်ခြင်း၊ တံတားချဉ်းကပ်လမ်းများဖောက်လုပ်ခြင်း စသောလုပ်ငန်းများကို (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်မှ (၂၀၂၁-၂၀၂၂)ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။

**✤ ရှေ့ဖုံးမှ**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် "မင်းကျန်စစ်" ကလေးဆင်အဖွဲ့၏ အက၊ အလှယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ပြိုင်ပွဲဝင် ဆင်အဖွဲ့တို့က ပြိုင်ပွဲသတ်မှတ် စည်းကမ်းများနှင့်အညီ ဆက်လက်ယှဉ်ပြိုင်ကြသည်။

ကျောက်ဆည်မြို့ရွှေသာလျောင်းတောင်ခြေတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သီတင်းကျွတ်ဆင်လှူပွဲတော် ဆင်အက၊ အလှပြိုင်ပွဲတွင် ရိုးရာဆင်အဖွဲ့ ၁၆ ဖွဲ့၊ ဘော်ကြယ်ဆင်အဖွဲ့ သုံးဖွဲ့၊ ကလေးဆင်အဖွဲ့ ငါးဖွဲ့တို့ယှဉ်ပြိုင်ကြပြီး ယှဉ်ပြိုင်မှုအပြီးတွင် ဆုရရှိကြသော ပြိုင်ပွဲဝင်ဆင်အဖွဲ့တို့အား တာဝန်ရှိသူများက ဆုငွေများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

# ကမ္ဘာ့ဆရာများနေ့နှင့် မြန်မာ့ဆရာများ

စောအောင် (ပညာရေး)




**ကမ္ဘာ့ဆရာများနေ့**

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၅ ရက် (ကြာသပတေးနေ့) သည် ကမ္ဘာ့ဆရာများနေ့ (WORLD TEACHER'S DAY) ဖြစ်ပါသည်။ ဂုဏ်ကျက်သရေဝေဖြာမင်္ဂလာရှိသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ကမ္ဘာ့ဆရာများနေ့အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်များကို နှစ်စဉ်ထုတ်ပြန်လေ့ရှိပါသည်။ ၂၀၁၆ ခုနှစ်အတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့များက ကမ္ဘာ့ဆရာများနေ့အတွက် သတ်မှတ်ပေးထားသောဆောင်ပုဒ်မှာ-

**ဆရာများကို တန်ဖိုးထားလို့ သူတို့အဆင့်အတန်းကို မြှင့်တင်စို့ Valuing Teachers, Improving their Status** ဖြစ်ပါသည်။

**ကမ္ဘာ့ဆရာများနေ့ဖြစ်ပေါ်လာပုံ**

၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်တွင် အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများပါဝင်သော နိုင်ငံတကာအထူးညီလာခံက သမိုင်းမှတ်တိုင်တစ်ခုအဖြစ် မှတ်ယူရမည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြသော အိုင်အယ်လ်အိုနှင့် ယူနက်စကိုအဖွဲ့တို့ ပူးပေါင်းထောက်ခံအကြံပြုချက် (Recommendation) တွင် တင်ပြလိုသည့် ဆရာများ၏ ဂုဏ်ဒြပ်နှင့် သက်ဆိုင်သောတင်ပြချက်ကို ပူးတွဲလက်မှတ်ရေးထိုး အတည်ပြုမှုအပေါ်မူတည်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ရန် သဝဏ်လွှာထုတ်ပြန်၍ ကြေညာခဲ့သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့အဖြစ်သတ်မှတ်ရန် သဝဏ်လွှာထုတ်ပြန်ခဲ့သည့် (၅၁) နှစ်မြောက်နေ့ပင် ဖြစ်ပါသည်။

**အထူးညီလာခံကြီး၏ လမ်းညွှန်ချက်များ၊ ပညာရေးရည်မှန်းချက်နှင့် မူဝါဒ**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ အစိုးရအဖွဲ့များ၊ လူမှုရေးဆိုင်ရာအဖွဲ့များပါဝင်သည့် အထူးညီလာခံကြီး (Special Intergovernmental Conference) ကို ယူနက်စကိုက အိုင်အယ်လ်အိုနှင့် ပူးပေါင်း၍ ကျင်းပခဲ့ပါသည်။

ထိုညီလာခံကြီးတွင် လမ်းညွှန်ချက်များ၊ ပညာရေးရည်မှန်းချက်နှင့် မူဝါဒ၊ လုပ်ငန်းခွင်အတွက် ပြင်ဆင်မှု၊ ဆရာများအတွက် အဆင့်မြင့်သောပညာ (သက်ကြီးပညာရေး) သင်ယူမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ဆရာများရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ၊ ထိရောက်သောသင်ကြားသင်ယူမှု အခြေအနေဖန်တီးပေးခြင်း၊ ဆရာများ၏ လစာ၊ လူမှုရေးလုံခြုံမှု၊ ဆရာအင်အားမလုံလောက်မှုတို့ကို သတ်မှတ်ဖော်ပြခဲ့သည်။

**ကမ္ဘာ့ဆရာများနေ့ စတင်ကျင်းပခဲ့မှု**

ကမ္ဘာတွင် ဆရာရှားပါးလာမှုနှင့် အနာဂတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အဓိကကျသော ယနေ့ ဆရာကောင်းများအား ချီးကျူးဂုဏ်ပြုလိုသည့် ရည်ရွယ်ချက်ဖြင့် ၁၉၉၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှ စတင်ပြီး ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ခန့်တွင် ကမ္ဘာ့ဆရာများနေ့ကို စိတ်အားထက်သန်စွာ ကျင်းပလာခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှစ၍ အစိုးရအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ စတင်ကျင်းပခဲ့ရာမှ နှစ်စဉ်မပျက် ဆက်လက်ကျင်းပလာခဲ့သည်။

**ကမ္ဘာ့ဆရာများနေ့ကျင်းပရသည့် ရည်ရွယ်ချက်**

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအရ အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာသခင်များအပေါ် ထာဝစဉ်လေးစားတန်ဖိုးထားစေရန်၊ အာစရိယဆရာများနှင့် ဥပဇ္ဈာယ်ဆရာ အရည်အသွေးပြည့်ဝသောဆရာများ ပိုမိုပေါ်ထွန်းလာစေရန်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်စွာ ဆရာများနေ့အခမ်းအနားများကို ကျင်းပ၍ ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ဂုဏ်ပြုရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်သည်။

**မြန်မာ့ဓလေ့နှင့်မြတ်ဆရာ**

မြန်မာ့ဓလေ့တွင် သင်ဆရာ (မုတာစရိယ)၊ မြင်ဆရာ (ဒိဋ္ဌာစရိယ) နှင့် ကြားဆရာ (သုတာစရိယ)ဟူ၍ ဆရာအပါးသုံးပါးရှိသည်။ သင်ဆရာတို့သည်-

**အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ**
**သိပ္ပမချန်၊ ဘေးရန်ဆီးကာ**
**သင့်ရာအပ်ပို့ ဆရာတို့**
**ကျင့်ဖို့ဝတ်ငါးဖြာ**

ဟူ၍ ဆရာဝတ္တရားငါးပါးနှင့်အညီ တပည့်များကို ကျောသားရင်သား မခွဲခြားဘဲ စေတနာ၊ မေတ္တာ၊ ကရုဏာ၊ ဝါသနာ၊ စာနာ၊ အနစ်နာ၊ မုဒိတာတည်းဟူသော တရားများလက်ကိုင်ထား၍

> **၂၁ ရာစု ပညာခေတ်တွင် ဆရာဆရာမများအနေဖြင့် အနန္တဂိုဏ်းဝင်ဟူသော နှစ်သိမ့်ဂုဏ်ယူမှုဖြင့် ကျေနပ်မနေသင့်တော့ဟု ယူဆမိပါသည်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော အတွေးသစ်၊ အမြင်သစ်များဖြင့် မိမိတို့တပည့်များကို အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် ပညာအမွေပေးသင့်ပါသည်။ ဆရာ့ထက် တတ်သိကျွမ်းကျင်သော၊ ဆရာ့ထက် ထူးချွန်ထက်မြက်သော တပည့်များကို မွေးထုတ်ပေးရ**

သင်ကြားပို့ချပေးသူများဖြစ်ကြသည်။

မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ်ကြီးတွင်လည်း-

**ရှေးရှုမေတ္တာ၊ ကရုဏာဖြင့်**
**နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း**
**ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍**
**ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ**
**ဆရာဟူလော့**

ဟူ၍ ဆရာ၏သရုပ်ကို ပြဟ္မစိုရ်တရားတို့ဖြင့် ဖော်ကျူးတင်ပြခဲ့သည်။ မြန်မာ့ဓလေ့ ယဉ်ကျေးမှုနယ်ပယ်တွင် ဆရာသည် တပည့်များအဖို့ အမြဲမပြတ် ချစ်ကြောက်၊ ရိုသေစွာ ဆည်းကပ်ကိုးကွယ် အားထားရမည့် ပုဂ္ဂိုလ်များလည်း ဖြစ်သည်။

- ပန်းပဲဆရာအထုမခံရသောသံတုံး. . . လက်နက်မဖြစ်၊
- ကျောက်ဆစ်ဆရာအဖြတ်မခံရသော ကျောက်တုံး . . . အရုပ်မဖြစ်၊
- ဆရာကောင်းအဆုံးအမ မခံရသောတပည့် . . . သူကောင်းမဖြစ်။

ပထမရွှေကျင်ဆရာတော်ကြီး၏ မဖြစ်သုံးပါးသတိထား၍ အသိပွားရန် သတိပေးထားသည့် အဆုံးအမမှာ ပညာရေးတွင် သတိပြုမှတ်သားဖွယ်ရာပင်ဖြစ်ပါသည်။

**ဆရာကောင်းတပည့် ပန်းကောင်းပန်**
**ဆရာ မပြနည်းမကျ၊ ရသည့်ပညာမသေချာ**

မြန်မာဆိုရိုးစကားကဲ့သို့ ဆရာကောင်းထံမှ နည်းကောင်းလမ်းမှန်ကိုရယူပြီး အလေ့အကျင့်ကောင်းဖြင့် တတ်သိကျွမ်းကျင်မှုကိုရယူနိုင်သည့် တပည့်သာ ဘာသာရပ်၊ ပညာရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အလေ့အကျင့် စနစ်ဇယား နည်းနိဿယနှင့် စပ်လျဉ်း၍ဖြစ်စေ နည်းကောင်းလမ်းမှန်တို့ဖြင့် တတ်သိကျွမ်းကျင်လိမ္မာသော သူကောင်းဖြစ်လာမည်မှာ အမှန်ပင်။

ဆရာကောင်းထံ၌ တပည့်ခံ၍ ဆိုဆုံးမသွန်သင်မှုကို ကောင်းစွာရရှိခြင်း၊ ဆရာ၏ ထိရောက်ထက်မြက်သည့် သင်ပြမှုကို ကောင်းစွာ စနစ်ကျစွာ ခံယူရယူနိုင်ခြင်းကြောင့် တပည့်သည်လည်း ဆရာကောင်းတပည့် မုချအမှန် ဖြစ်လာရပေမည်။

ရှင်မဟာရဋ္ဌသာရသီကုံးရေးဖွဲ့ခဲ့သည့် သံဝရပျို့တွင် သံဝရမင်းသားသည် ဆရာကောင်းတပည့်အဖြစ် စံတင်လောက်သည့် မင်းသားတစ်ပါးဖြစ်သည်။ သားတော်ပေါင်းတစ်ရာရှိသည့်အနက် အငယ်ဆုံးသားထွေးဖြစ်သည်။ ဝါစဉ်အရလည်းကောင်း၊ အသက်အရွယ်အရလည်းကောင်း၊ ဖခင်ဘုရင်မင်းမြတ်၏ ထီးနန်းကိုဆက်ခံရန် မလွယ်ကူသော်လည်း ဆရာအမတ်ကြီး၏ ပြောဆိုဆုံးမသည့်အတိုင်း လိုက်နာကျင့်ကြံဆောင်ရွက်မှုကြောင့် နောက်ဆုံးတွင် ဖခင်ဘုရင်ကြီး၏ ထီးနန်းကို ဆက်ခံခဲ့ရသည့်အဖြစ်မှာ ဆရာကျေးဇူးမြင့်မိုရ်ဦးပင် ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအရမူ မြန်မာနိုင်ငံတွင် နေ့စဉ်နေ့တိုင်း ဆရာနေ့ဖြစ်သည်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာမှန်သမျှကို ရတနာသုံးပါးနှင့် တစ်တန်းတည်းထားကာ အနန္တောအနန္တငါးပါးဟူ၍ ရိုသေကိုင်းရှိုင်းစွာ နေ့နေ့ညည အချိန်အခါမရွေး ရှိခိုးပူဇော်လေ့ရှိကြသည်။

မြတ်စွာဘုရားမှလွဲလျှင် ပညာအရာ၌ အကြီးဆုံး တေဒဂ်ရတော်မူသည့် အရှင်သာရိပုတ္တရာ မထေရ်ကြီးသည်ပင် ဆရာအရှင်အဿဇိ ဟော၍ သောတာပန်ဖြစ်ရသည်ကို အကြောင်းပြုပြီး ဆရာအရှင်းသတ်မှတ်ကာ ဆရာရှိရာအရပ်သို့ ရှေးရှုပြီး ဦးခေါင်းရင်း၌ ငါ့ဆရာရှိသည် မည်စေသတည်း ဟူ၍ ဆောက်တည်ကြောင်း မှတ်သားနာယူရပါသည်။

**လက်ဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ** ဟူ၍ ဆိုရိုးအတိုင်း မိဘများသည် လက်ဦးဆရာဖြစ်ကြပေရာ မိဘနှင့် ဆရာကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထားရှိမှုမှာ အလွန်သက်ဝင်ရသည့် တန်ဖိုးဖြစ်ပါသည်။ မိဘသည် သားသမီးတို့အတွက် လက်ဦးဆရာ၊ ဆရာသည် တပည့်တို့အတွက် မိဘ၊ ဆရာ့နှလုံးသား၊ ဆရာ့မေတ္တာ၊ ဆရာ့စေတနာ၊ ဆရာ့အပြုအမူတို့သည် မိဘတို့၏ နှလုံးသား၊ မိဘတို့၏ မေတ္တာစေတနာ၊ မိဘတို့၏ အပြုအမူဖြစ်၍ အလေးအမြတ်ခံယူရပါမည်။

**၂၁ရာစု ပညာခေတ်နှင့် မြတ်ဆရာတို့၏ မွန်မြတ်သောတာဝန်**

နိုင်ငံတကာပညာရေးလောကတွင် **ပညာရေးအရည်အသွေးသည် ဆရာများ၏ အရည်အချင်းပေါ်တွင် များစွာတည်မှီ၏** ဟူသော အဆိုအမိန့်တစ်ခုရှိသည်။ အကြောင်းအရင်းကို စေ့ငုစွာရှာဖွေပါလျှင် ပညာရေးလုပ်ငန်းစဉ်ကြီးတွင် ဆရာသည် ပင်မအဓိကကျသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဖြစ်သည်။ ဆရာသည် စည်းရုံးသူ၊ ဦးဆောင်သူ၊ သင်ပြသူ၊ စံနမူနာပြသူ၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သူ စသည်ဖြင့် မြားမြောင်လှသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေရသူဖြစ်သည်။

၂၁ ရာစု ပညာခေတ်တွင် ဆရာဆရာမများအနေဖြင့် အနန္တဂိုဏ်းဝင်ဟူသော နှစ်သိမ့်ဂုဏ်ယူမှုဖြင့် ကျေနပ်မနေသင့်တော့ဟု ယူဆမိပါသည်။ ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော အတွေးသစ်၊ အမြင်သစ်များဖြင့် မိမိတို့တပည့်များကို အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် ပညာအမွေပေးသင့်ပါသည်။ ဆရာ့ထက် တတ်သိကျွမ်းကျင်သော၊ ဆရာ့ထက် ထူးချွန်ထက်မြက်သော တပည့်များကို မွေးထုတ်ပေးရပါမည်။

နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြစ်သော သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအဆင့်မြင့်မားရေး၊ သိပ္ပံလက်တွေ့ခန်းများ၊ မီဒီယာခန်းများနှင့် သင်ထောက်ကူပစ္စည်းများအား ထိရောက်စွာအသုံးပြုသင်ကြားရေး၊ (ကျောင်းသားကျောင်းသူများ) စည်းကမ်းလိုက်နာရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး၊ ကျောင်းတက်မှန်ကန်ရေး၊ လိမ္မာရေးခြားရှိပြီး နိုင်ငံ့အကျိုးပြုသားကောင်းများ ဖြစ်ထွန်းပေါ်ထွက်လာရေးတို့အတွက် ကျရာတာဝန်၊ ကျရာအခန်းကဏ္ဍမှ တိကျစွာလိုက်နာဆောင်ရွက်လိုသည့် စိတ်ဓာတ်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့မှစ၍ မြန်မာ့ဆရာများအနေဖြင့် သန္နိဋ္ဌာန်ချမှတ်ကြမည်ဆိုပါလျှင်. . . .။ ။

---

## မီးဘေး ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင်းရှိ သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၌ ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါကျွတ်ကာလ သီတင်းကျွတ်လပြည့်မီးထွန်းပူဇော်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ထွန်းညှိပူဇော်သွားမည်ဖြစ်ရာ ဆီမီးများ ပူဇော်ရာတွင် မီးဘေးအန္တရာယ် ကင်းဝေးစွာပူဇော်နိုင်ရေးအတွက် အောက်တိုဘာ ၃ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်မောင်မြင့်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်ဒုတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် အရန်တပ်ဖွဲ့ဝင်များ၊ ကျိုက္ကစံစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဝေ၊ အဖွဲ့ဝင် ဦးကိုကိုလတ်၊ ရုံးအဖွဲ့မှူး ဦးသိန်းအေးနှင့် လုံခြုံရေးအဖွဲ့များ၊ ဈေးဆိုင်ခန်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဘုရားပရိဝုဏ်အတွင်းရှိ ဈေးဆိုင်ခန်း ၁၂၀ ကျော်တို့အား မီးဘေးကြိုတင် ကာကွယ်ရေးများအား လှည့်လည်စစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် ဆိုင်ခန်းများ၌ မီးကြိုတင်ကာကွယ်ရေးပစ္စည်းများအား ခေတ်စနစ်နှင့်အညီ ခေတ်မီမီးသတ်ဆေးဘူးများ ပြောင်းလဲထားရှိပြီး အချိန်တိုအတွင်း ငြိမ်းသတ်ရေး၊ မီးများသုံးစွဲရာ၌လည်း စနစ်တကျစီမံသုံးစွဲကြရန်တို့ကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်ကြည် (သဃ်န်းကျွန်း)

# ARSA အစွန်းရောက်အကြမ်းဖက်သမားများက တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီး ရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် မြောက်ခြမ်း၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုခံရပြီး တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် မောင်တောမြို့နယ် ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင်အမျိုးသမီး ရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦး စုစုပေါင်း ၁၆ ဦး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဝင်များအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ ဒုက္ခသည်စခန်းတွင် အသက်မသေဘဲ ရောက်ရှိနေသည်ဟု သတင်းထွက်ပေါ်နေသော ဟိန္ဒူဘာသာဝင် အမျိုးသမီးခြောက်ဦးနှင့် ကလေးငယ် သုံးဦးတို့အား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေး နယ်ခြားစောင့်တပ်များအချင်းချင်း တောင်းခံထားပြီးဖြစ်သော်လည်း သံတမန်လမ်းကြောင်းမှတစ်ဆင့်လည်း ထပ်မံတောင်းခံသွားရန် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်လမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် တောင်းခံခဲ့သည့်အပြင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အောက်တိုဘာလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ သွားရောက်ခဲ့သော ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွင် ရောက်ရှိနေသော ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။

ယခုအခါ ARSA အစွန်းရောက်အကြမ်းဖက်သမားများက တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင် ဒုက္ခသည်စခန်းမှ ဟိန္ဒူဘာသာဝင် အမျိုးသမီး ရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦး စုစုပေါင်း ၁၆ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ပြန်လည်ရောက်ရှိလာသူများမှာ မရီခါး (၂၅နှစ်)၊ မအော်နီကာ (၂၀နှစ်)၊ မဖော်မီလာ (၁၈နှစ်)၊ မဂေါင်ဂါ(၂၀နှစ်)၊ မဂူရဘူနီ (ခေါ်) ရှူရှီလာ(၁၉ နှစ်)၊ မဘီနာဖာလာ(၂၂နှစ်)၊ မပူရ်ဂျာ(ခေါ်)ရစ်စနာ(၁၈နှစ်)၊ မရာချ်ကူမာရီ (၁၅ နှစ်)တို့ဖြစ်ကြပြီး ၎င်းတို့မှာ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရဲဘော်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင်များအား အကြမ်းဖက်သမားများက အဓမ္မဖမ်းဆီးခေါ်ဆောင်၍ ၎င်းတို့၏မျက်စိရှေ့တွင် အစုလိုက်အပြုံလိုက် ရက်စက်စွာ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူတူပါလောင် ဒုက္ခသည်စခန်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦးတို့က တာဝန်ရှိသူများအား ၎င်းတို့ တွေ့ကြုံရသည်များကို ပြန်လည်ပြောပြစဉ်

သတ်ဖြတ်ခဲ့မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့ရကြောင်း သိရသည်။

ပြန်လည်ရောက်ရှိလာသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီးများ၏ ဖွင့်ဟပြောဆိုချက်များအရ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခန့်တွင် ဝတ်စုံအမည်းဝတ်ဆင်ထားသည့် နိုင်ငံခြားသား အကြမ်းဖက်ခေါင်းဆောင် အပါအဝင် ခမောင်းဆိပ်ကျေးရွာမှ အကြမ်းဖက်ခေါင်းဆောင် နိုရှုလောက်တို့ ဦးဆောင်သော ခမောင်းဆိပ်ကျေးရွာမှ ဘင်္ဂါလီရွာသား ၅၀၀ ခန့်သည် ရဲဘော်ကျကျေးရွာသို့ ရောက်ရှိလာကြောင်း၊ ယင်းရွာသားများတွင် ရော်ဖီ၊ ဟာမိ၊ ဟယ်ရာ၊ လာကိုရာ၊ မာမက်ဒူလောက်၊ ဖာရီကာနှင့် ဖေရယ်နာ ဆိုသူများ ပါဝင်သည်ကို မှတ်မိကြောင်း၊ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများနှင့် တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ထားသည့် လူအုပ်စုကြီးသည် ရွာအတွင်းရှိ ဟိန္ဒူဘာသာဝင်နေအိမ်များသို့ တစ်ပြိုင်တည်း ဝင်ရောက်၍ ရွှေ၊ ငွေ အဖိုးတန်ပစ္စည်းများနှင့် တယ်လီဖုန်းများကို လုယူသိမ်းဆည်းပြီး ဘုရားကျောင်းဆောင်များအား ဖျက်ဆီးခဲ့ကြောင်း။

ယင်းနောက် ကျေးရွာအတွင်းရှိ အမျိုးသားများ၏ မျက်နှာအား အဝတ်နှင့် စည်းနှောင်ခြင်း၊ လက်နောက်ပြန်ကြိုးတုပ်ခြင်းများ ပြုလုပ်၍ ရွာသူရွာသားများအား ယောကျ်ား၊ မိန်းမ သီးခြားစီခွဲ၍ ဘော်တလာကျေးရွာဘက်သို့ ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်ခဲ့ပြီး လိုက်ပါရန် ငြင်းဆန်ရုန်းကန်သူများအား တုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက် ခေါ်ဆောင်ခဲ့ကြောင်း၊ ဘော်တလာကျေးရွာအနီးတွင် မြေကျင်းနှစ်ကျင်းတူးထားသည်ကို တွေ့ရှိရပြီး ရွာသားများ ရောက်ရှိပြီးနောက် နောက်ထပ် ကျင်းတစ်ကျင်း ထပ်မံတူးခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများက ယောကျ်ားများအား ဦးစွာ လည်လှီး၍သတ်ခြင်း၊ ဓားများဖြင့် ခုတ်၍ သတ်ဖြတ်ခြင်းများ ပြုလုပ်ပြီး ကျင်းများအတွင်း မြှုပ်နှံခဲ့ကြောင်း။

ယင်းနောက် ကျန်ရှိသည့် မိန်းမများနှင့် ကလေးများအား ထပ်မံသတ်ဖြတ်ပြီး ကျင်းများအတွင်း မြှုပ်နှံခဲ့ကြောင်း၊ မိန်းကလေးများအထဲမှ အသက် ၁၅ နှစ်နှင့် ၂၅ နှစ်အကြားရှိ ရုပ်ရည်ချောမောလှပသည့် မိန်းမငယ် ရှစ်ဦးကို အကြမ်းဖက်ခေါင်းဆောင် နိုရှုလောက်က မသတ်ဘဲ ထားရှိခဲ့ကြောင်း၊ ထို့နောက် ဟိန္ဒူအမျိုးသမီးငယ် ရှစ်ဦးနှင့် ၎င်းတို့၏ကလေးငယ်များအား ဘော်တလာကျေးရွာအနီးရှိ နွားခြံမှတစ်ဆင့် ဘော်တလာရွာမှ ရော်ဖီဆိုသူ၏ နေအိမ်သို့ ဆက်လက်ခေါ်ဆောင်သွားခဲ့ကြောင်း။

ဩဂုတ် ၂၆ ရက်အထိ ယင်းအိမ်တွင်ပင် အစောင့် ငါးဦးနှင့်ထားရှိကြောင်း၊ ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီခန့်တွင် ရော်ဖီဦးဆောင်သည့် အစောင့် ငါးဦးတို့က ၎င်းတို့အား ခေါ်ဆောင်၍ ရွာမှ ထွက်ခွာခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် နယ်စပ်ခြံစည်းရိုးသို့ရောက်ရှိပြီး ပါလာသည့် အစောင့်များက ခြံစည်းရိုးသံဆူးကြိုးများအား ဖြတ်တောက်ခဲ့ကြောင်း၊ ၎င်းအချိန်တွင် BGB တပ်အချို့ရောက်ရှိလာ၍ မြန်မာနယ်စပ်အတွင်းရှိ တောင်ကုန်းတစ်ကုန်းသို့ ပြန်လည်ဝင်ရောက်ညအိပ်ခဲ့ကြောင်း၊ ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခန့်တွင် နယ်စပ်ခြံစည်းရိုးအား ဖြတ်ကျော်ဝင်ရောက်၍ ကူတူပါလောင် ဒုက္ခသည်စခန်းသို့ ကားဖြင့်ခေါ်ဆောင်ခဲ့ရာ နံနက် ၁၁ နာရီတွင် ဒုက္ခသည်စခန်းသို့ရောက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ကူတူပါလောင်ဒုက္ခသည်စခန်းတွင် အစ္စလာမ်အမျိုးသမီးဝတ်စုံ ဘုခါကိုခြုံခိုင်းပြီး မွန်းလွဲ ၁ နာရီခန့်တွင် နိုင်ငံခြားသား မီဒီယာများ တွေ့ဆုံမေးမြန်းရာတွင် ၎င်းတို့သင်ကြားပေးသည့်အတိုင်း မိမိတို့၏ခင်ပွန်းများနှင့် မိသားစုဝင်များအား စစ်တပ်နှင့် တိုင်းရင်းသားများက သတ်ဖြတ်ခဲ့ပြီး မိမိတို့မှာလည်း စစ်တပ်က သတ်မည်စိုး၍ ထွက်ပြေးခဲ့ခြင်းဖြစ်သည်ဟု လိမ်လည်ပြောဆိုခဲ့ရကြောင်း၊ ၎င်းတို့က ခိုင်းသည့်အတိုင်း မပြောပါက မိမိတို့၏ကလေးငယ်များအား လည်လှီး၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခြင်းကြောင့် ၎င်းတို့သင်ပေးသည့်အတိုင်း ပြောဆိုခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့နှင့်ပတ်သက်၍ ကူတူပါလောင် ဒုက္ခသည်စခန်းတွင် အလုပ်လုပ်ကိုင်နေသည့် ဟိန္ဒူဘာသာဝင် ဘာဘူဆိုသူက ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဟိန္ဒူဘာသာရေးခေါင်းဆောင် ရှော်ဖော်နံရှော်ရ်မာရော်နီထံ ဆက်သွယ်သတင်းပို့ပေးခဲ့ကြောင်း၊ အဆိုပါဘာသာရေးခေါင်းဆောင်မှ BGB တပ်ဖွဲ့ဝင် ဟိန္ဒူဘာသာဝင် တစ်ဦးနှင့် ဆက်သွယ်၍ ကူတူပါလောင်ဒုက္ခသည်စခန်းကို သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာမှ ဟိန္ဒူဘာသာဝင် အမျိုးသမီးငယ်ရှစ်ဦးနှင့် ကလေးငယ်များကို တွေ့ရှိခဲ့ကြောင်း၊ ဒုက္ခသည်စခန်းတွင် ရောနှောနေထိုင်သည့် အစွန်းရောက် အကြမ်းဖက်သမားများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရှိရသည်။

ပြန်လည်ရောက်ရှိလာသော ဟိန္ဒူဘာသာဝင် ၁၆ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာစောင့်ရှောက်ထားရှိပြီး လိုအပ်သည့် ထောက်ပံ့ကူညီမှုများ နှစ်သိမ့်ဆွေးနွေး၍ စိတ်ဓာတ်မြှင့်တင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အကြမ်းဖက်သမားများက ဟိန္ဒူဘာသာဝင်များအား အစုလိုက်အပြုံလိုက် ရက်စက်စွာသတ်ဖြတ်ခဲ့မှုဖြစ်စဉ်ပြမြေပုံ**




# သီတင်းကျွတ်ရုံးပိတ်ရက်တွင် ဝန်ထမ်းနှင့်အလုပ်သမားများ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်စီးနင်းရာတွင် အခက်အခဲများကြုံ

**ရန်ကုန် အောက်တိုဘာ ၄**

သီတင်းကျွတ်ရုံးပိတ်ရက် ငါးရက်ရရှိသည့်အတွက် ဝန်ထမ်းများနှင့် စက်ရုံအလုပ်သမားများ သင်္ကြန်ကာလကဲ့သို့ ခရီးသွားလာမှုများခဲ့ရာ လှိုင်သာယာ အဝေးပြေးယာဉ်ရပ်နားဝင်းဖြစ်သော ဒဂုံ-ဧရာ အဝေးပြေးယာဉ်ရပ်နားဝင်း၌ မိမိနေရပ်သို့ ပြန်ကြသည့် ခရီးသည်များဖြင့် နံနက်ပိုင်းမှစ၍ စည်ကားလျက်ရှိပြီး ရန်ကုန်-ပုသိမ်လမ်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့ခဲ့၍ ခရီးသွားယာဉ်လိုင်းများ ခရီးစဉ်ထွက်ခွာမှုနောက်ကျကာ ခရီးသွားပြည်သူများ အခက်အခဲနှင့်ရင်ဆိုင်ရကြောင်း သိရသည်။

"ဒီနေ့က သင်္ကြန်ကာလလိုပဲ နံနက်ကတည်းက လူကျနေတာပါ။ ယာဉ်လိုင်းပေါင်း ၁၁၃ လိုင်းထဲက ယာဉ်အစီးရေ ၉၃၇ စီးမှာ အစီး ၃၀၀ ဝင်ထွက်ပါတယ်။ ခရီးသည်နဲ့ ယာဉ်အစီးရေ လောက်ငမလားလို့ ယာဉ်ပိုင်ရှင်တွေကိုမေးတော့ အားလုံးအဆင်ပြေတယ်လို့ပြောတယ်။ ကားဝင်းကနေ ယာဉ်တွေ ထွက်မရလို့ နံနက် ၁၀ နာရီ ထွက်ရမယ့်ယာဉ်က မွန်းလွဲ ၂ နာရီမှ ထွက်ရသလို ၁၂ နာရီခွဲထွက်ရမယ့်ယာဉ်က ၄ နာရီခွဲမှ ထွက်ရတယ်။ အားလုံးဖြစ်တာပါ။ ယာဉ်တွေက ညောင်တုန်းလမ်းခွဲကနေ ဒဂုံ-ဧရာအဝေး ပြေးဝင်းရှေ့ထိပိတ်တဲ့အတွက် ခရီးသွားတွေ အခက်အခဲ တော်တော်ဖြစ်ကြပါတယ်။ ယာဉ်စီးခ တိုးမြှင့်ကောက်ခံတာတော့မရှိပါဘူး" ဟု အဝေးပြေးဝင်းအတွင်းရှိ YRDA အဖွဲ့မှ လက်ထောက်ဌာနမှူး ဦးမြင့်အောင်က ပြောသည်။

ယာဉ်စီးခ တိုးမြှင့်ကောက်ခံခြင်း မရှိသော်လည်း အဝေးပြေးဝင်းထိပ်ရှိ ညှော်ကြိုပွဲစားမက ကျပ် ၁၀၀၀ ခရီးစဉ်တွင် ကျပ် ၈၀၀၀ တောင်း၍ ယာဉ်ကြောပိတ်မှုကြောင့် မြန်ဆန်စွာလိုက်ပါလိုခြင်း၊ ထိုင်ခုံနေရာရရှိရန်အတွက် အပြိုင်အဆိုင်ခေါ်ယူကြ၍ သီတင်းကျွတ်ကာလ ခရီးသွားများမှာ ယာဉ်စီးခသတ်မှတ် ဈေးနှုန်းထက်ပိုပေးရသည့်အတွက် အခက်အခဲများကြုံခဲ့ရကြောင်း သိရသည်။

ယခင်က သီတင်းကျွတ်ပိတ်ရက် တစ်ရက်သာရှိ၍ ယခုနှစ်တွင် ငါးရက်ပိတ်သည့်အတွက် ဝန်ထမ်းနှင့် စက်ရုံအလုပ်သမားများ မိဘရပ်ထံလည်ပတ်ခွင့်ရသောကြောင့် လှိုင်သာယာမှ စက်ရုံဆင်းအလုပ်သမားများဖြင့် ဒဂုံ-ဧရာ အဝေးပြေးယာဉ်ရပ်ဝင်းတွင် နံနက်ပိုင်းမှစ၍ စည်ကားနေခြင်းဖြစ်ကြောင်း သိရသည်။

"ယာဉ်ကြောက နံနက်ကတည်းက ပိတ်နေတာ။ ကားဝင်းနဲ့ လမ်းမကြီးပေါ်မှာ ပိတ်နေလို့ တာဝန်ရှိသူတွေက ဆောင်ရွက်ကြပါတယ်။ ဒီလိုရက်မျိုးတွေမှာ ယာဉ်အစီးရေ တိုးမြှင့်ပေးသင့်တဲ့အပြင် ယာဉ်လိုင်းတွေလည်း ထပ်မံပြေးဆွဲသင့်တယ်" ဟု ဒဂုံ-ဧရာအဝေးပြေးဝင်းအတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ဒုတာဝန်ခံ ဦးလှရွှေက ပြောသည်။

ညနေ ၆ နာရီတွင် အဝေးပြေးဝင်းအတွင်း ယာဉ်ပိတ်ဆို့မှု ရှင်းလင်းသွားသော်လည်း ကားဝင်းရှေ့ရှိ ရန်ကုန်-ပုသိမ် ကားလမ်းပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားနေဆဲဖြစ်ကြောင်းသိရပြီး နံနက်ပိုင်းက အဝေးပြေးဝင်းရှေ့မှ ရုံးထိပ်မှတ်တိုင်ထိ ယာဉ်ကြောပိတ်ဆို့ခဲ့၍ မွန်းလွဲပိုင်းတွင် အင်းစိန်ပေါက်တော၀ မှတ်တိုင်မှ လှိုင်သာယာ စနေမ မှတ်တိုင်အထိ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားများ အခက်အခဲကြုံတွေ့ခဲ့ကာ (YBS(6)) ရုံးထိပ်မှ အဝေးပြေးသို့ ပုံမှန် ကျပ် ၂၀၀၀ ပေးနေရာမှ ကျပ်၅၀၀၀ ပေးရကြောင်း ခရီးသွားများထံမှ သိရသည်။

**သန်းထိုက် (လှိုင်သာယာ)**

# နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လုပ်ကိုင်နိုင်ရေးမှာ အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ဖို့ စီမံကိန်းတွေစနစ်တကျဆောင်ရွက်သွားမှာဖြစ်

—— ဖိုးသက် ——

**မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ ဓာတ်အားစက်ရုံများ ထပ်မံတည်ဆောက်မည့် အစီအစဉ်၊ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်နေမှုများ၊ လိုအပ်မှုများ၊ ရန်ကုန်မြို့ မန္တလေးမြို့နှင့် ကျန်မြို့များ၏ လျှပ်စစ်ကဏ္ဍဆိုင်ရာတို့နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးတို့အား မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**ဦးဝင်းခိုင်**
**ပြည်ထောင်စုဝန်ကြီး**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန**



**မေး။ လက်ရှိမြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အမြင့်ဆုံး အခြေအနေကို သိလိုပါတယ်။**

ဖြေ။ အရင်နှစ် မေလမှာ ၂၈၀၂ မဂ္ဂါဝပ် သုံးစွဲခဲ့ပြီး ၂၀၁၇ ခုနှစ် မေလ လျှပ်စစ်ဓာတ်အား အမြင့်ဆုံးသုံးစွဲမှုက ၃၀၇၅ မဂ္ဂါဝပ်ရှိပါတယ်။ အဲဒီဓာတ်အားတွေအတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၇ ရုံမှ ၁၈၀၄ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၄ ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံတို့ကနေ ၁၂၇၁ မဂ္ဂါဝပ် ထုတ်လုပ်ပေးခဲ့ပါတယ်၊ အရင်နှစ်ထက် သုံးစွဲမှု ၂၇၃ မဂ္ဂါဝပ် ပိုလာပါတယ်။

**မေး။ နှစ်စဉ် ဓာတ်အားတိုးတက်သုံးစွဲလာမှုအရ ဆက်လက်ဆောင်ရွက်မယ့်အစီအစဉ်ကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ နှစ်အလိုက် ဓာတ်အားတိုးတက်သုံးစွဲနှုန်းက ၁၅ ရာခိုင်နှုန်း တိုးတက်လျက်ရှိပါတယ်။ ဒီလိုတိုးတက်လာတာ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ၄၅၃၁ မဂ္ဂါဝပ်ထိသုံးစွဲမယ်လို့ ခန့်မှန်းထားပြီး လက်ရှိ ၃၀၇၅ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်တာမို့ ၁၄၅၆ မဂ္ဂါဝပ် ထပ်မံလိုအပ်မှာ ဖြစ်ပါတယ်။

**မေး။ ဓာတ်အားပေးစက်ရုံတွေ ထပ်မံတည်ဆောက်ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှာရှိတဲ့ အလယ်ရဲရွာ၊ အထက်ရဲရွာ၊ ဒီးဒုတ်၊ အထက်ဆည်တော်ကြီးနဲ့ အလယ်ပေါင်းလောင်း၊ ချင်းပြည်နယ်မှာရှိတဲ့ လေးမြို့(၁)၊ ရခိုင်ပြည်နယ်မှာရှိတဲ့ လေးမြို့(၂)၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိတဲ့ အထက်ကျိုင်းတောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ ရွှေလီ(၃) စတဲ့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအပြင် နေရောင်ခြည်ကောင်းစွာရတဲ့ မြန်မာပြည်အလယ်ပိုင်းဒေသဖြစ်တဲ့ မင်းဘူး၊ ဝမ်းတွင်း၊ မြင်းခြံ (နဘူးအိုင်) စတဲ့ဒေသတွေမှာ နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ကမ်းရိုးတန်းဒေသတွေမှာလည်း LNG နဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ အခုနှစ်မှာ ဓာတ်အားလိုင်းများ၊ ခွဲရုံတွေ တိုးတက်ဆောင်ရွက်ခဲ့မှုနဲ့ ဓာတ်အားပျောက်ဆုံးမှုအခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ လက်ရှိ မြန်မာနိုင်ငံမှာ ခွဲရုံ ၆၂ ရုံရှိပြီး ၇၀၆၅ အမ်ဗွီအေ ရှိပါတယ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်၊ မဟာဓာတ်အားလိုင်း ၅၄၀ မိုင်နဲ့ ဓာတ်အားခွဲရုံတွေမှာ ၅၂၀အမ်ဗွီအေ၊ ၂၀၁၇-၂၀၁၈ ခုနှစ် ဩဂုတ်လအထိ မဟာဓာတ်အားလိုင်း ၁၈၅ မိုင်နဲ့ ခွဲရုံတွေမှာ ၄၅၀အမ်ဗွီအေ တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဓာတ်အားပျောက်ဆုံးမှုက မဟာဓာတ်အားလိုင်းတွေမှာ လေးရာခိုင်နှုန်းရှိပါတယ်၊ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် လက်ရှိ Losses က ပုံမှန်အတိုင်းဖြစ်ပါတယ်။ မြို့တွင်းသုံးစွဲတဲ့ ဖြန့်ဖြူးရေးလိုင်း (Distribution Line)မှာ (၁၂%~၁၈%)ခန့်ရှိပါတယ်။ ဒီဓာတ်အားပျောက်ဆုံးမှု စုစုပေါင်းကို ၁၀ ရာခိုင်နှုန်းအောက် လျှော့နည်းသွားဖို့ ရည်မှန်းချက်ထား ဆောင်ရွက်နေပါတယ်။

**မေး။ မြေယာသိမ်းနှံလျော်ကြေးပေးချေရာမှာ ကြန့်ကြာမှုဖြစ်ရတာတွေ၊ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နေမှုတွေနဲ့ ပတ်သက်ပြီးလည်း အနည်းငယ် ထပ်မံပြောပြစေလိုပါတယ်။**

ဖြေ ။ ဓာတ်အားတိုးတက်သုံးစွဲနေတဲ့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်ရာတွင် သီးနှံနဲ့ မြေယာတွေကို ဖြတ်သန်းတည်ဆောက်ရပါတယ်၊ ဖြတ်သန်းတည်ဆောက်ရမှုကြောင့် သီးနှံ/မြေယာလျော်ကြေးတွေကိုလည်း နိုင်ငံတော်အနေနဲ့ စနစ်တကျပေးလျော်လျက်ရှိပါတယ်၊ သီးနှံ/မြေယာတွေအတွက် ပေးလျော်ရာမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့က ဖွဲ့စည်းပေးထားတဲ့ မြေယာ၊ သီးနှံလျော်ကြေး စိစစ်ရေးကော်မတီတွေကနေ သတ်မှတ်ထားတဲ့ နှုန်းထားတွေ အတိုင်း ပေးချေလျက်ရှိပါတယ်၊ အဲဒီလို ပေးချေရာမှာ မြေယာ သီးနှံလျော်ကြေးပေးချေရာမှာ ပြည်သူတွေက အမြန်ဆုံးလိုချင်ကြပါတယ်။

ဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရတာကြောင့် နားလည်ပေးစေလိုပါတယ်၊ ပြည်သူ တစ်ယောက်ချင်းစီအတွက် ထိခိုက်နစ်နာမှုများရှိပေမယ့် နိုင်ငံတစ်ဝန်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားရယူသုံးစွဲလိုတဲ့ အခြားအခြားသော ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ဌာနနဲ့ ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုပါတယ်။

နောက်တစ်ခုကတော့ အိမ်ထောင်စုသုံး လျှပ်စစ်သုံးစွဲမှုကို လေ့လာရာမှာ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လျှပ်စစ်ဓာတ်အား သုံးစွဲမှုမှာ ထူးခြားစွာ မြင့်တက်မှုရှိတာကို တွေ့ရပါတယ်။ ဆန်းစစ်ချက်အရ ထမင်းဟင်းချက်ချိန်တွေမှာ Peak Load ဖြစ်ပေါ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီ Peak Load အနေအထားကို ဓာတ်အားပေးစက်တွေက တစ်ရက်နှစ်ကြိမ်တွေ့ကြုံရတဲ့အတွက် တစ်ဖက်တစ်လမ်းကနေ Peak Load ကို ဖြေလျှော့နိုင်ဖို့ LPG ခေါ် ရေနံဓာတ်ငွေ့ရည်အိုးတွေကို ဖြန့်ဖြူးပေးပြီး အိမ်သုံးထမင်းဟင်းချက်တဲ့ကိစ္စကို အထောက်အကူပြုဖို့ရည်ရွယ်ပြီး LPG အိုးတွေကို မြို့ရောကျေးလက်ပါ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။

အိမ်တိုင်ရာရောက်ပို့စနစ် သုံးမှာဖြစ်လို့ သုံးစွဲသူပြည်သူတွေအတွက် စွမ်းအင်တစ်မျိုးကို စိတ်ချယုံကြည်စွာ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုကာကွယ်ရေးအတွက်လည်း ထင်းအစားထိရောက်တဲ့ အစားထိုးမှုဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ LPG အိုးတွေကို ဝယ်ယူသုံးစွဲခြင်းဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါတယ်။

ဒ့ါအပြင် ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေရဲ့ ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်၊ မူလကဆိုထားတဲ့ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ တိုးတက်သုံးစွဲမယ့် ၄၅၃၁ မဂ္ဂါဝပ်အထိ ပြည့်မီဖို့အတွက် ဓာတ်အားပေးစက်ရုံအသစ်တွေ၊ မဟာဓာတ်အားလိုင်းနဲ့ ပင်မခွဲရုံတွေကို တည်ဆောက်ဆောင်ရွက်ပေးနေသလို တစ်ဖက်မှာ ဓာတ်အားစနစ်တည်ငြိမ်ကောင်းမွန်စေရေး (Quality and Reliable) ဖြစ်ရေး၊ ဗို့အားပြည့်မီရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့ကျစေရေး၊ ပြည်သူတွေ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးတို့အပြင် မြို့ ကျေးရွာများ ဓာတ်အားစနစ်ကနေ အမြန်ဆုံးဓာတ်အားရရှိရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပြည်သူတွေလျှပ်စစ်ဓာတ်အားလုံလောက်စွာ အသုံးပြုနိုင်ဖို့ အပြင် နိုင်ငံအတွင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံဖို့အတွက် လျှပ်စစ်ဓာတ်အားက အဓိကကျပါတယ်။ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လုပ်ကိုင်နိုင်ရေးမှာ အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ဖို့အတွက် ဝန်ကြီးဌာနကနေ စီမံကိန်းတွေကို စနစ်တကျ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

**ဒေါက်တာ ထွန်းနိုင်**
**ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**မေး။ အခုလို မဟာဓာတ်အားလိုင်းနဲ့ ပင်မဓာတ်အားခွဲရုံကြီးတွေကို ဘယ်လိုထိန်းသိမ်းမောင်းနှင် ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

ဖြေ။ မဟာဓာတ်အားလိုင်းနဲ့ ပင်မဓာတ်အားခွဲရုံကြီးတွေကို ဓာတ်အားပို့လွှတ်ရေးနဲ့ ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားစနစ်ဌာနမှာရှိတဲ့ Load Dispatch Center (LDC) ကနေ ထိန်းသိမ်းမောင်းနှင် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ LDC ဟာ ဓာတ်အားပေးစက်ရုံတွေကနေထွက်ရှိတဲ့ ဓာတ်အားတွေ၊ မဟာဓာတ်အားလိုင်းတွေမှာ ဓာတ်အားတွေ စီးဆင်းနိုင်မှုနဲ့ ဓာတ်အားခွဲရုံများကနေ သုံးစွဲနေသည့် ဝန်အားတို့ကို တွက်ချက်ဆောင်ရွက်၍ ဓာတ်အားစနစ်အတွင်း တည်ငြိမ်စွာဓာတ်အားပို့လွှတ်သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဓာတ်အားစနစ်ပြတ်တောက်ခြင်း (System Breakdown) ဖြစ်ပွားမှုအခြေအနေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ဓာတ်အားစနစ်ပြတ်တောက်ခြင်းဆိုတာ လေပြင်းတိုက်ခတ်ခြင်း၊ တောင်ပြိုခြင်းစတဲ့ သဘာဝဘေးအန္တရာယ်တွေ၊ ဓာတ်အားလိုင်းအပြစ်၊ တောင်ယာမီးရှို့ခြင်းနဲ့



ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်

ဆောင်းခိုငှက်တွေကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ဒါကြောင့် သစ်ပင်ကြီးတွေကို ဓာတ်အားလိုင်းအောက်နဲ့ အနီးတစ်ဝိုက်မှာ စိုက်ပျိုးခြင်းမပြုလုပ်ဖို့၊ ရာသီသီးနှံအပင်တွေကိုသာ စိုက်ပျိုးဖို့နဲ့ ဓာတ်အားလိုင်းအောက်မှာ အဆောက်အအုံတွေ မဆောက်လုပ်ဖို့ လိုအပ်ပါတယ်။ လျှပ်စစ်ဥပဒေ ပုဒ်မ(၅၁) အရလည်း ဓာတ်အားလိုင်းတွေ Right of Way အတွင်း သစ်ပင်စိုက်ပျိုးခြင်းမပြုလုပ်ဖို့နဲ့ အဆောက်အအုံမဆောက်လုပ်ဖို့ လိုအပ်ပါတယ်။

**မေး။ ၂၀၁၇ ခုနှစ်အတွင်း ဓာတ်အားပြတ်တောက်မှုများတစ်ကြိမ်သာ ဖြစ်ပွားခဲ့မှုအရ ဘယ်လို တိုးတက်အောင်ဆောင်ရွက်ခဲ့ပါသလဲဆိုတာ ပြောပေးပါဦး။**

ဖြေ။ ဓာတ်အားလိုင်းနဲ့ မလွတ်တဲ့သစ်ပင်ဝါးပင်တွေ ရှင်းလင်းခြင်း၊ ကြွေသီးတွေ လဲလှယ်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ တာဝါတိုင်များပေါ်မှာ ဆောင်းခိုငှက်တွေ မနားစေဖို့ ကိရိယာတပ်ဆင်ခြင်း၊ ထရန်စဖော်မာတွေ တိုးချဲ့တပ်ဆင်ခြင်း၊ ပင်မခွဲရုံရှိတဲ့ လျှပ်စစ်ပစ္စည်းတွေကို စစ်ဆေးပြုပြင်ခြင်း၊ ဓာတ်အားစနစ်ဗို့အား တည်ငြိမ်အောင် ဆောင်ရွက်ခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ်အတွင်း System Breakdown လျော့နည်းရခြင်းဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေအတွက် အရာထမ်း ၉၉ ဦး၊ အမှုထမ်း ၉၄၁ ဦး စုစုပေါင်း ၁၀၄၀ နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ လက်ရှိဓာတ်အားခ ကောက်ခံဆောင်ရွက်နေမှု အခြေအနေကို ရှင်းပြပေးပါဦး။**

ဖြေ ။ လက်ရှိမှာ ဓာတ်အားခနှုန်းထားအရ အိမ်သုံးအတွက် ယူနစ်သုံးစွဲမှုအပေါ်မူတည်ပြီး ၃၅ ကျပ်ကနေ ၅၀၊ စက်မှု စီးပွားရေးသုံးအတွက် ယူနစ်သုံးစွဲ မှုအပေါ် မူတည်ပြီး ၇၅ ကျပ်ကနေ ၁၅၀ အထိ အလွှာလိုက် ကောက်ခံဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဓာတ်အားခဈေးနှုန်း ကောက်ခံဆောင်ရွက်ဖို့အတွက် နှုန်းထားပြင်ဆင်ဖို့ ဆောင်ရွက်နေတဲ့အခြေအနေ သိရှိလိုပါတယ်။**

ဖြေ။ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းခွဲရုံတွေ တည်ဆောက်ဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုပမာဏများစွာလိုအပ်ပါတယ်။ လက်ရှိနှုန်းထားနဲ့ လျှပ်စစ်ရောင်းချရာမှာ လျှပ်စစ်ထုတ်လုပ်ရေးစရိတ်ကို မကာမိတဲ့အတွက် အရှုံးပေါ်ပြီး ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနဲ့ ခွဲရုံအသစ်တွေအတွက် ရင်းနှီးမြှုပ်နှံဖို့ အခက်ကြုံရပါတယ်။

ဒါကြောင့်နှုန်းထား ပြုပြင်ပြောင်းလဲဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ယူနစ်အနည်းငယ်သာသုံးစွဲတဲ့ ပြည်သူတွေကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေတဲ့ ဈေးနှုန်း (Affordable Price) နဲ့ ကောက်ခံဆောင်ရွက်ဖို့ စီစဉ်ထားရှိပါတယ်။ ဒီလိုဈေးနိမ့်နိမ့်နဲ့ ရောင်းချတဲ့အတွက် ဆုံးရှုံးငွေကို ဓာတ်အားများများစားစား သုံးစွဲသူတွေဆီကနေ ဈေးနှုန်းတစ်မျိုးနဲ့ ရောင်းချပြီးရရှိလာမယ့် အမြတ်ငွေနဲ့ ပြည်သူအချင်းချင်းမျှဝေစိုက်ထုတ်ကျခံတဲ့ (Cross Subsidies) ပုံစံနဲ့ရောင်းချသွားဖို့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

**မေး။ ကျေးရွာမီးလင်းရေးကော်မတီတွေ ဖွဲ့စည်းဖြစ်ပေါ်လာတာနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ။ ကျေးရွာမီးလင်းရေးကော်မတီဆိုတာ ကျေးရွာအသီးသီးမှာ မိမိတို့ နိုင်ငံတော်ရဲ့ ကျေးလက်မီးလင်းရေး ဆောင်ရွက်မှုထက် ဆောလျင်စွာမီးလင်းနိုင်ဖို့အတွက် မိမိတို့ကျေးရွာမှပြည်သူတွေ အစီအစဉ်နဲ့ စုပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီဝင်ကို ကျေးရွာပြည်သူတွေက လွတ်လပ်တဲ့ဆန္ဒသဘောထားနဲ့ ရွေးချယ်ကြပါတယ်၊ မီးလင်းရေးအတွက် ကျသင့်ငွေကို သူတို့ငွေကြေးတတ်နိုင်မှု စွမ်းအားအလျောက် ကျေးရွာမီးလင်းရေးကော်မတီမှာ ထည့်ဝင်ကြပါတယ်။ ဆောင်ရွက်ရမယ့် လုပ်ငန်းပမာဏ အနည်းအများကွာခြားချက်အပေါ်မူတည်ပြီး စုဆောင်းရတဲ့ ငွေပမာဏခြားနားကြပါတယ်။ မီးလင်းရေးကော်မတီဖွဲ့ပြီး လျှပ်စစ်ရရှိအောင်ဆောင်ရွက်ခဲ့ပြီးတဲ့ ကျေးရွာပေါင်းက တစ်နိုင်ငံလုံးမှာ ၇၄၄၁ ရွာရှိပြီး အများစုက အောင်မြင်စွာ ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်၊ လက်ရှိမှာ တည်ဆောက်ဆဲ ၁၁၉၈ ရွာနဲ့ တည်ဆောက်ခွင့်ပြုဖို့ ၃၀၃ ရွာ တင်ပြလျှောက်ထားတာရှိပါတယ်။

**မေး။ လက်ရှိကျေးရွာမီးလင်းရေးကော်မတီတချို့ရဲ့ ဆောင်ရွက်မှုအတွက် အခက်အခဲပြဿနာတွေရှိနေတယ်လို့ သိရပါတယ်။ အဲဒါကို ဖြေရှင်းနိုင်ဖို့ ဆောင်ရွက်မယ့် အခြေအနေများ ရှင်းပြပေးစေလိုပါတယ် ။**

ဖြေ။ လက်ရှိကြုံတွေ့ရတဲ့အခက်အခဲပြဿနာတွေ ပြေလည်စေဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူတွေပါဝင်တဲ့ အဖွဲ့တွေနဲ့ ကျေးလက်မီးလင်းရေးကော်မတီတွေ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းကို ပြင်ဆင်ရေးဆွဲပြီး ကျေးရွာမီးလင်းရေးကော်မတီတွေကို လိုအပ်ရင် အသစ်ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ကျေးရွာမီးလင်းရေးကိစ္စအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရာမှာ ရန်ပုံငွေ လုံလောက်မှုမရှိတဲ့ ကျေးရွာတွေအတွက် ချေးငွေရရှိနိုင်မယ့် အစီအစဉ်တွေ ဖြစ်ထွန်းလာစေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ တစ်ဖက်မှာ ကျေးရွာမီးလင်းရေးအစီအစဉ်နဲ့ ဆောင်ရွက်နေသလို နိုင်ငံတော် ဘတ်ဂျက်နဲ့ ကျေးရွာတွေ ဓာတ်အားသုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတာရှိရင် ပြောပြပေးစေလိုပါတယ်။**

ဖြေ။ လက်ရှိနိုင်ငံတော်ဘတ်ဂျက်ကနေ ကျခံသုံးစွဲ ဆောင်ရွက်ပေးခဲ့တဲ့ ကျေးရွာ ၂၉၅၇ ရွာ ရှိပါတယ်၊ ၂၀၀၉ ခုနှစ် မတိုင်မီက တစ်နှစ် ပျမ်းမျှ ၁၀ ရွာ၊ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အတွင်း တစ်နှစ် ပျမ်းမျှ ရွာ ၅၀ နဲ့ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ရွာ ၄၄၀ အထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**ဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရတာကြောင့် နားလည်ပေးစေလိုပါတယ်၊ ပြည်သူ တစ်ယောက်ချင်းစီအတွက် ထိခိုက်နစ်နာမှုများ ရှိပေမယ့် နိုင်ငံတစ်ဝန်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲလိုတဲ့ အခြားအခြားသော ပြည်သူတွေရဲ့ ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့ ဌာနနဲ့ ပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလို**

## သျှစ်သောင်းဘုရားပုထိုးတော်၌ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူ

**မြောက်ဦး အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် ဝါတွင်းကာလ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို ညောင်ပင်ဈေးရပ်ကွက် ကြက်ဈေးရပ်ရှိ ရန်အောင်ဇေယျ ပုထိုးတော်(ခေါ်) သျှစ်သောင်းပုထိုးတော်ကြီး၌ အောက်တိုဘာ ၄ ရက် ညနေ ၃ နာရီက အဆိုပါစောင်းတန်းတွင် စုပေါင်းလောင်းလှူခဲ့ကြသည်။

အဆိုပါ ဌာနဆိုင်ရာများစုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာရုံးများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရုံးဝန်ထမ်းများက သျှစ်သောင်းပုထိုးတော်စောင်းတန်းအတွင်း၌ နေရာယူကြပြီး လှူဖွယ်ပစ္စည်းများအား လောင်းလှူနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိကြသည်။



ထို့နောက် သျှစ်သောင်းဘုရားရင်ပြင်အတွင်း ရောက်ရှိလာကြကုန်သော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူပရိသတ်တို့က ပင့်ဖိတ်ထားသော ဆရာတော်၊သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို ဆက်လက်လောင်းလှူရာ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းမိသားစုဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုဝင်များက ဆရာတော်၊ သံဃာတော်များကို ဆန်၊ဆီ၊ ဆား၊ဖယောင်းတိုင်၊ အမွှေးတိုင်၊ ကော်ဖီထုပ်၊ ဆပ်ပြာ၊ ခေါက်ဆွဲထုပ်များနှင့် ငါးသေတ္တာဘူးများကို ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား စုပေါင်းလောင်းလှူခဲ့သည်။

(ခရိုင် ပြန်/ဆက်)

## ပဉ္စမအကြိမ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ကျောက်ဖြူ အောက်တိုဘာ ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ္မာဝတီခန်းမ၌ ကျောက်ဖြူ မြို့ပေါ်ရှိကျောင်းတိုက် ၆၃ တိုက်မှ သံဃာတော်များ၊ သီလရှင် ဆရာလေးများအား ပဉ္စမအကြိမ်မြောက် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ကျောက်ဖြူမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းတိုက်အသီးသီးမှ ရဟန်း၊ သာမဏေများနှင့် သီလရှင်များအား ကျောက်ဖြူခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆွမ်းဆန်၊ ဆီ၊ဆား၊ခေါက်ဆွဲထုပ်၊ အချိုရည်များ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများစသည်တို့ကို လှူဒါန်းခဲ့ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ ဌာနအသီးသီးမှ ဝန်ထမ်းများ စုစုပေါင်း ၁၀၀ ခန့် ပါဝင်လောင်းလှူခဲ့ကြကာ ၂၀၁၇ ခုနှစ် ဝါတွင်းကာလကို အောင်မြင်စွာကျင်းပနိုင်ခဲ့ရာ လာမည့်နှစ် ၂၀၁၈ ခုနှစ် တွင်လည်း အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# မေယုတောင်တန်းရဲ့အရှေ့နဲ့အနောက် ကုန်စည်စီးဆင်းမှုမြန်လာမယ်၊ လုံခြုံရေးအရလည်း ကောင်းလာမယ်

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

**ဆောက်လုပ်ရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် လမ်းဦးစီးဌာနမှ မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး၊ နယ်မြေလုံခြုံရေး အပြည့်အဝဆောင်ရွက်နိုင်စေရေးအတွက် လမ်း/တံတားများကို အသစ်တည်ဆောက်ခြင်း၊ ပျက်စီးနေသည့် လမ်း/တံတားများကို အချိန်မီပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် လမ်းဦးစီးဌာနမှ မောင်တောဒေသတွင် မဟာဗျူဟာကျသည့် မေယုတောင်ကို ကျော်ဖြတ်ပြီး လမ်းမကြီး လေးလမ်း အသစ်ဖောက်လုပ်ရန် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး ရခိုင်ပြည်နယ် လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ရခိုင်ပြည်နယ် လမ်းဦးစီးဌာနက မောင်တောဒေသမှာရှိတဲ့ မေယုတောင်ကိုကျော်ပြီး လမ်းဖောက်လုပ်နေတယ်လို့ သိရပါတယ်။ လက်ရှိ လမ်းဖောက်လုပ်မှုအခြေအနေကို သိပါရစေ။**

ဖြေ ။ ။ မောင်တောဒေသမှာ မေယုတောင်ကြောလမ်းဖောက်လုပ်မှုနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မေယုတောင်ကိုကျော်ပြီး လမ်းလေးလမ်း အသစ်ဖောက်လုပ်ဖို့ လျာထားချက် ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လမ်းသစ် နှစ်လမ်း စတင်ပြီး ဖောက်လုပ်သွားပါမယ်။ အဲ့ဒီလမ်းနှစ်လမ်း အနက် ပထမတစ်လမ်းကို စက်တင်ဘာ ၂၀ ရက်က စတင်ဖောက်လုပ်တာ အခုဆိုရင် တစ်ကြောင်းထိုးလမ်း ခြောက်မိုင်ခန့် ဆောင်ရွက်ပြီးပါပြီ။ စက်ယန္တရား ၁၅ စီးခန့်နဲ့ ဆောင်ရွက်နေပါတယ်။ နောက်ထပ် နှစ်ပတ်အတွင်းမှာ ဒီလမ်းကို တစ်ကြောင်းထိုး လမ်းပေါက်အောင် ဆောင်ရွက်သွားမယ်။ တစ်ကြောင်းထိုး လမ်းပြီးသွားရင် လမ်းတိုင်းတာရေးအဖွဲ့တွေက ဒီလမ်းမှာ ဆင်ခြေလျှောဖြစ်နေတဲ့ နေရာတွေကို တိုင်းတာပါမယ်။ လမ်းတစ်လျှောက် တိုင်းတာပြီးတော့မှ သတ်မှတ်ပုံစံရောက်အောင် လမ်းတာပေါင် အကျယ်ပေ ၄၀ ရအောင် ဆောင်ရွက်သွားပါမယ်။ ပေ ၄၀ အကျယ်ဆောင်ရွက်ပြီးတဲ့အခါမှာ ဒီလမ်းမှာ လိုအပ်တဲ့ အရံအတားတွေ ဆောက်လုပ်သွားမှာပါ။ ၂၀၁၇ - ၂၀၁၈ မှာ အမာခံလမ်းအဆင့် အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ပထမဆုံးစဖောက်လုပ်တဲ့လမ်းကို ဘယ်နေရာကနေ စတင်အကောင်အထည်ဖော် ဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ကျောက်ပန်းဒူ၊ အင်းဒင်၊စေတီပြင်လမ်းပါ။ မေယုတောင်တန်းအရှေ့ဘက် စေတီပြင်ကနေစတင်ပြီး လမ်းသစ်ဖောက်လုပ်နေပါတယ်။ ခန့်မှန်းခြေ ၁၄ မိုင်လောက်ရှည်ပါ တယ်။ ဒီလမ်းက မေယုတောင်တန်း အနောက်ဘက်မှာ မောင်တော၊ အလယ်သံကျော်၊ အင္ဂူမော်လမ်းရှိပြီး အရှေ့ဘက်မှာ ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဖောက်လုပ်နေတဲ့ ဘူးသီးတောင်၊ အင္ဂူမော် လမ်းရှိပါတယ်။ အရှေ့နဲ့ အနောက်ကိုဖြတ်ပြီး ဖောက်လုပ်သွားမှာဖြစ်ပါတယ်။ အနောက်ဘက်ကို ဆက်လက်ဖောက်လုပ်လျက်ရှိပါတယ်။

**မေး။ ။ မေယုတောင်ကိုကျော်ပြီး လမ်းဖောက်လုပ်ရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ ။ ။ ဒီလမ်းဖောက်လုပ်ရတဲ့ ရည်ရွယ်ချက်က မောင်တောဒေသဖွံ့ဖြိုးရေးဖြစ်ပါတယ်။ မေယုတောင်တန်းရဲ့ အရှေ့နဲ့အနောက်ကို ကုန်စည်စီးဆင်းမှုမြန်လာမယ်။လုံခြုံရေးအရလည်း ကောင်းလာမယ်။ ပြည်သူတွေ အနေနဲ့လည်း အချိန်တိုအတွင်းမှာ မေယုတောင်တန်းရဲ့ အနောက်ဘက်မှာရှိတဲ့ ရွာတွေနဲ့ အရှေ့ဘက်မှာရှိတဲ့ ရွာတွေကို အလွယ်တကူ ဖြတ်သန်းသွားလာနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ မေယုတောင်ကိုကျော်ပြီး နောက်ထပ်ဖောက်လုပ်မယ့် လမ်းတွေကိုလည်း ဘယ်အချိန် ဖောက်လုပ်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ နောက်ဖောက်မယ့် လမ်းတွေထဲမှာ ဒီနှစ်အတွင်း နိုဝင်ဘာလလောက်မှာ ဒုတိယလမ်းဖြစ်တဲ့ ကြိမ်ချောင်း -ဂုတ်ပိ တောင်ကျော်လမ်းကို ဖောက်လုပ်သွားပါမယ်။ ကြိမ်ချောင်း - ဂုတ်ပိ တောင်ကျော် လမ်းကတော့ ၈ မိုင်ခန့်ရှိပါတယ်။ နောက် နှစ်လမ်းကတော့ လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလမ်းတွေကတော့ ဥဒေါင်း -ညောင်ချောင်း တောင်ကျော်လမ်းနဲ့ သက်ကိုင်ညာ -ပဒကာ တောင်ကျော်လမ်းတို့ ဖြစ်ပါတယ်။



ဦးခင်မောင်မြင့်
ပြည်နယ်
ညွှန်ကြားရေးမှူး
ရခိုင်ပြည်နယ်
လမ်းဦးစီးဌာန

**မေး ။ ။ အရင်က မေယုတောင်ကိုကျော်ပြီး ဖောက်လုပ်တဲ့ လမ်းရှိရင်လည်း သိပါရစေ။**

ဖြေ ။ ။ ဟိုအရင်ကတည်းက မေယုတောင်ကိုကျော်ပြီး ဖောက်လုပ်ထားတဲ့လမ်း ရှိပါတယ်။ ဘူးသီးတောင်-မောင်တောလမ်းဖြစ်ပါတယ်။ ၁၆ မိုင်ခန့် ရှည်ပါတယ်။ အခုလည်း ယာဉ်တွေ ဖြတ်သန်းသွားလာနေပါတယ်။

**မေး။ ။ မေယုတောင်ကို ကျော်ဖြတ်ပြီးဖောက်လုပ်မယ့် လမ်းတွေကို ဘယ်ဘတ်ဂျက်နဲ့ သုံးစွဲဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ဖောက်လုပ်မယ့် လမ်းနှစ်လမ်းကတော့ ပြည်ထောင်စု သီးသန့်ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ကျန်တဲ့ နှစ်လမ်းကိုတော့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ ပုံမှန် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး ။ ။ မေယုတောင်ကိုကျော်ပြီး လမ်းတွေဖောက်လုပ်တဲ့ အပိုင်းမှာ ဘယ်လိုအခက်အခဲတွေ ရှိပါသလဲ။**

ဖြေ ။ ။ မေယုတောင်ကို ကျော်ဖြတ်ပြီး စဖောက်တဲ့ ပထမနှစ်လမ်းကတော့ ဖောက်လုပ်တဲ့အခါ အခက်အခဲရှိတာပေါ့။ နယ်မြေအခြေအနေ၊ လုံခြုံရေးအခြေအနေအရ ဂရုစိုက်ပြီး လုပ်ရတာလည်းရှိပါတယ်။ ဒီနေရာကို စက်ယန္တရားတွေရောက်ဖို့ အတွက် ခက်ခက်ခဲခဲသယ်ဆောင်ရတဲ့ အပိုင်းတွေလည်းရှိပါတယ်။ လုပ်သားအင်အားတွေ၊ စက်ယန္တရားမောင်းနှင်မယ့် ကျွမ်းကျင်ဝန်ထမ်းတွေ စုဆောင်းရတာကအစ အခက်အခဲတွေ ရှိပါတယ်။ ဒါတွေကိုလည်း မဖြစ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ မေယုတောင်ကိုကျော်ပြီး လမ်းတွေဖောက်လုပ်ပြီးသွားရင် ဒေသဖွံ့ဖြိုးရေးနဲ့ နယ်မြေလုံခြုံရေးအခြေအနေ ဘယ်လိုရှိလာမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ အခုကတော့ ဘူးသီးတောင် - မောင်တောလမ်း တစ်လမ်းပဲရှိပါတယ်။ ဘူးသီးတောင် - မောင်တောလမ်း တစ်လမ်းပဲရှိတဲ့အတွက် နောက်ထပ်လမ်းတွေ လိုအပ်နေပါတယ်။ အဲ့ဒါကြောင့် ဘူးသီးတောင် - မောင်တောလမ်းရဲ့ မြောက်ဘက်မှာ နှစ်လမ်း၊ တောင်ဘက်မှာ နှစ်လမ်း ပထမဆုံးဖောက်လုပ်သွားမှာ ဖြစ်ပါတယ်။ မေယုတောင်ကြောလမ်းတွေ ဖောက်လုပ်ပြီးသွားရင်တော့ နယ်မြေလုံခြုံရေးအရရော၊ ဒေသခံပြည်သူတွေ သွားရေး လာရေးအရရော၊ စီးပွားရေး ကုန်စည် စီးဆင်းမှုအရရော အများကြီးအကျိုးရှိလာမှာ ဖြစ်ပါတယ်။

**မေး။ ။ မောင်တောဒေသအတွင်းမှာရှိတဲ့ ပျက်စီးနေတဲ့လမ်းတွေကိုရော ဘယ်လိုပြင်ဆင် ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ မောင်တောဒေသက မိုးများတာရယ် ယာဉ်တွေကလည်း ကုန်ပစ္စည်းတန်ချိန်အများကြီး တင်ဆောင်ပြီး သွားလာနေတဲ့အတွက် လမ်းပျက်စီးမှုတွေရှိပါတယ်။ ဒါတွေကိုလည်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေဖို့အတွက် ပြင်ဆင်လျက်ရှိပါတယ်။ အခုလည်း မောင်တော - ကျီးကန်းပြင်- ကြိမ်ချောင်း - အောင်သပြေ - ဇန္ဒုလလမ်းပေါ်မှာ အပိုင်းလိုက် လမ်းပျက်စီးမှုတွေကို စက်ယန္တရားတွေ၊ လုပ်သားအင်အားတွေနဲ့ ပြင်ဆင်နေပါတယ်။ မောင်တော - အလယ်သံကျော် - အင္ဂူမော် လမ်းပိုင်းမှာလည်း ပျက်စီးမှုတချို့ရှိပါတယ်။ အဲ့ဒီလမ်းပိုင်းကိုလည်း ပြင်ဆင်နေပါတယ်။

**မေး ။ ။ မောင်တော - ဘူးသီးတောင် - စစ်တွေကို ကုန်းလမ်းကနေ ယာဉ်တွေသွားလို့ရအောင် လမ်းတွေ၊ တံတားတွေ ဆောက်လုပ်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ စစ်တွေကနေ မောင်တောဒေသကို ကုန်းလမ်းအတိုင်း သွားနိုင်ဖို့ စစ်တွေ -ပုဏ္ဏားကျွန်း၊ ပုဏ္ဏားကျွန်း - ရသေ့တောင်၊ ရသေ့တောင် - ဘူးသီးတောင်လမ်းပိုင်းတွေကို လမ်းဦးစီးဌာနအနေနဲ့ အဓိကထားပြီး ဆောင်ရွက်နေပါတယ်။ ဒီလမ်းမှာဆိုရင် စစ်တွေကသွားရင် ပုဏ္ဏားကျွန်းထိ ကတ္တရာလမ်းကွန်ကရစ်လမ်းအဆင့်ထိ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းကနေ ရသေ့တောင်ကြားမှာ ရသေ့တောင်ချောင်း ဖြတ်ကူးတံတားတစ်စင်း ဆောက်လုပ်နေပါတယ်။ ကျန်တဲ့ တံတားတွေကတော့ တည်ဆောက်ပြီး ဖြစ်ပါတယ်။ ရသေ့တောင်ချောင်းဖြတ်ကူးတံတားကိုလည်း ဒီနှစ်အတွင်းမှာ ပြီးစီးအောင်ဆောက်လုပ်သွားမှာပါ။ ရသေ့တောင်ကနေ ဘူးသီးတောင်အပိုင်းမှာဆိုရင် တံတားငါးစင်းဆောက်လုပ်လျက်ရှိပါတယ်။ ဒီတံတား ငါးစင်းကိုလည်း ဒီနှစ်အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းပိုင်းအနေနဲ့ကတော့ ပုဏ္ဏားကျွန်းကနေ ရသေ့တောင်ကြားကတော့ အမာခံလမ်းအဖြစ် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရသေ့တောင်ချောင်း ဖြတ်ကူးတံတား တည်ဆောက်ပြီးရင် စစ်တွေကနေ ရသေ့တောင်ထိ ယာဉ်များ သွားလာနိုင်မှာ ဖြစ်ပါတယ်။ ရသေ့တောင်နဲ့ ဘူးသီးတောင်ကြားမှာတော့ တံတား ငါးစင်းနဲ့ ပေ ၅၀ အောက်တံတားလေး အစင်းရှစ်ဆယ်ကျော် ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီတံတားတွေကိုလည်း ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်နဲ့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွေမှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈အကုန်မှာ စစ်တွေကနေ ဘူးသီးတောင်အထိ တစ်ကြောင်းထိုးလမ်း နွေရာသီသွားလို့ရနိုင်တဲ့လမ်းအဖြစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ စစ်တွေကနေ ဘူးသီးတောင်အထိ အမာခံလမ်းဖြစ်အောင် ဆောင်ရွက်သွားမှာပါ။

**မေး ။ ။ ဘာများဖြည့်စွက်ပြောကြားဖို့ ရှိပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ရခိုင်ပြည်နယ် လမ်းဦးစီးဌာနအနေနဲ့ မောင်တောဒေသတစ်ခုလုံးရဲ့ လမ်းတွေ လုံခြုံချောမွေ့အောင် ပျက်စီးနေတဲ့လမ်းပိုင်းတွေကိုလည်း ဒီထက်ပိုမိုချောမွေ့အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။ ။




မေယုတောင်ကြော၌ လမ်းဖောက်လုပ်ရန် စက်ယန္တရားများအသုံးပြုဆောင်ရွက်နေသည်ကို တွေ့ရစဉ်

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် (၁၃)ကြိမ်မြောက် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတသဘင်စင်တင် တင်ဆက်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်(၁၃)ကြိမ်မြောက် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတသဘင် စင်တင်တင်ဆက်ပွဲကို အမျိုးသား ဇာတ်ရုံ(မန္တလေး)၌ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဘွဲ့ယူ ကျောင်းဆင်းကြမည့် ကျောင်းသား ကျောင်းသူများ၏ ပန်းချီအနုပညာ လက်ရာကား ၂၃ ကား၊ ပန်းပုလက်ရာ ရုပ်တုပေါင်း ခုနစ်ရုပ်၊ ခင်းကျင်းပြသထားသော ပန်းချီ၊ ပန်းပု လက်ရာမွန်များကို လှည့်လည် ကြည့်ရှုကြပြီး**(ယာပုံ)** (၁၃)ကြိမ်မြောက် ဂီတသဘင် ပူးပေါင်း၍ စွမ်းရည်ပြအစီအစဉ် (၁၂) မျိုးဖြင့် စင်တင် တင်ဆက်သည့်အခမ်းအနားကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသားယဉ်ကျေးမှုအမွေအနှစ် များကို ထိန်းသိမ်း စောင့်ရှောက်ဖြန့်ဖြူးကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)မှ နှစ်စဉ် အနုပညာရှင်များ မွေးထုတ်ပေးနေသည်မှာ ယခုနှစ်ဆိုလျှင် (၁၃)ကြိမ်မြောက်ခဲ့ ပြီးဖြစ်ရာတွင် ၁၃ နှစ်တာ အနုပညာခရီးလမ်း၌ ဂီတသဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်များနှင့် စာပေဘာသာရပ်များကို အနုပညာပံ့ပိုးမှုကောင်းကောင်းဖြင့် ပံ့ပိုးသင်ကြားပေးလျက်ရှိပြီး ယခုဖော်ကျူးပြသထားသည့် စွမ်းရည်ပြပွဲမှသည် ထူးချွန်ထက်မြက်သောအနုပညာရှင်များလည်း ပေါ်ထွက်လာပြီး



အနုပညာအမွေကောင်းများ ထိန်းသိမ်းလျက် တီထွင်ဆန်းသစ်ပြီး ဖြစ်ထွန်းအောင်မြင်ကြသော အနုပညာရှင်ကောင်းများ ဖြစ်စေရန် ရည်ရွယ်၍ တင်ဆက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

---

★ *ရှေ့ဖုံးမှ*

အမုန်တကယ်တည်ဆောက်တဲ့အခါ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီက သတ်မှတ်ကန့်သတ်ထားတဲ့နေရာနဲ့ အထပ်သတ်မှတ်ချက် လိုက်ရောညီအောင် စည်းမျဉ်းစည်းကမ်းချက်တွေနဲ့အညီတည်ဆောက်ရမယ်လို့ နားလည်ပါတယ်။ ဒါကြောင့် MIC ကိုတင်ပြတာ ရှစ်ထပ်ဆိုပေမယ့် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စည်းမျဉ်းစည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းအတိုင်း ရွှေတိဂုံစေတီအမြင့်နဲ့ မကိုက်ညီရင် ခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါကြောင့် တည်ဆောက်တဲ့အခါမှာ အထပ်အမြင့်ကိုတော့ ခွင့်ပြုချက်ထပ်မံယူရမယ်လို့ နားလည်ပါတယ်''ဟု ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အောက်တိုဘာ ၃ ရက်တွင် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(နဝမ)နေ့၌ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းမှုကိုဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းစီမံကိန်းနှင့်ပတ်သက်၍ ဒဂုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက အောက်တိုဘာ ၃ ရက်က ဒုတိယအကြိမ် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (နဝမ)နေ့တွင် ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရန်ကုန်စစ်သမိုင်း ပြတိုက်မြေနေရာ၌ အမေရိကန် ဒေါ်လာသန်း ၃၂၀ ကျော် ရင်းနှီးလုပ်ကိုင်မည့် ဟိုတယ်စီမံကိန်းတစ်ခုအား လုပ်ကိုင်ဆောင်ရွက်နေသည့် သတင်းမှာမှန်ကန်မှု ရှိ၊ မရှိ၊ မှန်ကန်မှု ရှိပါက အဆိုပါမြေနေရာသည် မည်သည့်ဌာနပိုင်မြေနှင့် အဆောက်အအုံ ဖြစ်ကြောင်း၊ အကျယ်အဝန်းဧရိယာမည်မျှရှိ၍ မည်သည့်စနစ်၊ မည်သည့်ပုံစံဖြင့် စာချုပ်ချုပ်ဆို၍ စီမံကိန်းလုပ်ကိုင်ခြင်းဖြစ်သည်နှင့်ပြည်သူများအတွက် မည်ကဲ့သို့ အကျိုးကျေးဇူးရှိမည်ကိုအသေးစိတ်သိရှိလိုပါကြောင်း၊ ခွင့်ပြုခဲ့သည့်



လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ

စီမံကိန်းအပေါ် ပြည်ထောင်စုနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရမှ ထုတ်ပြန်ထားရှိသည့် မြို့ပြအိမ်ရာစီမံကိန်းဆိုင်ရာ အချက်အလက်စည်းကမ်းများနှင့် ညီညွတ်မှု ရှိမရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့မှုအပေါ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးမြင့်သောင်းက''ဆောက်လုပ်မယ့်နေရာကတော့ မြေကွက်အမှတ် ၁၁(A) ၁၅/၁၆/၁၇ မြေတိုင်းရပ်ကွက်အမှတ် ၆၈/ ၄၅(D) ရွှေတိဂုံဘုရားလမ်းနဲ့ပန်တျာလမ်းထောင့် ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ယခင်ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံးပိုင် ဖြစ်ပါတယ်။ မြေနေရာအကျယ်အဝန်းဟာ ၉ ဒသမ ၀၂၈ ဧက ဖြစ်ပါတယ်။ လုပ်ငန်းစီမံကိန်းအားဖြင့်တော့ နှစ်ပိုင်းဖြစ်ပါတယ်။ တစ်ပိုင်းကတော့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေပြီးတော့ ခွင့်ပြုမိန့်ထုတ်ပြီးသား ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၅ ရက်မှာ ရန်ကုန် yangontechanical&Trading Co., Ltd. က မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မနသ ၉၃၃/ ၂၀၁၃ စက်တင်ဘာ ၅ ရက် ၂၀၁၃ ခုနှစ်မှာ ပါမစ်ထုတ်



ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း

ပေးပြီးဖြစ်ပါတယ်။ ဆောက်လုပ်တဲ့စနစ်ကတော့ BOT စနစ်ဖြစ်ပါတယ်။ ကနဦး နှစ် ၅၀ ခွင့်ပြုချက်ပေးခဲ့ပါတယ်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံ မှုကတော့ ၄၈ ဒသမ ၈၁ သန်းဖြစ်ပါတယ်။ တစ်ဧကကိုအမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းရရှိခဲ့ပါတယ်။ ငှားရမ်းခကလည်း ပထမ သုံးနှစ်တာကာလမှာ တစ်နှစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၁၉ သန်းနှင့် ကျန်တဲ့နှစ်တွေမှာအမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ သန်းပေးဖို့ စာချုပ်ချုပ်ထားပြီး ဖြစ်ပါတယ်။ ပထမစီမံကိန်းပါ။ အဲဒီစီမံကိန်းအနေနဲ့ အလုပ်အကိုင်ရရှိမှု လုပ်သား ၃၅၀ ရရှိမယ်လို့ခန့်မှန်းထားပါတယ်။ ပထမပိုင်းမှာတော့ ၉ ဒသမ ၀၂၈ ဧကဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနဲ့ ဆက်လက်ပြီး ၉ ဒသမ ၀၂၈ ဧကမှာ ၅ ဒသမ ၀၇ ဧကကိုပဲ ပထမစီမံကိန်းအဖြစ်လုပ်ဆောင်ပြီးတော့ ဒုတိယပိုင်းအနေနဲ့ ၃ ဒသမ ၉၅၅ ဧကအပေါ်မှာ ၂၀၁၇ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပေါ်လာတဲ့အခါမှာ နောက်ပရောဂျက်တစ်ခုဟာ ဒီက yangonechanical&Trading Co., Ltd.နဲ့ ဂျပန်နိုင်ငံကယချီရိုဆူကီနဲ့ ပူးပေါင်းပြီးတော့ ဝိုင်ကွန်ပလက် ကုမ္ပဏီလီမိတက်ဆိုပြီး တည်ထောင်ပြီးတော့ အမေရိကန်ဒေါ်လာ သန်း ၃၂၀ ရင်းနှီးမြှုပ်နှံမှုကို ၂၀၁၇ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်၏ ပထမဆုံးခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ မြေဧက ၃ဒသမ ၉၅၅ ဧကပေါ်မှာဖြစ်ပါတယ်။ ဆောက်လုပ်တဲ့ ကာလအတွင်းမှာတော့ မြေငှားရမ်းခတစ်နှစ်အမေရိကန်ဒေါ်လာ ငါးသိန်းရရှိမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ပြီး လုပ်ငန်းတွေကိုလည်ပတ်တဲ့အချိန်မှာတော့ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅၆ သန်းပေးမှာဖြစ်ပါတယ်။ လုပ်သားအင်အား ၅၀၀ ကျော်ရရှိမှာဖြစ်ပါတယ်။ ဆောက်လုပ်မယ့် လုပ်ငန်းနှစ်ခုစလုံး ရည်ရွယ်ချက်က နိုင်ငံတကာအဆင့်မီဟိုတယ်၊ ရုံးခန်း၊ အဆင့်မြင့်စူပါမားကတ်များဖြစ်လာပါမယ်။ အဆောက်အအုံများကို ရှစ်ထပ်ဆောက်လုပ်မှာဖြစ်ပြီး Shopping Mall ကိုတော့ နှစ်ထပ်တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစီမံကိန်းတွေကိုဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင်များရရှိခြင်း၊ ရန်ကုန်မြို့ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်းတို့ကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်''ဟု ထပ်မံရှင်းပြခဲ့သည်။

ယခုရန်ကုန်မြို့ပြစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စစ်သမိုင်းပြတိုက်ဟောင်းနေရာသည် မြန်မာကုမ္ပဏီနှင့် ဂျပန်ကုမ္ပဏီတစ်ခုတို့ BOT စနစ်ဖြင့် အမေရိကန်ဒေါ်လာသန်း၃၂၀ ရင်းနှီးမြှုပ်နှံပြီး အဆင့်မြင့်ဟိုတယ်အပါအဝင် Shopping Mall များ၊ ကုမ္ပဏီရုံးခန်းများ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းနေရာသည် ဒဂုံမြို့နယ် ပန်တျာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်ရှိ စစ်သမိုင်းပြတိုက်ဟောင်းနေရာဖြစ်သည်။ စစ်သမိုင်းပြတိုက်ကို ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့ရာ ယခုဆိုလျှင် နှစ် ၂၀ ကျော်ပြီဖြစ်သည်။ ဝန်းကျင်တွင် ရွှေတိဂုံစေတီအပါအဝင် သာသနာရေးနှင့်ဆိုင်သော အဆောက်အအုံများတည်ရှိသောကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် သတ်မှတ်ထုတ်ပြန်ထားသော အထပ်မြင့်အဆောက်အအုံများနှင့် ပတ်သက်၍ ထပ်မံစိစစ်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

---

# ခရီးသွားပြည်သူများ ငွေအကြွေအဆင်ပြေစေရန် အကြွေများ လိုက်လံလဲပေး



**ရန်ကုန် အောက်တိုဘာ ၄**

YBS ခရီးသွားပြည်သူများ၏ နေ့စဉ် အကြွေလိုအပ်ချက် အခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ကူညီပေးရန် ရည်ရွယ်၍ YBS ခရီးသွားများ၏ အသံ (Admin Team) အဖွဲ့မှ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ငွေအကြွေများကို မဟာဗန္ဓုလပန်းခြံရှေ့နှင့် ၎င်းတို့ သတ်မှတ်ထားသည့် မှတ်တိုင် အသီးသီးတွင် လိုက်လံလဲပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

''အခုက ခရီးသွားပြည်သူတွေ အကြွေအဆင်ပြေစေဖို့ ရည်ရွယ်ပြီး အခုလို လုပ်ဖြစ်တာပါ။ စက်တင်ဘာလဆန်းကတည်းကစပြီး ကျွန်တော်တို့ အကြွေတွေလဲပေးခဲ့တာ ငွေကျပ်သိန်း ၂၅၀ ဖိုးလောက်ရှိပြီ။ ဒီနေ့ အကြွေ ငွေကျပ် ၂၁ သိန်းဖိုး လဲပေးမယ်။ လူတစ်ယောက်ကို အများဆုံး ငွေကျပ် ၅၀၀၀ဖိုးလောက်လဲပေးမယ်။ အဲဒီထဲမှာ ငွေကျပ် ၁၀၀ တန်နဲ့ ၂၀၀ တန်ပါမယ်။ အကြွေလဲပေးတဲ့ နေရာမှာလည်း ခရီးသွားပြည်သူတွေ အဆင်ပြေအောင် ကျွန်တော်တို့ သတ်မှတ်ထားတဲ့နေရာတွေမှာ လဲပေးတဲ့အပြင် ကားပေါ်မှာပါ လိုက်ပြီးလဲပေးတယ်။ လောလောဆယ်တော့ ကျွန်တော်အပါအဝင် လူ လေးယောက်နဲ့လဲပေးနေပါတယ်''ဟု YBS ခရီးသွားများ၏ အသံ (Admin Team) အဖွဲ့ဝင် ကိုမြင့်နိုင်ဦးက ပြောသည်။

''ကားစီးမယ်ဆိုရင် အကြွေကရှာမရဘူး။ အကြွေမပါလို့ ကိုယ်က ၁၀၀၀ တန်ဆိုရင် နောက်တက်လာမယ့် သူဆီက အကြွေကိုစောင့်ပြီး ယူနေရတယ်။ အခက်အခဲဖြစ်ရတယ်။ အခုလို အကြွေတွေကို လိုက်လဲပေးတဲ့အဖွဲ့နဲ့ ပရဟိတအသင်းတွေရှိလာတော့ အဆင်ပြေတာပေါ့''ဟု ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ YBS ခရီးသွားများ၏ အသံအဖွဲ့သည် စက်တင်ဘာလဆန်းမှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ငွေအကြွေများကို YBS ကတ်စနစ်မစတင်မီအထိ လဲပေးသွားမည်ဖြစ်သည်။ အလားတူ Care Teen ပရဟိတအသင်းကလည်း ငွေအကြွေများကို တစ်ပတ်လျှင်သုံးရက် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် လူစည်ကားသည့် မှတ်တိုင်များ၌ လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းအောင်ရှိန်၊ ဓာတ်ပုံ-စစ်မှူး**

---

❊ *ကျောဖုံးမှ*

ရေပြည့်ရေလျှံဖြစ်ပြီး မိတ္ထီလာကန်အတွင်းသို့ ရေကူဖြည့်ပေးနေသည်။ ထိုနည်းတူ မိတ္ထီလာကန်၏ တောင်ဘက်ပိုင်းတွင်ရှိသော ချောင်းကောက်၊ လွန်ငင်၊ လက်ခုတ်ပင်နှင့် ညောင်ကုန်း ရေလှောင်တမံများမှာလည်း ရေများရေပြည့်ရေလျှံဖြစ်ပြီး ဆက်သွယ်မြောင်းများမှတစ်ဆင့် မိတ္ထီလာကန်အတွင်းသို့ ရေများအဆက်မပြတ်ဝင်နေသည်။

မိတ္ထီလာကန် ရေကူဆည်များ ရေပြည့်ရေလျှံဖြစ်ပြီး မိတ္ထီလာကန်အတွင်းသို့ ရေများအဆက်မပြတ်စီးဝင်နေသဖြင့် မိတ္ထီလာတောင်ကန်နှင့် မြောက်ကန်တို့တွင် ရေပြည့်မှတ်အထိ ရောက်ရှိနေပြီ ဖြစ်သည်။ မိတ္ထီလာမြောက်ကန်အတွင်းသို့ မုန်တိုင်ဆည်နှင့် ရှမ်းမငယ်ဆည်တို့မှ ရေများအဆက်မပြတ်စီးဝင်နေသဖြင့် မြောက်ကန်မှတစ်ဆင့် အောက်တိုဘာ ၃ ရက်က မိတ္ထီလာဈေး အနောက်ဘက်နှင့် နန်းတော်ကုန်းသွား ကန်ပတ်လမ်း တောင်ကန်အတွင်းသို့ အဆက်မပြတ် တစ်ပေကျော် ရေကျော်စီးဝင်နေသဖြင့် ဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းသွား ကန်ပတ်လမ်းကို ခေတ္တယာယီပိတ်ထားလိုက်သည်။

မိတ္ထီလာဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းကန်ပတ်လမ်း ဓမ္မသုခစေတီအနီးရှိ မြောက်ကန်နှင့်တောင်ကန် ရေကျော်တွင် ရေစီးဝင်ဖြတ်သန်းမှုရပ်ဆိုင်းမှသာ ဈေးအနောက်ဘက်နှင့် နန်းတော်ကုန်းသွား ကန်ပတ်လမ်းကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

---



**သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး နှင့် Junction City အကြားရှိ ဗိုလ်ချုပ်လမ်းမပေါ်တွင် သီတင်းကျွတ်အထိမ်းအမှတ်ရောင်စုံမီးများဖြင့် အလှဆင်ထွန်းညှိထားစဉ်**

တင်စိုး
(မြန်မာ့အလင်း)

## အဂတိလိုက်စားကာ ဥပဒေလွဲမှားစွာကျင့်သုံးနေသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို အရေးယူမည်

မော်လမြိုင် အောက်တိုဘာ ၄

**မွန်ပြည်နယ်တွင် လက်ရှိပြည်နယ်ဦးစီးမှူး တာဝန်ထမ်းဆောင်သည့်ကာလ လေးလအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်ရှိ ဥပဒေနှင့်အညီ မကျင့်သုံးသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးလေးဦးကို တာဝန်မှရပ်စဲလိုက်ပြီး နောက်ထပ်ငါးဦးခန့် စစ်ဆေးနေဆဲဖြစ်သည်ဟု သိရသည်။**

"လွဲမှားစွာလုပ်နေတဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေအားလုံးကို အရေးယူသွားမှာပါ။ အကျင့်ပျက်ဝန်ထမ်းတွေမရှိတော့အောင်နဲ့ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိအောင် ဆောင်ရွက်ပါတယ်။ အခုလက်ရှိလည်း မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးကိုပါ အဂတိတိုက်ဖျက်ရေးကော်မရှင်က လာစစ်ဖို့ရှိပါတယ်။ အရေးယူဖို့ကတော့ ကော်မရှင်အနေနဲ့ အရေးယူမလား၊ အုပ်ချုပ်ရေးဌာနအနေနဲ့ အရေးယူမလား မသိသေးပါဘူး" ဟု ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ပြောသည်။

ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အဂတိလိုက်စားခြင်းမှာ မြေယာနှင့်ပတ်သက်သည့်ဆောင်ရွက်ခြင်းများ၊ ငွေကြေးအလွဲသုံးစား ကောက်ခံခြင်းများတို့ကိုတွေ့ရပြီး ၎င်းတို့၏ဆောင်ရွက်ချက်များကို ပြည်သူများက မကျေနပ်သဖြင့် တိုင်ကြားလာကြခြင်းဖြစ်သည်ဟု သိရသည်။

"တိုင်စာတွေများလာတာနဲ့အမျှဖြေရှင်းပေးရတာနဲ့ ရုံးလုပ်ငန်းတွေပါနှောင့်နှေးနေတယ်။ အချို့တိုင်ကြားစာတွေက မမှန်တာတွေလည်း ရှိပါတယ်။ တိုင်ကြားစာ ၃၀ ရာခိုင်နှုန်းလောက်က မမှန်တာတွေများပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည်သူတွေအနေနဲ့ မြေငှားဂရမ်ချပေးရေးတွေမှာ အုပ်ချုပ်ရေးဝန်ထမ်းတွေက ပိုက်ဆံတောင်းတာခံရရင်လည်း တိုင်ကြားလို့ရပါတယ်" ဟု ဦးစိုးမြင့်ကဆိုသည်။

ပြည်နယ် ဝန်ကြီးချုပ်ကလည်း ဥပဒေနှင့်မညီညွတ်မှုများ၊ လုပ်ထုံးလုပ်နည်းများ လွဲမှားစွာဆောင်ရွက်နေမှုများကို အရေးယူဆောင်ရွက်ရန်၊ ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရန် လမ်းညွှန်ထားသည်ဟု သိရပြီး မွန်ပြည်နယ်တွင် အသစ်ခန့်ထားရန်လျာထားထားသည့် ဝန်ထမ်းအင်အားများမပါဝင်ဘဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်တွင် စုစုပေါင်းဝန်ထမ်း ၁၁၄၇ ဦးရှိသည်ဟု သိရသည်။

**မြတ်မွန်ထွေး**

## လူကုန်ကူးခြင်းခံရသူ အမျိုးသမီးတစ်ဦးအား မြန်မာနိုင်ငံသို့ လွှဲပြောင်းပေး

**ဗန်းမော် အောက်တိုဘာ ၄**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်းခံရသူ မဂျာခေါ်န်(၁၉)နှစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု မော်တောင်းရွာ(၁၀)မိုင်နေသူကို လွယ်ဂျယ်မြို့ တရုတ်-မြန်မာ တရားဝင်အဝင်/အထွက်ဂိတ်(၂)၌ အောက်တိုဘာ ၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က တရုတ်နိုင်ငံ လုံ့ချွမ်ခရိုင်ရဲတပ်ဖွဲ့ မစ္စတာ ရန်စိန်းလုံ ဦးဆောင်သောအဖွဲ့က လာရောက်လွှဲပြောင်းပေးရာ ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၂)မှ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူးအောင်လှိုင်နှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၄ ရက်က မြစ်ကြီးနားမြို့ ငွေပျော်စံပြကျေးရွာနေ ဒေါ်ဇိန်ဟန်ဘောက်(ခ) ဘောက်မိုင်က မဂျာခေါ်န်အား တရုတ်နိုင်ငံရှိ ခေါက်ဆွဲဆိုင်၌ တစ်လလျှင် တရုတ်ယွမ် ၁၅၀၀ မြန်မာငွေကျပ်(ခန့်မှန်း) သုံးသိန်းဖြင့် အလုပ်ရမည်ဖြစ်ကြောင်းပြောဆိုပြီး မြစ်ကြီးနား-ကန်ပိုက်တည်-ရင်ကျန်း လမ်းကြောင်းအတိုင်း တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင် ၃၀ ရက်က ရင်ကျန်းမြို့နယ် မုန်တင်ကြုံ့ကြိုင်ရွာနေ အသက်(၂၅)နှစ်ခန့်ရှိ တရုတ်အမျိုးသား ဖုကျိုးဝူထံသို့ တရုတ်ငွေယွမ် ၃၆၆၀၀ မြန်မာ ငွေကျပ်(ခန့်မှန်း) သိန်း ၆၀ ကျော်ဖြင့် ရောင်းစားခံရကြောင်း သိရသည်။

အဆိုပါအမှုအား မြစ်ကြီးနားမြို့မရဲစခန်းတွင် (ပ)၃၄၁/၂၀၁၇၊ လကက ပုဒ်မ ၂၄ ဖြင့် အမှုဖွင့်ပြီး ကူညီကယ်တင်ပေးရန် အကြောင်းကြားမှုအပေါ် လွယ်ဂျယ် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တရုတ်နိုင်ငံ ရဲတပ်ဖွဲ့ထံ ကြိုးပမ်းချိတ်ဆက်မှုဖြင့် ယခုလို လွှဲပြောင်းပေးခြင်း ဖြစ်ကြောင်း သိရသည်။ လွှဲပြောင်းခြင်းခံရသူ မဂျာခေါ်န်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်ရုံး၌ ဒုရဲမှူးအောင်လှိုင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ပြုံးဝင်းပါ နှစ်ဦးတို့က နှစ်သိမ့်ဆွေးနွေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် လွယ်ဂျယ်မှ မြစ်ကြီးနားသို့ ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းလေးခုအား လိုက်နာမှုနှင့် စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၇ ခုနှစ် ဇူလိုင် ၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းလေးခုအား ဘဏ်များမှ လိုက်နာအကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်ရှိ ဇမ္ဗူသီရိခန်းမ၌ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ်များက မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ စည်းမျဉ်း၊ ရပိုင်ခွင့်များ အမျိုးအစားသတ်မှတ်ခြင်းနှင့် လျာထားခြင်းဆိုင်ရာ စည်းမျဉ်း၊ ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာ စည်းမျဉ်းနှင့် ငွေကြေးလွယ်ကူမှု အချိုးသတ်မှတ်ချက်ဆိုင်ရာ စည်းမျဉ်းတို့အား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကိုတင်ပြရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာတောင့်တင်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘဏ်နှင့် ဆက်သွယ်သူများအား ချေးငွေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူပြုနိုင်ရေး၊ စည်းကမ်းစနစ်ကျသော ဘဏ်လုပ်ငန်းအထောက်အပံ့ဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေးတို့ကို ရည်ရွယ်၍ စည်းမျဉ်းများ ထုတ်ပြန်ခြင်းဖြစ်သဖြင့် ဘဏ်များသည် ဗဟိုဘဏ်မှ ဖြေလျှော့သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## သီပေါနယ်စည်းမခြား ပရဟိတအဖွဲ့သို့ ဆေးပဒေသာပင်စိုက်ထူရန် အလှူငွေများလှူဒါန်း

**သီပေါ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ နယ်စည်းမခြားပရဟိတအဖွဲ့မှ ဆင်းရဲနွမ်းပါးပြီး ငွေကြေးနေမပြည့်စုံသူဝေဒနာရှင်များအား ဆေးကုသပေးနိုင်ရေးအတွက် ဆေးပဒေသာပင်အလှူငွေများ စိုက်ထူလျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် တောင်တန်းပြာစားသောက်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးစောထွန်း-ဒေါ်နန်းအေးအေးမိသားစုတို့က ဆေးပဒေသာပင်စိုက်ထူရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို နယ်စည်းမခြား(သီပေါ)ပရဟိတဥက္ကဋ္ဌ ဦးမျိုးလွင်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ **စိုင်း(သီပေါ)**

## ARSA အစွန်းရောက် အကြမ်းဖက်သမားများအား ရှုတ်ချပွဲပြုလုပ်



**နတ်တလင်း အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများအား ရှုတ်ချပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက အေးငြိမ်းသာမြို့သစ်ဆင်ဖြူရှင်လမ်းနှင့် အနော်ရထာလမ်းထောင့် မြေကွက်လပ်၌ ကျင်းပခဲ့ရာ နတ်တလင်းမြို့ ဒေသခံပြည်သူများနှင့် မျိုးချစ်လူငယ်များ၊ ပြည်သူလူထု ၁၅၀၀ ခန့်သည် လမ်းလျှောက်ပြီး ကြွေးကြော်သံများ ကြွေးကြော်ကာ ရန်ကုန်-ပြည်လမ်းနှင့် တာပွန်လမ်းထိပ်မှစတင်၍ ရှုတ်ချပွဲကျင်းပရာ ကွင်းအတွင်းသို့ တစ်ခဲနက်တက်ရောက်လာခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## တာဝတိံသာဘုရားကြီး ဝါကျွတ်မီးထွန်းပွဲတော်အစ အချိန်အခါမဲ့ မိုးရွာသွန်းမှုဖြစ်

**ပုသိမ် အောက်တိုဘာ ၄**

ပုသိမ်မြို့ သမိုင်းဝင် တာဝတိံသာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်မှ အစပြု၍ တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အကြောင်းပြု၍ ဩဝါဒါဆရာတော်ကြီး ၉ ပါး အမှူးပြုပြီး ဓမ္မာဘဏ္ဍာကာရိက သံဃာ ၂၈ ပါးတို့က အဘိဓမ္မာခုနစ်ကျမ်း အသံမစဲ ငါးရက်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ထို့နောက် ဝါကျွတ်မီးထွန်းပွဲတော်နှင့် ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ဇာတ်သဘင်ပွဲများကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှစတင်၍ တိုင်းကျော်ဇာတ်သဘင်မှ ဗလာပွဲများဖြင့် လေးညတိုင်ကျင်းပဖြစ်မည့် ပွဲဦးအစ ညပိုင်းတွင် ဘုရားဖူးများစည်ကားလျက်ရှိသော်လည်း ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရုတ်တရက် မိုးများရွာသွန်းမှုကြောင့် ဖျော်ဖြေရေးဇာတ်ပွဲများ တစ်ညတာ ရုပ်သိမ်းလိုက်ရကြောင်း သိရသည်။

တာဝတိံသာဘုရားဝါကျွတ်မီးထွန်းပွဲတော်နှစ်ပေါင်း ၄၀ ကျော်အတွင်း ဂေါပကဉက္ကဋ္ဌသီရိရတနာဦးတင့်လွင်အမှူးပြုသောအဖွဲ့က ဦးစွာပထမ အခမဲ့ဖျော်ဖြေရေးဇာတ်ပွဲများဖြင့်သာ ခမ်းနားစွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## မြန်မာမှုဒီဇိုင်းသုတေသီဆရာကြီး ဦးအေးမြင့်ကွယ်လွန်

မန္တလေး အောက်တိုဘာ ၄

**မြန်မာမှုဒီဇိုင်းသုတေသီဆရာကြီး ဦးအေးမြင့်သည် အောက်တိုဘာ ၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က အမရပူရမြို့ ပန်းပဲတန်းရပ် ဆင်စွယ်ပွတ်ရပ်ကွက် နေအိမ်တွင် လူကြီးရောဂါဖြင့် အသက်(၈၈)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။**



ဆရာကြီးအား အဘ ဦးကျောက်နှင့် အမိဒေါ်စံ(ဒေါ်မမလေး)တို့မှ ၁၉၃၀ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မန္တလေးမြို့၌မွေးဖွားခဲ့ပြီး အသက်(၁၇)နှစ်အရွယ်၌ မန္တလေးပန်းချီဆရာ ဦးကြွယ်လေးထံမှ စီးပွားရေးကြော်ငြာ ပန်းချီသုံးနှစ်သင်ကြားခဲ့ပြီး ဆရာ ဦးခင်မောင် (ဘဏ်အထွေထွေမန်နေဂျာ)ထံမှ ရသပန်းချီကို အခြေခံမှစ၍ သင်ယူခဲ့ကာ ၁၉၅၁ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်တိုင် ဆရာ ဦးခင်မောင်၏ ကူညီမှုဖြင့် ပျဉ်းမနား ဦးလှ စာပေးစာယူပန်းချီသင်ခန်းစာနှင့် ဝါရှင်တန်ပန်းချီကျောင်း စာပေးစာယူသင်ခန်းစာကို သင်ယူခဲ့သည်။

ထို့နောက် ပန်းချီဒီဇိုင်းနည်းပြဆရာအဖြစ် ၁၉၅၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ အိမ်တွင်းစက်မှုလက်မှုဌာနခွဲနှင့် ဆောင်းဒါးရက်ကန်းကျောင်းတွင် ဝင်ရောက်ခဲ့ပြီး မြန်မာ့ပြခန်းမွမ်းမံမှုတာဝန်ဖြင့် ၁၉၆၆ ခုနှစ်တွင် အီတလီ၊ မီလန်ကုန်စည်ပြပွဲ၊ ၁၉၇၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုန်စည်ပြပွဲ ဂျပန်(အိုဆာကာ)၊အင်္ဂလန်နှင့်ဂျာမနီတို့၌ မြန်မာမှုဒီဇိုင်းရေးဆွဲတာဝန်တို့ကို ဆောင်ရွက်ခဲ့သည်။

၁၉၈၉ ခုနှစ်မှစတင်၍ ပုံရိုက်ဒီဇိုင်း၊ ပြက္ခဒိန်ဒီဇိုင်း၊ တံဆိပ်ခေါင်းဒီဇိုင်း၊ ပညာပေးပိုစတာ၊ ပြခန်းဒီဇိုင်း၊ သီရိပစ္စယာဟိုတယ်(ပုဂံ)ယွန်းကားနံရံများ၊ ဘာသာရေးစာအုပ်အဖုံးဒီဇိုင်းများ လုပ်ဆောင်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် မင်းကွန်းပိဋကတ်စေတီ၊ စွယ်တော်မြတ်စေတီ(ရန်ကုန်၊ မန္တလေး)စသည့်စေတီတော်များ၊ စောင်းတန်းများ၊ ဓမ္မာရုံများ၊သိမ်တော်များတည်ဆောက်မှုတွင် မြန်မာမှုဒီဇိုင်းများကို ပုံထုတ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ဆရာကြီး ဦးအေးမြင့်ကွယ်လွန်သွားခြင်းနှင့် ပတ်သက်၍ မန္တလေးမြို့မှ မြန်မာမှုဗိသုကာပညာရှင် တမွဝတီဦးဝင်းမောင်က "မြန်မာမှုမှာ အထွတ်အထိပ် ဖြစ်တဲ့ ပညာရှင်ပုဂ္ဂိုလ်တစ်ဦးဆုံးပါးသွားတာ တိုင်းပြည်အတွက်ရော အနုပညာနယ်ပယ်အတွက်ပါ ဆုံးရှုံးမှုတစ်ရပ်ပါပဲ။

"မြန်မာမှုပန်းချီဆရာတွေကို ပြန်ရေတွက်ကြည့်ရင် လက်ဆယ်ချောင်းလောက်ပဲရှိတယ်။ အဲဒီထဲမှာ ဆရာကြီးက တစ်ဦးအပါအဝင်ပဲဖြစ်ပါတယ်။ မြန်မာ့ပန်းချီပညာရှင်ထဲမှာရှားပါးတဲ့ ရတနာတစ်ပါးဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာမှုဒီဇိုင်းသုတေသီ ဆရာကြီးဦးအေးမြင့်သည် အမရပူရမြို့ပန်းပဲတန်းရပ်၊ ဆင်စွယ်ပွတ်ရပ်ကွက်နေအိမ်တွင် အချိန်အခါအားလျော်စွာ မြန်မာမှု ဆောင်းပါးများ၊ မြန်မာမှုဒီဇိုင်းစာအုပ်များ ရေးသားပြုစုခြင်း၊ မြန်မာ့ပန်းချီကားများရေးဆွဲမှုနှင့် မြန်မာမှုစာအုပ်များ ဆက်လက်ပြုစုဆောင်ရွက်ခဲ့သည်။

မြန်မာမှုဒီဇိုင်းသုတေသီ ဆရာကြီးဦးအေးမြင့်၏ ရုပ်ကလာပ်ကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ရှိ တောင်အင်းမြောက်အင်းသုသာန်တွင် ပို့ဆောင်မီးသင်္ဂြိုဟ်ခဲ့ပြီး ရုပ်ကလာပ်သို့ အနယ်နယ်အရပ်ရပ်မှ မြန်မာမှုဗိသုကာ ဒီဇိုင်းပန်းချီပညာရှင်များနှင့် မန္တလေးမြို့မှ စာပေနှင့်အနုပညာနယ်ပယ် အသီးသီးမှ လိုက်ပါပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တာလေ-ကျိုင်းလပ်ကားလမ်း၌ ငွေကျပ်သိန်း ၈၀၀ တန်ဖိုးရှိ ကဖင်းအိတ်များ သိမ်းဆည်းရမိ

**မိုင်းလင်း အောက်တိုဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့ ဝိန်းလန်းကျေးရွာ တာလေ-ကျိုင်းလပ်သွားလမ်း၌ ကျပ်သိန်း ၈၀၀ ခန့်တန်ဖိုးရှိ ကဖင်းအိတ်များကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက သိမ်းဆည်းရမိသည်။



အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခန့်က နယ်မြေခံတပ်များနှင့် ရဲတပ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝိန်းလန်းကျေးရွာ တာလေ-ကျိုင်းလပ်သွား ကားလမ်းမပေါ် ၌ ကျိုင်းလပ်ဘက်မှ တာလေဘက်သို့ ရှဒ (၂၃ နှစ်)မောင်းနှင်သော Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ ကဖင်းတစ်အိတ်လျှင် ၂၅ ကီလိုခန့်ပါ အိတ် ၃၀၊ ယာဉ်အလယ်ခန်းအတွင်းတွင် ၁၀ အိတ် စုစုပေါင်း ကီလို ၁၀၀၀ ခန့် (ဒေသတန်ဖိုးငွေကျပ် သိန်းပေါင်း ၈၀၀ ခန့်)အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါယာဉ်အား စစ်ဆေးနေစဉ် ၎င်းယာဉ်၏အရှေ့မှ ကပ်လျက်မောင်းနှင်လာသည့် Vigo ယာဉ်မှာ အစစ်ဆေးမခံဘဲ မောင်းပြေးသွားသဖြင့် ဖမ်းဆီးရေးအဖွဲ့မှ ထွက်ပြေးသွားသည့် ယာဉ်အား ဖမ်းဆီးရမိနိုင်ရေး ချိတ်ဆက်ခဲ့ရာ တာလေ-တာချီလိတ်ကားလမ်းပေါ်တွင် နယ်မြေခံတပ်များမှ အဆိုပါ ထွက်ပြေးသွားသောယာဉ်မှ ကျကျို (၂၆နှစ်)အား ဖမ်းဆီးရမိပြီး မူးယစ်တပ်ဖွဲ့စု(၃၀)မှ ရဲအုပ်ကျော်စွာထွန်း ထံသို့ လာရောက်အပ်နှံခဲ့သည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ ရှဒ (၂၃နှစ်) နမ့်ခင်းအုပ်စု၊ ကျိုင်းလပ်မြို့နေသူနှင့် ကျကျို(၂၆ နှစ်)၊ မိုင်းတွမ်းအုပ်စု မိုင်းဆတ်မြို့နယ်နေသူတို့အား မိုင်းလင်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေးမြို့အဝင်ဂိတ်၌ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရေး အောက်တိုဘာ ၄**

မွန်ပြည်နယ် ရေးမြို့အဝင် ဘီးခွန်ကောက်ခံရေးဂိတ်နေရာ၌ အောက်တိုဘာ ၃ ရက် ညနေ ၆ နာရီ ၅၅ မိနစ်က မြို့နယ် Mobile Team ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ အရက်၊ ဘီယာများ လက်ဝယ်ထားရှိ ရောင်းချသူများအား ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ပူးပေါင်းစစ်ဆေးအဖွဲ့သည် ရေးမြို့ဘက်မှ ထားဝယ်မြို့ဘက်သို့ ယာဉ်မောင်း အောင်ကျော်မိုး မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ မြဝတီဆတ်ချိုနုစာတန်းပါ အရက်ပုလင်း ၁၀၉ ဗာ၊ ထန်းအရက် ၁၂ ပုလင်းပါ ဗာ ၅၀၊ singer စာတန်းပါ ဘီယာ ဗာ ၃၀၀ ၊ LEO စာတန်းပါ ဘီယာ ဗာ ၁၃၀ ၊ Chan စာတန်းပါ ဘီယာ ဗာ ၂၀ ကာလတန်ဖိုး ငွေကျပ် ၅၆ သိန်းကျော်အား သယ်ဆောင်ခွင့်ပါမစ်မရှိဘဲ သယ်ဆောင်လာသဖြင့် သိမ်းဆည်းထားကြောင်း သိရသည်။

ဆက်လက်၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် မော်လမြိုင်ဘက်မှ မောင်းနှင်လာသည့် ယာဉ်မောင်း အေးကို ခြောက်ဘီးယာဉ်ကို ရှာဖွေရာ RP RUM စာတန်းပါ အရက်ဗာ ၁၀ ဗာ ကာလတန်ဖိုးငွေကျပ် ၁၂၀၀၀ အား ယစ်မျိုးသယ်ဆောင်ခွင့်ပါမစ် အထောက်အထားမရှိ၍ သိမ်းဆည်းအရေးယူထားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေးမြို့မ ရဲစခန်းက ယစ်မျိုးဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ထီးချိုင့်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းလှေရှစ်စင်း သိမ်းဆည်းရမိ

**ထီးချိုင့် အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ဧရာဝတီမြစ်အတွင်းမှ တရားမဝင်ကျွန်းသစ်ဖြင့် ပြုလုပ်ထားသော လှေရှစ်စင်းအား ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃ ရက် မွန်းတည့် ၁၂ နာရီခန့်က ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းအောင် ခေါင်းဆောင်သော သစ်တောဝန်ထမ်းများသည် ဧရာဝတီမြစ်အတွင်း တရားမဝင်ကျွန်းသစ်လှေများ စုန်ဆင်းလာကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ထီးချိုင့်မြို့နယ် လှေဘိုကျေးရွာနေ မကေသီခိုင်၊ မနွယ်နွယ်ခိုင်၊ မစောမွန်တို့ သုံးဦးသည် တရားမဝင်ကျွန်းသားများဖြင့် လှေအသစ်ရှစ်စင်းပြုလုပ်၍ မန္တလေးမြို့သို့ စုန်ဆင်းရောင်းချရန် စစ်ဆေးပေါ်ပေါက်သဖြင့် မကေသီခိုင်ပါ အမျိုးသမီး သုံးဦးအား ထီးချိုင့်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**လူအောင်(ကသာ)**

# မရမ်းချောင်အမြဲတမ်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြဝတီမှ ရန်ကုန်သွားမည့်ယာဉ်အား စစ်ဆေးရှာဖွေရာ ကန့်သတ်ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၃၃၄ စီး၊ သွင်းကုန် ၃၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၃၆၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှုခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉ ဒသမ ၄၉၈ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈ ဒသမ ၈၆၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Blue Lable (1 × 6 btt) 1 liter (20)Pkgs၊ Gold Lable Reserve F1 Official (1 × 6 btt) 1 liter (50)Pkgs ၊ Gold Lable Reserve (1 × 6 btt) 1 liter (25)Pkgs၊ Black Lable (1 × 12 btt) 1 liter (50)Pkgs ၊ Double Black (1 × 12 btt) 1 liter (156) Pkgs၊ Double Black (Inspirin Stories ) (1 × 12 btt) 1 liter (72) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၉ ဒသမ ၆၅၈ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်၍ တစ်ဦးသေဆုံး

**ခိုလမ် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ခိုလမ်မြို့နယ်အတွင်း တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်၌ အောက်တိုဘာ ၃ ရက်က GG/---- SUCCEED ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်၍ လူတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ခိုလမ်နယ်မြေရဲစခန်းမှ ရဲအုပ်စိန်မင်း၊ ဒုတပ်ကြပ်အောင်ရဲကျော်နှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်မောင်း ထွန်းလင်းဦး(၄၂ နှစ်) ရပ်ကွက်(၁) ခိုလမ်မြို့နေသူမောင်းနှင်လာသော ခိုလမ်-တောင်ကြီးပြေးဆွဲသည့် ရွှေခိုလမ် ခရီးသည်တင်ယာဉ်အမှတ် GG/----SUCCEED ယာဉ် လိုင်စင်(စစ်ဆေးဆဲ)ကို ခိုလမ်မြို့ဘက်မှ တောင်ကြီးမြို့ဘက်သို့ ခရီးသည်လေးဦး တင်ဆောင်မောင်းနှင်လာစဉ် ခိုလမ်မြို့အနောက်ဘက် နမ့်ကျိုင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၂၁၂/၃)နှင့် (၂၁၂/၄)အကြား မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ယာဉ်တစ်စီးကို ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ဦးစန်းဦးမှာ သတိလစ်မေ့မြောနေပြီး ကိုဇော်မင်း(၄၂)နှစ်တွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကာ ဦးစန်းလွင်(၅၅ နှစ်)နှင့် မဇင်မင်းလှိုင်တို့မှာ ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။ ဒဏ်ရာရရှိသူများအား ခိုလမ်မြို့ ခုတင် ၁၀၀ ဆေးရုံသို့ ပို့အပ်ခဲ့ရာ ဆေးရုံအရောက်တွင် ဦးစန်းဦးမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းထွန်းလင်းဦးအား ခိုလမ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခိုလမ်(မြန်/ဆက်)**

# ညောင်လေးပင်၌ အင်ဂျင်ဝိုင်များတင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်

**ညောင်လေးပင် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီ မိနစ် ၅၀ ခန့်က အင်ဂျင်ဝိုင်များ တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ အင်ဂျင်ဝိုင်များတင်ဆောင်လာသည့် ယာဉ်မောင်း စိုင်းလင်းငယ်(စုံစမ်းဆဲ) နှင့် ယာဉ်နောက်လိုက် ရဲနိုင်ဦး (၂၄ နှစ်) ဖြူးမြို့နယ်နေသူနှင့် ဖြိုးဖြိုးအောင် (၂၀ နှစ် ) ဖြူးမြို့နေသူတို့ လိုက်ပါလာသည့် ယာဉ်အမှတ် 9F/---- Nissan Diesel ယာဉ်သည် ညောင်လေးပင်မြို့ တော်ဝိ ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၀၃/၃)နှင့် (၁၀၃/၄)အကြားတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ယာဉ်အနည်းငယ် ပိန်ချိုင့်သွားပြီး ယာဉ်မောင်း စိုင်းလင်းငယ်မှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားသည်။

သို့ဖြစ်၍ ယာဉ်မဆင်မခြင်မောင်းနှင်ပြီး ထွက်ပြေးတိမ်းရှောင်သွားသော စိုင်းလင်းငယ်အား ညောင်လေးပင်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# သန်လျင်၌ မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၄**

သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကညင်ပင်ကျေးရွာ(၂)လမ်းရှိ ဦးမောင်ဇော်-ဒေါ်ရင်ထိုက်တို့၏ နေအိမ်တွင် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပေ (၁၀ × ၄၀)အုတ်ညှပ်အိမ်နှင့် အနီးရှိ ပေ (၃၀ × ၄၀) နေအိမ်သို့လည်း မီးကူးစက်လောင်ခဲ့သည်။

မီးလောင်ရာသို့ ဌာနဆိုင်ရာများ၊ တောင်ပိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ နယ်မြေခံတပ်မတော်သားများနှင့် ကျေးရွာနေပြည်သူများက မီးသတ်ယာဉ်ငါးစီးနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သန်လျင်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# လင်မယားချင်းစကားများရာက နို့စို့အရွယ်ကလေးငယ်တစ်ဦးသေဆုံး

**နေပြည်တော် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မယင်းကုန်းကျေးရွာ၌ အောက်တိုဘာ ၃ ရက် နံနက် ၂ နာရီက လင်မယားချင်းစကားများရန်ဖြစ်ရာက နို့စို့အရွယ်ကလေးငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

သတင်းအရ ထူးကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ မယင်းကျေးရွာနေ အောင်မင်းဦး(၂၅နှစ်)သည် ဇနီးဖြစ်သူ မရီနွယ်ဝင်း(၁၉ နှစ်)နှင့် စကားများရန်ဖြစ်စဉ် မရီနွယ်ဝင်းအား လက်သီးဖြင့်ထိုးရာ မထိဘဲ ရင်ခွင်အတွင်းနို့စို့နေသည့် ကျော်လင်းသူ (၁၁)လသားကို ထိုးမိသွား၍ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အောင်မင်းဦးအား ထူးကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# KBZ Bank Women's League ပြိုင်ပွဲ သစ္စာအားမာန် အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးမှုဖြင့် ကျင်းပနေသည့် KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၀) ဒုတိယနေ့အဖြစ် သစ္စာအားမာန်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထိပ်ဆုံးမှ မြဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ရန် နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး သစ္စာအားမာန်အသင်းက အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

သစ္စာအားမာန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးမှ မြဝတီအသင်းထက် တစ်ပွဲပိုကစားထားပြီး တစ်မှတ်လျော့ဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။ နောက်ဆုံးနေ့ကို အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှလူငယ်တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များ ကြက်တောင်အားကစားနည်းကို စိတ်ပါဝင်စားမှုရှိစေရေးနှင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိ လက်ခံကျင်းပသည့် အာရှလူငယ်အသက်(၁၇)နှစ်အောက်နှင့် အသက်(၁၅)နှစ်အောက် တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြလေးစိန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်သည်။

အဆိုပါပြိုင်ပွဲသို့ အိမ်ရှင် မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ သီရိလင်္ကာ၊ တရုတ်(တိုင်ပေ)၊ ဂျပန်၊ ဟောင်ကောင်၊ မကာအို၊ အိန္ဒိယ၊ နီပေါနိုင်ငံတို့မှ စုစုပေါင်းပြိုင်ပွဲဝင် ၃၂၈ ဦး ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယနေ့ ပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲပေါင်း ၁၂၂ ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်း-အေကေလင်း**

# မြန်မာအသင်းနှင့် ထိုင်းအသင်း ယနေ့ ခြေစမ်းပွဲကစားမည်

**မန္တလေး အောက်တိုဘာ ၄**

မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင် အသင်းတို့၏ ခြေစမ်းပွဲကို အောက်တိုဘာ ၅ ရက် **(ယနေ့)** ညနေ ၆ နာရီခွဲတွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ကာဂျစ္စတန်အသင်းနှင့် အာရှဖလားခြေစစ်ပွဲအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ရှိ Golden ဟိုတယ်၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် ကစားသမားများ တက်ရောက်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ထိုင်းအသင်းကို တိုက်စစ်ဖွင့်ကစားမှာလားဆိုတော့ ကျွန်တော်တို့က ဘောလုံးကစားနေတာဖြစ်တဲ့အတွက် အခွင့်အရေးရှိရင် ရှိသလို ရလဒ်ကောင်းအတွက် အသုံးချကစားရမှာဖြစ်ပါတယ်။ ကြည်လင်းက တစ်နှစ်ပတ်လုံး နားနေခဲ့ရပေမယ့် ပြီးခဲ့တဲ့ တစ်ပတ် နှစ်ပတ်အတွင်းမှာပဲ ပုံမှန်ခြေစွမ်းနဲ့ ပြန်ကစားနိုင်ပါပြီ။ မနက်ဖြန်ခြေစမ်းပွဲကစပြီး အဓိက ကစားသမားနေရာအတွက် ဘယ်သူတွေကို ဦးစားပေးသုံးစွဲရမယ်ဆိုတာကို စမ်းသပ်ရမှာပါ" ဟု ပြောသည်။

ထိုင်းလက်ရွေးစင်အသင်း နည်းပြချုပ် မီလန်နိုရာဂျီဗစ်က "အိမ်နီးချင်းနိုင်ငံတွေလည်းဖြစ်တဲ့အတွက် ဒီခြေစမ်းပွဲက အားလုံးအတွက် အကျိုးရှိတဲ့ ပွဲကောင်းတစ်ပွဲ ဖြစ်မှာပါ။ ရလဒ်အတွက် အဓိကမဟုတ်ဘဲ ကျွန်တော်တို့အသင်းမှာရှိတဲ့ ကစားသမားတွေ စွမ်းဆောင်ရည် ပိုမြင့်မားလာဖို့၊ ပွဲအတွေ့အကြုံရစေဖို့ အဓိကထား ကစားသွားမှာပါ။ ကျွန်တော်တို့ မြန်မာနဲ့ပွဲပြီးရင် ကင်ညာနဲ့ ကစားဖို့ရှိပါတယ်။ မတူညီတဲ့ ကစားဟန်ရှိတဲ့ အသင်းနှစ်သင်းကို ရင်ဆိုင်ရမှာဖြစ်တဲ့အတွက် အသင့်တော်ဆုံးဖြစ်မယ့် ကစားသမားတွေကို ရွေးချယ်ပွဲထုတ်သွားမှာပါ"ဟု ပြောကြားသည်။

**ညီမြတ်သော်တာ**




## ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ သမီးဦးရတနာလေးကို ၂၇-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် ရန်ကုန်မြို့၊ ပန်းလှိုင်စီလုံဆေးရုံကြီး၌ အောင်မြင်ကျန်းမာစွာဖြင့် မွေးဖွားပေးခဲ့သော သားဖွားနှင့်မီးယပ်အထူးကုသမားတော်ကြီး ပါမောက္ခ ဒေါက်တာ ဦးသိန်းမြင့်သူ၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဘွားဘွားဒေါက်တာ ဒေါ်မေသိန်းတိုး၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်နီလာခင်၊ သားဖွားနှင့်မီးယပ် အထူးကု ဆရာဝန်ကြီးဒေါက်တာဦးဝဏ္ဏသော်၊ ဒေါက်တာ အောင်ဇော်မြင့်၊ ဒေါက်တာ အိကေကေကျော်နှင့် ပန်းလှိုင်စီလုံဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ တာဝန်ရှိဝန်ထမ်းများ၊ ပန်းလှိုင်စီလုံဆေးရုံမိသားစုများ အားလုံးကို အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်**
**ဖေဖေဦးလင်းထက်အေး-မေမေဒေါက်တာသင်းရန့်အောင်**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၈)မွန်ပြည်နယ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တည်နေရာ | အရေအတွက် |
|---|---|---|
| (က) | ရေးမြို့ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | (၁) ခု |
| (ခ) | ကျိုက်ထိုမြို့နယ်၊ စစ်တောင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | (၁) ခု |
| (ဂ) | ဘီးလင်းမြို့နယ်၊ နှင်းပုလဲကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | (၁) ခု |
| (ဃ) | ပေါင်မြို့နယ်၊ အဟောက်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | (၁) ခု |
| (င) | မော်လမြိုင်မြို့နယ်၊ ကော့တွန်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း | (၁) ခု |

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၇-၁၁-၂၀၁၇ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မွန်ပြည်နယ်ရုံး၊ မော်လမြိုင်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မွန်ပြည်နယ်ဦးစီးမှူးရုံးဖုန်း-၀၅၇-၂၀၂၄၅၉၉၊ ၀၉-၇၇၉၉၀၁၆၁၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေး လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရေကြည်မြို့နယ်၊ အသုတ်နယ်မြေရဲစခန်း(၄)ခန်းတွဲ(၃)ထပ်၊ ၃(၇၈'×၆၀')တစ်လုံး
(ခ) လပွတ္တာမြို့နယ်၊ လပွတ္တာမြို့မရဲစခန်း(၆)ခန်းတွဲ(၃)ထပ်၊ ၃(၁၂၆'×၃၅·၆')+၃×၂(၁၀'×၂၀')တစ်လုံး
(ဂ) ဘိုကလေးမြို့နယ်၊ ဘိုကလေးမြို့မရဲစခန်း(၆)ခန်းတွဲ(၃)ထပ်(၁၂၆'×၃၅·၆')+၃×၂(၁၀'×၂၀')တစ်လုံး

၂။ အဆိုပြုလွှာများကို ၄-၁၀-၂၀၁၇ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၄-၁၁-၂၀၁၇ ရက် ရုံးချိန် နံနက်၉း၃၀နာရီအတွင်း နောက်ဆုံးပေးပို့တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ပုသိမ်မြို့တွင် ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး - ၀၄၂-၂၁၀၃၀၊ ၀၄၂-၂၁၁၁၇**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် တိုးချဲ့ပေါက်တော၊ မြေကွက်အမှတ် ၄၂၊ ဧရိယာ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ် ၄၂၊ ဘုရင့်နောင်လမ်းသွယ် ၂လမ်း၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်(ဒေါ်ဟုတ္တာဘီ) အမည်ပေါက်နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ဟုတ္တာဘီ( BQ-၀၂၆၉၁၂)မြေကွက်အား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၆၂/၁၄ဖြင့် အမွေထိန်းလက်မှတ် စာထုတ်ပေးသည့် ၂-၂-၂၀၁၅ ရက်စွဲပါ အမိန့်၊ ၅-၂-၂၀၁၆ ရက်စွဲပါ အမွေထိန်း လက်မှတ်စာ၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ မထွေ-၂၂/၁၆၏ ၃၀-၁၂-၂၀၁၆ရက်စွဲပါ စီမံခန့်ခွဲခွင့်အမိန့်၊ တရားရုံးအမိန့်တွင် အမှန်တကယ်လျှောက်ထားသူအမည်မှန်မှာ ဟုတ္တာဘီဖြစ်၍ မှားယွင်းရေးသားထားသော ဟရှာဘီအားဖျက်၍ အမည်မှန်ဟုတ္တာဘီအား ပြင်ဆင်ရေးသားပေးလိုက်သည်မှာ မှန်ကန်ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၏ ၄-၈-၂၀၁၇ ရက်စွဲပါ ထောက်ခံစာ၊ သေစာရင်းလက်မှတ်၌ အမည်ကို ဒေါ်အဟုတ္တာဘီဟု ဖော်ပြထားခဲ့ပါကြောင်း၊ သေဆုံးမှုလက်မှတ်လျှောက်ထားစဉ်က တိုင်ကြားသူမှာ ရပ်ကွက်တွင် သာရေး၊ နာရေးကူညီသူဖြစ်ပြီး ရပ်ကွက်အခေါ်အဝေါ် ဒေါ်အဟုတ္တာဘီဟု ထည့်သွင်းဖော်ပြမိခဲ့ပါသဖြင့် အမည်မှန်မှာ ဒေါ်ဟုတ္တာဘီဖြစ်ပါကြောင်းနှင့် ဖြစ်ပေါ်လာမည့် ကိစ္စအဝဝကို တာဝန်ယူမည်ဖြစ်ပါကြောင်း ရှင်းလင်းစာတို့တင်ပြ၍ ဒေါ်ကြည်ကြည်မြင့် ISN -၆၀၉၁၂၅ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းကျေးရွာနေ မိအေးသန္တာဝင်း၏ ဖခင် ဦးထော ၃/ကကရ(နိုင်)၀၂၃၁၅၈ နှင့် ဦးမွန်ထောမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးထော(ခ)ဦးမွန်ထော**

## ဖခင်အမည်မှန်

မုဒုံမြို့၊ အထက(၁)၊ ဆဋ္ဌမတန်းမှ မောင်မွန်ချမ်း၏ ဖခင်အမည်မှန်မှာ ဦးအောင် ၃/ကဆက(နိုင်)၀၄၃၃၈၇ ဖြစ်ပါကြောင်း။

**ဦးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၉၀၄၄၅ KENBO - 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင် ၁၄/ပသန(နိုင်)၁၄၆၆၇၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်၊ ရွှေလင်ပန်းစက်မှုမြို့၊ မြေတိုင်း(၂၅)၊ မြေကွက်အမှတ်(၄၆၅ခ/၂)၊ ဧရိယာ(၂ဒသမ၀၀၂)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြတောင်ဝန်ဦးမိုလမ်း၊ အမှတ်(၄၆၅ခ/၂)ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် ဦးသန်းငြိမ်း ၁၂/မဂတ(နိုင်)၀၆၈၄၄၇ အမည်ပေါက်ထားပြီး ဦးသန်းငြိမ်းထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်သိန်း ၁၂/လသန(နိုင်)၀၀၈၅၇၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အဆောက်အအုံတန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မြလှဲ့ဝင်း (L.L.B) အထက်တန်းရှေ့နေ**
**အမှတ်-၈၃၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၈၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၆)၊ ဦးပိုင်အမှတ်(၃၂)၊ ၅၅×၅၆လမ်းကြား၊ အေးသုခ×ရတနာလမ်းကြားရှိ ဒေါ်ဝင်းဦး အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးမျိုးမင်းစိုး ၈/တတက(နိုင်)၁၀၆၄၀၁မှ ဦးပိုင်၃၂(ခဲစင်း)တောင်ဘက်ခြမ်းအား မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၈၅၅၂၅ Honda Dream- 125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၁၄/ပသန(နိုင်)၂၇၄၃၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းနေလင်းဦး ၁၀/ခဆန(နိုင်)၁၂၂၂၁၂ ၏ Passport - No.(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

**သွေးသည် အသက်**

# ဖာတာပါတီနှင့် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တို့ကြား ပြန်လည်သင့်မြတ်ရေးဖော်ဆောင်

**ဂါဇာ အောက်တိုဘာ ၄**
ဖာတာပါတီနှင့် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တို့ ပြန်လည်သင့်မြတ်ရေး အရွေ့တစ်ခုကို ထုဆစ်ပုံဖော်သည့်အနေဖြင့် သုံးနှစ်ကြာကာလအတွင်း ဂါဇာကမ်းမြောင်ဒေသအတွင်း ပြုလုပ်သည့် ပထမဆုံးပါလက်စတိုင်းဝန်ကြီးအစည်းအဝေးတွင် ဝန်ကြီးချုပ် ရာမီအယ်လ်ဟမ်ဒယ်လာ့ဟ်သည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဟားမားစ်တို့သည် သမ္မတမာမွတ်အဲ့ဘက်စ်သစ္စာခံ ဖာတာတပ်ဖွဲ့များကို တိုက်ခိုက်ပြီး ဂါဇာကမ်းမြောင်ဒေသကို ၂၀၀၇ ခုနှစ်တွင်သိမ်းပိုက်ခဲ့ကာ ထိုအချိန်ကတည်းက လူဦးရေနှစ်သန်းခန့်နေထိုင်သည့် ချွတ်ခြုံကျနေသော သဲကန္တာရကို အုပ်ချုပ်ခဲ့သည်။

ဝန်ကြီးအစည်းအဝေးကို လွန်ခဲ့သော ၂၀၁၄ခုနှစ်ကတည်းက ဂါဇာဒေသတွင် ပထမဆုံးအကြိမ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဟမ်ဒယ်လာ့ဟ်က ၎င်း၏ဝန်ကြီးများကို ပြောကြားခဲ့သည်။

ထို့အပြင် ယခုအစည်းအဝေးသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် အီဂျစ်နိုင်ငံနှင့် အခြားအမေရိကန်မဟာမိတ် အာရပ်နိုင်ငံများက ထောက်ခံမြှင့်တင်ပေးသည့် ပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်၏ အဓိကအဆင့်ဖြစ်ကြောင်းလည်း ဆက်လက်ရှင်းပြခဲ့သည်။

“ဒဏ်ရာတွေကိုကုစားပြီး သမိုင်းတွင်စေမယ့် ဖြစ်ရပ်တွေနဲ့ အရေးကြီးတဲ့ကိစ္စရပ်တွေမစတင်ခင် ဒီနေ့ကျွန်တော်တို့ အတူတကွရပ်တည်ခဲ့ကြတယ်။ မတူညီမှုတွေကို ဘေးဖယ်ထားပြီး နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သင့်တယ်” ဟု ဝန်ကြီးချုပ် ရာမီအယ်လ်ဟမ်ဒယ်လာ့ဟ်က ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုသည် ၎င်း၏လက်ယာယိမ်းလီကွတ်ပါတီမှ ဥပဒေပြုလွှတ်တော်အမတ်များနှင့် တွေ့ဆုံရာတွင် ပါလက်စတိုင်းအနေဖြင့် ဖန်တီးထားသောပြန်လည်သင့်မြတ်ရေးကို ပါဝင်အားပေးဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၀၈ခုနှစ်ကတည်းက အစ္စရေးနှင့် တိုက်ပွဲသုံးကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့သော ဟားမာ့စ်အတွက် အီရန်ရန်ပုံငွေထောက်ပံ့မှုကိုလည်း ပြောကြားခဲ့သည်။

အစ္စရေးဘက်မှ ရှုမြင်တဲ့နည်းလမ်းမှာ အလွန်ရိုးရှင်းကြောင်း အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက တပ်မတော် ရေဒီယိုအသံလွှင့်တစ်ခုတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။
**(ရိုက်တာ)**



**ပါလက်စတိုင်းဝန်ကြီးချုပ်ရာမီအယ်လ် ဟမ်ဒယ်လာ့ဟ်နှင့် ၎င်း၏ ကိုယ်စားလှယ်အဖွဲ့ကို ဂါဇာကမ်းမြောင်ဒေသသို့ လိုက်ပို့သော ယာဉ်တန်းကိုတွေ့ရစဉ်**

## ဆဲလ်ဖီရိုက်နေသော လူငယ်သုံးဦး ရထားတိုက်မိကာ သေဆုံး

**နယူးဒေလီ အောက်တိုဘာ ၄**
အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်တွင် ဆဲလ်ဖီရိုက်နေသော လူငယ်သုံးဦးအား အမြန်ရထားတစ်စင်းက ဝင်တိုက်မှုဖြစ်ပွားခဲ့ရာ အဆိုပါ လူငယ်သုံးဦးမှာ သေဆုံးသွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောခဲ့သည်။

ကာနာတာကာ၏ မြို့တော် ဘန်ဂါလူရူတောင်ဘက် ကီလိုမီတာ ၃၀ နီးပါးဝေးသော ဘိုင်ဒါဒီမြို့မီးရထားလမ်းပေါ်တွင် လူငယ်သုံးဦးရထားတိုက်မိမှုဖြစ်ပွားခဲ့ကြောင်း၊ ရထားတိုက်မိမှုဖြစ်ပွားချိန်၌ ၎င်းတို့သုံးဦးမှာ မီးရထားလမ်းပေါ်တွင် ဆဲလ်ဖီရိုက်နေကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

“၎င်းတို့ရဲ့နောက်မှာ ဒီလောက်မြန်တဲ့ ရထားကြီးတစ်စင်းလုံးလာနေတာတောင် မသိရလောက်အောင် ဖြစ်နေတဲ့ ကိစ္စကို ကျွန်တော်တို့ စုံစမ်းနေပါတယ်” ဟုအဆိုပါရဲအရာရှိကပြောကြားခဲ့သည်။
**(ဆင်ဟွာ)**

# အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့ သိမ်းပိုက်ထားသည့် အီရတ်နိုင်ငံမြောက်ပိုင်းဟာဝီဂျာတွင် ပြည်သူ ၇၈၀၀၀ ခန့်ပိတ်မိနေ

**ဘဂ္ဂဒက် အောက်တိုဘာ ၄**
အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့ သိမ်းပိုက်ထားသည့် အီရတ်နိုင်ငံမြောက်ပိုင်းဟာဝီဂျာကို ပြန်လည်သိမ်းပိုက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့များက ကြိုးစားဆောင်ရွက်နေသော်လည်း အဆိုပါဒေသတွင် ပြည်သူပေါင်း ၇၈၀၀၀ ထိပိတ်မိနေနိုင်ကြောင်း ကုလသမဂ္ဂအဖွဲ့က မကြာသေးမီတွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အိုင်အက်စ်ထိုးစစ်ကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ ၂၀၁၄ ခုနှစ် ကတည်းက ပြိုကွဲပြီးနောက် စစ်သွေးကြွများ လက်အောက်သို့ ကျရောက်နေသော ဟာဝီဂျာကို သိမ်းပိုက်ရန် အီရတ်တပ်ဖွဲ့များက စက်တင်ဘာ ၂၁ ရက်ကတည်းက ထိုးစစ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသသည် အီရတ်နိုင်ငံမြောက်ပိုင်းတွင်ရှိသည့် အိုင်အက်စ်စစ်သွေးကြွတို့နောက်ဆုံးသိမ်းပိုက်ထားရာ နေရာတစ်ခုအဖြစ် ဆက်လက်ကျန်ရှိနေသေးကြောင်း သိရသည်။

အဆိုပါဒေသကို ပြန်လည်ရရှိရေးထိုးစစ်ဆင်တိုက်ခိုက်မှုများအတွင်း ပထမရက်သတ္တပတ်၌ လူဦးရေ ၇၀၀၀ ခန့်ထွက်ပြေးခဲ့ရာမှ ယခုအချိန်တွင် လူဦးရေ ၁၂၅၀၀ ခန့်ထွက်ပြေးခဲ့ကြောင်း၊ သို့သော်လည်း လက်ရှိတွင် လူပေါင်း ၇၈၀၀၀ ခန့် ပိတ်မိနေဆဲရှိသေးကြောင်း ကုလသမဂ္ဂလူသားချင်းဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဂျန်းလာကီက ပြောခဲ့သည်။ စစ်သွေးကြွများကလည်း အချို့ဒေသခံများထွက်ခွာမသွားရေး တားဆီးမှုများရှိနေကြောင်း အီရတ်လုံခြုံရေးအရာရှိများက ပြောခဲ့သည်။ တချို့ကလည်း ၎င်းတို့လွတ်မြောက်ရေးအတွက် အစိုးရတပ်ဖွဲ့များထံ ပြေးထွက်သွားလိုသော်လည်း အိုင်အက်စ်စစ်သွေးကြွတို့ ထောင်ထားသောဗုံးများ နင်းမိမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။



အဆိုပါဒေသတွင် ပိတ်မိနေသော ပြည်သူများ၏ အသက်ရှင်နေထိုင်ရေးကို စိုးရိမ်ပူပန်နေရကြောင်း၊ ၎င်းတို့ကို အဆိုပါဒေသမှ အန္တရာယ်ကင်းစွာ ထွက်ခွင့်ရရေး အချိန်တိုင်းကူညီသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဂျန်းလာကီက ပြောခဲ့သည်။
**(ရိုက်တာ)**

## ကက်ရှ်မီးယားရှိ အိန္ဒိယအင်အားစုများတိုက်ခိုက်ခံရ

**နယူးဒေလီ အောက်တိုဘာ ၄**
အိန္ဒိယနယ်စပ်ရှိ လုံခြုံရေးစခန်းတစ်ခုကို အင်္ဂါနေ့တွင် စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးကျဆုံးပြီး စစ်သွေးကြွသုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

သေနတ်ဖြင့်အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများသည် ကိုးနာရီကြာမြင့်ခဲ့သည်။ အိန္ဒိယတပ်မတော်အင်အားစုများသည် အဆိုပါ ဧရိယာ၌ အခြားသောစစ်သွေးကြွများ ရှိနေနိုင်သေးသည့်အတွက် ထပ်မံရှာဖွေလျက်ရှိသည်။

လုံခြုံရေးစခန်းအနီးရှိဒေသဆိုင်ရာလေဆိပ်ကို ဘေးကင်းစေရန်အတွက် ယာယီပိတ်ထားခဲ့ရာ ပြည်ပခရီးသည်အချို့ သောင်တင်နေခဲ့သည်။ နယ်စပ်ဒေသဖြစ်သည့်ကက်ရှ်မီးယားကို အိန္ဒိယနှင့်ပါကစ္စတန်က သူပိုင်သည်၊ ငါပိုင်သည်ဟုဆိုကာ အငြင်းပွားလျက်ရှိသည်။ ဩဂုတ်လအတွင်းက အဆိုပါဒေသ၌ပင် လုံခြုံရေးစခန်းတစ်ခု တိုက်ခိုက်ခံခဲ့ရပြီး အိန္ဒိယရဲအရာရှိရှစ်ဦး သေဆုံးခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## တူရကီအရှေ့တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် တပ်မတော်သားလေးဦးကျဆုံး

**အန်ကာရာ အောက်တိုဘာ ၄**
တူရကီအရှေ့တောင်ပိုင်း ဟာကာရီပြည်နယ်တွင် ဗုဒ္ဓဟူးနေ့အစောပိုင်းက ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တူရကီတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဟာကာရီပြည်နယ်ရှိ ယူစီကိုဗာလမ်းပေါ်၌ ကာ့ဒ်အလုပ်သမားပါတီ ပီကေကေ(PKK)မှစစ်သွေးကြွများက ဗုံးထောင်ထားခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ တပ်မတော်သားများသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရုံးအဖွဲ့ကပြောကြားခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများအား ပြည်သူ့ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ခဲ့သည်။ **(ဆင်ဟွာ)**

# ဝန်ကြီးချုပ်ဟောင်းရင်လတ် ဗြိတိန်၌ ခိုလှုံနေကြောင်းသတင်းရ

**ဗန်ကောက် အောက်တိုဘာ ၄**
ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်ထရာသည် ဗြိတိန်၌ခေတ္တခိုလှုံနေထိုင်နေသည်ဟု သတင်းရရှိခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ဒုတိယရဲမင်းကြီးက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်မှာ အာရပ်စော်ဘွားများပြည်ထောင်စုအတွင်းရှိ အာဏာပိုင်များက ရင်လတ်သည် ဒူဘိုင်းမှတစ်ဆင့် ဗြိတိန်သို့ထွက်ခွာသွားခဲ့သည်ဟု ထိုင်းအစိုးရသို့ သတင်းပေးခဲ့ကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ထိုင်းတရားရုံးချုပ်သည် ဝန်ကြီးချုပ်ဟောင်းရင်လတ်အား နိုင်ငံ့ဘဏ္ဍာငွေများကိုနစ်နာဆုံးရှုံးစေခဲ့သည့် ဆန်စပါးအမတော်ကြေးငွေကိစ္စရပ်တွင် မဆင်မခြင်ဆောင်ရွက်ခဲ့မှုဖြင့် မျက်ကွယ်ထောင်ဒဏ်ငါးနှစ်ချမှတ်ခဲ့သည်။

ရင်လတ်က ၎င်းအားအရေးယူဆောင်ရွက်မှုသည် တပ်မတော်ဦးဆောင်သည့်အစိုးရအဖွဲ့က လုပ်ကြံဇာတ်လမ်းဆင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးအရလုပ်ဆောင်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရင်လတ်သည် တရားရုံးက စီရင်ဆုံးဖြတ်ရန်ချိန်းဆိုသည့်နေ့တွင် လာရောက်ရန် ပျက်ကွက်ခဲ့သည်။

ထိုင်းအာဏာပိုင်များက ရင်လတ်သည်ကမ္ဘောဒီယားနိုင်ငံကို ဖြတ်ကျော်ကာ ထွက်ခွာသွားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ လက်ရှိဆောင်ရွက်နေသည့် ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ရင်လတ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စုသို့ရောက်ရှိနေသည်ဟုပြောကြားခဲ့သည်။

ဒူဘိုင်းနှင့်ပါရီသည် ရင်လတ်၏အစ်ကိုဖြစ်သူသက်ဆင်ရှင်နာဝပ်တရာကို ပြည်နှင်ဒဏ်ပေးရန်ရွေးချယ်ခဲ့သည့်နေရာဖြစ်သည်။ အစ်ကိုဖြစ်သူသက်ဆင်သည်လည်း တရားရုံး၌စီရင်ချက်ချရန်ချိန်းဆိုမှုကို ပျက်ကွက်ခဲ့သည်ဟု သိရသည်။
**(အင်န်အိတ်ချ်ကေ)**



# ၂၀၁၇ အာဆီယံနိုင်ငံဆိုင်ရာ သတင်းမီဒီယာဆွေးနွေးနှီးနှောဖလှယ်ပွဲမှ ရရှိခဲ့သော အတွေ့အကြုံများ

တင်လင်းအောင်

**ပေကျင်းသို့ ၂၀၁၇ အာဆီယံနိုင်ငံများဆိုင်ရာ သတင်းမီဒီယာအရာရှိများနှင့် သတင်းထောက်များ ဆွေးနွေးနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ကျွန်တော်တို့ မြန်မာအဖွဲ့သည် CA 906 Air China လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ၁၃-၉-၂၀၁၇ ရက် ည ၁၁ နာရီ မိနစ် ၅၀ ၌ ထွက်ခွာလာရာ ပေကျင်းလေဆိပ်သို့ ၁၄-၉-၂၀၁၇ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ခွဲခန့်တွင် ရောက်ရှိကြသည်။ တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ထုတ်ဝေသူများအဖွဲ့ (စီအိုင်ပီဂျီ)မှ စီစဉ်သူများဖြစ်ကြသော မစ္စစီစီလျန်နှင့် လီရန်တို့က လေဆိပ်တွင်လာရောက်ကြိုဆိုကြပြီး ပေကျင်းမြို့ရှိ ရှီကျောင်းဟိုတယ်သို့ ဆက်လက်ထွက်ခွာလာခဲ့ရာ ဒေသ စံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် ရောက်ရှိခဲ့သည်။ သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက်နံနက် ၉ နာရီခွဲတွင် တည်းခိုရာ ရှီကျောင်းဟိုတယ်၊ အဆောင် ၉၊ ရန်ကွမ်း (တောက်ပသောဟုအဓိပ္ပာယ်ရ)စည်းဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။**

### အမှာစကားပြောကြား

လာအိုနှင့်မြန်မာနိုင်ငံတို့မှ သင်တန်းသားများက မိတ်ဆက်စကား ပြောကြားပြီး တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ထုတ်ဝေသူများအဖွဲ့သင်တန်းရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး လီဟန်ကျန်းက တက်ရောက်၍ သင်တန်းဖွင့်ပွဲနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

### ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးရှိရာနိုင်ငံ

သင်တန်း၌ စီအိုင်ပီဂျီဥက္ကဋ္ဌဟောင်း ကြူမင်းဝေက ခေတ်သစ်တရုတ်နိုင်ငံနှင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအကြောင်းကို ပို့ချခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးရှိရာနိုင်ငံဖြစ်သလို ရင်းနှီးမြှုပ်နှံမှုသည်လည်း ၂၀၀၂ ခုနှစ်တွင် ၂၇ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ဘီလီယံ ၅၀၀ သို့ တိုးတက်လာခဲ့၍ အမေရိကန်ကို မယှဉ်နိုင်သေးသော်လည်း ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် နှစ်စဉ်အနည်းဆုံး ၃၅ ရာခိုင်နှုန်းခန့် ပြောင်းလဲတိုးတက်မှုများဖြစ်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခြင်းသည် အသစ်အသစ်သော ပြောင်းလဲမှုများကို အမီလိုက်နိုင်၍ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် စိန်ခေါ်မှုများနှင့် ပြဿနာများရှိသလို တရုတ်နိုင်ငံတွင်လည်း အလားတူပြဿနာများရှိကြောင်း၊ သို့သော်လည်း တရုတ်နိုင်ငံသည် ယှဉ်ပြိုင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာနေကြောင်း၊ ထို့အတူ ဟန်ချက်ညီညီ ရပ်တည်နိုင်ခဲ့ကြောင်း စသည်ဖြင့် ကြူမင်းဝေက ရှင်းပြခဲ့ပါသည်။

### ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်

ထို့အပြင် နိုင်ငံ၏ အခြေခံမူဝါဒအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးချက်ကို လက်ကိုင်ပြုကျင့်သုံးသလို စီးပွားရေးတွင်လည်း သူလည်းအကျိုးရ ကိုယ်လည်း အကျိုးရှိသည့် Win-Win စနစ်ကိုကျင့်သုံးပါကြောင်း၊ သတင်းသမားများအနေဖြင့် မှန်ကန်ပြီး နိုင်ငံအကျိုးရှိသည့်သတင်းများကို ဘက်မလိုက်ဘဲ ရေးသားဖော်ပြသင့်ပါကြောင်း၊ သတင်းမှားကို ဖော်ပြမိသဖြင့် နိုင်ငံထိခိုက်သိက္ခာကျမှုများရှိကြောင်း စသည်ဖြင့် ကြူမင်းဝေကဆက်လက်ရှင်းပြခဲ့ပါသည်။

### လူမှုဆက်ဆံရေးသို့မဟုတ် သံတမန်ပရိယာယ်

နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံးမှ ကျန်းဝေချန်းက လူမှုဆက်ဆံရေး သို့မဟုတ် သံတမန်ပရိယာယ်နှင့် တရုတ်နိုင်ငံ၏ သတင်းစာရှင်းလင်းပွဲများအကြောင်းကို သင်ကြားပို့ချပေးခဲ့သည်။ လူမှုဆက်ဆံရေးသို့မဟုတ် သံတမန်ပရိယာယ်ပိုင်းတွင် အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် ပြည်သူအကြား အပြန်အလှန်ပေါင်းကူးဆောင်ရွက်ရေးသည် ပြည်သူနှင့် အစိုးရကြား ဖြစ်ထွန်းနေသော Public Diplomacy နှင့် Government Diplomacy ပင်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းခဲ့သည်။ ထို့အပြင် Public Diplomacy နှင့်ပတ်သက်၍ အချက်သုံးချက်ရှိကြောင်း၊ ယင်းအချက်များမှာ အစိုးရ၏လမ်းညွှန်မှုနှင့် အုပ်ထိန်းမှုရှိခြင်း၊ နိုင်ငံတကာအစိုးရနှင့် ပြည်သူအား ဦးတည်ချက်ထားဆောင်ရွက်ခြင်း၊ ကမ္ဘာပေါ်တွင် အကောင်းဆုံးပုံရိပ်ထင်ကျန်သော နိုင်ငံဖြစ်ရေး ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ယနေ့ပြောင်းလဲနေသော ခေတ်ကြီးတွင် လူသားတိုင်းသည် သံတမန်များဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတစ်နိုင်ငံမှ လူများသည် တခြားနိုင်ငံအတွက် သံတမန်များဖြစ်ကြောင်း၊ ဝက်ဝံကလေးများကဲ့သို့ ကမ္ဘာကြီး၏ချစ်ခြင်းမေတ္တာများကို လက်ခံယူနိုင်အောင် ကြိုးစားဖို့လိုကြောင်း၊ လူသားတိုင်းသံတမန်များဖြစ်ရေးအတွက် မိမိနိုင်ငံနှင့် ကမ္ဘာကြီးအကြောင်း သိရှိရန်လိုအပ်ကြောင်း၊ မိမိနိုင်ငံအကြောင်းကို ကမ္ဘာကြီးအား ရှင်းပြနိုင်စွမ်းရှိအောင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ကျန်းဝေချန်းက ရှင်းပြခဲ့သည်။

### သတင်းစာရှင်းလင်းပွဲများ

သတင်းထောက်များက မေးခွန်းများမေးမြန်းကြောင်း၊ တချို့သတင်းထုတ်ပြန်ချက်များတွင် မေးခွန်းမေးခွင့်မရှိကြောင်း၊ ထို့အပြင် နိုင်ငံရေးသမားများ၊ အားကစားအဖွဲ့များ၊ ကျော်ကြားသူများ၊ ရုပ်ရှင် စတူဒီယိုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများက သတင်းစာရှင်းလင်းပွဲများ ပြုလုပ်လေ့ရှိကြောင်း စသည်ဖြင့် ရှင်းလင်းပြောပြပါသည်။ ထို့အပြင် သတင်းများကို ဝိုင်ယာနည်းပညာဖြင့်လည်းကောင်း၊ အင်တာနက်ကွန်ရက်ချိတ်ဆက်မှုများဖြင့်လည်းကောင်း၊ ပြည်တွင်းသတင်းစာ၊ မဂ္ဂဇင်းနှင့် ဗီဒီယိုများမှလည်းကောင်း၊ ဒေသတွင်းသတင်းစာများမှလည်းကောင်း ဖော်ပြထုတ်လွှင့်ကြောင်း၊ နိုင်ငံတော်ကောင်စီသတင်းပြန်ကြားရေးရုံးသည် တရုတ်နိုင်ငံ၌ အမြင့်ဆုံး သတင်းထုတ်ပြန်သည့် အဖွဲ့ဖြစ်ကြောင်း၊ ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရ သတင်းထုတ်ပြန်မှုများလည်းရှိကြောင်း ထပ်မံရှင်းပြပါသည်။

### New Media

ယခုအခါတွင် Traditional Media များမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တရုတ်ပြည်သူများသည် ဖုန်းတစ်လုံးနှင့် သူတို့လိုချင်သော သတင်းများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ကြောင်း၊ ထို့ကြောင့် New Media များကို အသုံးပြုဖို့လိုကြောင်း သိရှိရပါသည်။

### တရုတ်နိုင်ငံမီဒီယာ၏အခန်းကဏ္ဍ

ထို့နောက် ဆင်ဟွာသတင်းအေဂျင်စီ နိုင်ငံတကာသတင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ရန်ဝမ်ဘင်က ပြည်သူ့တာဝန်နှင့် တရုတ်နိုင်ငံရှိ မီဒီယာ၏အခန်းကဏ္ဍကို ရှင်းလင်းခဲ့ရာ တရုတ်နိုင်ငံတွင် သတင်းစာပေါင်း ၁၉၀၀ လောက်ရှိသည့်အနက် ၈၁၆ မှာ နေ့စဉ်ထုတ်များဖြစ်ကြောင်း၊ မဂ္ဂဇင်းနှင့် ဂျာနယ်များမှာလည်း ၇၀၀၀ လောက်ရှိကြောင်း၊ ရေးအစဉ်အလာအရ လည်ပတ်နေသော တီဗွီစတေးရှင်းများမှာ ၇၀၀ ခန့်ရှိပြီး ၃၀၀၀ ခန့်မှာ ကေဘယ်ချန်နယ်များဖြစ်ကြောင်း၊ ရေဒီယိုစတေးရှင်များမှာလည်း ၁၀၀၀ ခန့်ရှိကြောင်း၊ မိုဘိုင်းဖုန်းအသုံးပြုသူ ဦးရေမှာလည်း သန်း ၇၅၀ လောက် အမြဲအသုံးပြုသူများဖြစ်ကြောင်း၊ အင်တာနက်အသုံးပြုသူများမှာလည်း ၇၃၁ သန်းခန့်ရှိကြောင်း၊ မိုဘိုင်းအင်တာနက်အသုံးပြုသူများ ၆၉၅ သန်းရှိပြီး စုစုပေါင်း လူဦးရေ၏ ၉၅ ရာခိုင်နှုန်းခန့်သုံးကြောင်း၊ မိုက်ခရိုဘလော့အနေဖြင့် ပြောရမည်ဆိုလျှင် သန်း ၃၀၀ ခန့် ဝီဘိုအသုံးပြုကြပြီး လက်ရှိအသုံးပြုသူ သန်း ၆၀၀ ခန့် ဝီချက်ကို အသုံးပြုကြကြောင်းသိရှိရပါသည်။

### ထင်ရှားသော မီဒီယာများ

တရုတ်နိုင်ငံ သတင်းမီဒီယာကဏ္ဍမှာ ပညာပေးခြင်းနှင့်စည်းရုံးခြင်း၊ သတင်းအရင်းအမြစ်များပေးခြင်း၊ လွတ်လပ်စွာဖော်ပြခြင်း၊ ပြုပြင်ပြောင်းလဲမှု အဆင့်မြှင့်တင်ခြင်း၊ အကျင့်ပျက်ခြစားမှုကန့်သတ်နိုင်ရေး၊ တစ်ဦးချင်းစီ၏ အခွင့်အရေးများကာကွယ်ရေးတို့ကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ တရုတ်နိုင်ငံရှိထင်ရှားသော မီဒီယာများမှာ ဆင်ဟွာသတင်းအေဂျင်စီ၊ ပြည်သူ့နေ့စဉ်၊ စီးပွားရေးနေ့စဉ်၊ ကွမ်မင်နေ့စဉ်၊ တရုတ်နေ့စဉ် (အင်္ဂလိပ်)၊ စီစီတီဗီ၊ စီဂျီတီအင်န်၊ စီအင်န်အာရ်၊ ဘာသာစကား ၅၆ မျိုးဖြင့် လွှင့်နေသော စီအာရ်အိုင်စသည်တို့ဖြစ်သည်။ ဆင်ဟွာသတင်းဌာန၏ ဒေသတွင်းဌာနချုပ်များမှာ အာရှ-ပစိဖိတ်ဌာနချုပ် (ဟောင်ကောင်)၊ မြောက်အမေရိက ဌာနချုပ် (နယူးယောက်)၊ အရှေ့အလယ်ပိုင်းဌာနချုပ် (ကိုင်ရို)၊ လက်တင်အမေရိကဌာနချုပ် (မက္ကဆီကို)၊ အာဖရိကဌာနချုပ် ( နိုင်ရိုဘီ)၊ ယူရို-အာရှ ဌာနချုပ် (မော်စကို)၊ ဥရောပသမဂ္ဂ(ဘရပ်ဆဲလ်) တို့ဖြစ်ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။ ဆင်ဟွာနက်သည် တရုတ်နိုင်ငံ၌ အကြီးဆုံးဝက်ဘ်ဆိုက်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ဂူးဂဲလ်ကို မသုံးကြဘဲ ဘိုင်ဒုကို အသုံးပြုကြသည်။ ထို့အတူ လူမှုကွန်ရက်စာမျက်နှာအဖြစ် ဖေ့စ်ဘုတ်ခ်၊ တွစ်တာတို့ကိုအသုံးမပြုပဲ ဝီချက်၊ ဆီနာ၊ တန်းဆန့် စသည့် လူမှုကွန်ရက်တို့ကို အသုံးပြုကြကြောင်းလေ့လာမှတ်သားခဲ့ရပါသည်။ ထို့အတူ ယူကျူအစား တူဒိုနှင့် ယူကူစသည်တို့ကို အသုံးပြုကြသည်။

### မီဒီယာပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သွားဖို့

ထို့နောက် တရုတ်နိုင်ငံ၏ မီဒီယာပုံစံသစ်တစ်ခု၏လားရာနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာ ရေဒီယိုမှ သတင်းဝန်ဆောင်မှု ဒုတိယညွှန်ကြားရေးမှူး ကျွမ်းကျင်ကျင်က လာရောက်ပို့ချပါသည်။ ပို့ချချက်များမှ မှတ်သားအတုယူစရာ ကောင်းသည်မှာ မီဒီယာပရော်ဖက်ရှင်နယ်အဖြစ် အသက်မွေးမည့်သူများသည် ဦးတည်သည့်ပရိသတ်က ဘာကိုလိုအပ်သည်ဆိုသည်ကို သိရန်လိုကြောင်း၊ ဆိုလိုသည်မှာ ပရိသတ်လိုအပ်ချက်ကို သိနိုင်အောင်ကြိုးစားပြီး မီဒီယာပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သွားဖို့လိုကြောင်း သိရှိမှတ်သားခဲ့ရပါသည်။ သူမက ၁၉၁၆ ခုနှစ်က လူတိုင်းသတင်းငတ်ကြပြီး သတင်းစာကို သဲကြီးမဲကြီးဖတ်ကြပါကြောင်း၊ ၂၀၁၆ ခုနှစ်မှာ လူတိုင်းမိုဘိုင်းဖုန်းထဲက သတင်းများကို သဲကြီးမဲကြီးဖတ်နေကြပြီဖြစ်ကြောင်း ပြောခဲ့သည်။

ယနေ့ခေတ် ကမ္ဘာ့လူဦးရေ ၇ ဒသမ ၅၂ ဘီလီယံ၏ ၄၉ ဒသမ ၇ ရာခိုင်နှုန်းခန့်သည် အင်တာနက်ကို အသုံးပြုနေကြသော လူများဖြစ်နေကြောင်း၊ လူမှုမီဒီယာဝက်ဘ်ဆိုက်များကို အသုံးပြုသူ ၃၂ ဒသမ ၇ ရာခိုင်နှုန်း၊ ဖေ့စ်ဘုတ်ခ်အသုံးပြုသူ ၂၆ ဒသမ ၆ ရာခိုင်နှုန်း၊ တွစ်တာအသုံးပြုသူ ၄ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိကြောင်း သူမက ထောက်ပြခဲ့သည်။ မြန်မာနိုင်ငံရှိ သတင်းမီဒီယာများသည် မိရိုးဖလာလမ်းကြောင်း အတိုင်းမဟုတ်ဘဲ တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ သတင်းများကို ကမ္ဘာ့အရပ်ရပ်ရှိနေထိုင်သူများ သိရှိနားလည်နိုင်ရန် ဘာသာပေါင်းစုံနည်းပေါင်းစုံဖြင့် ထိုးဖောက်ဝင်ရောက်သင့်နေပြီဖြစ်ကြောင်း လေ့လာမှတ်သား သိရှိခဲ့ရပါသည်။ ထို့အပြင် တရုတ်နိုင်ငံတွင် ယခုအခါ e-bike စနစ်၊ မိုဘိုင်းငွေပေးချေမှုတို့ကို ကျင့်သုံးနေပြီး ယင်းစနစ်သည် အလွန်အောင်မြင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

### ဖေ့စ်ဘုတ်ခ်သည် လူမှုမီဒီယာအခင်းအကျင်းတွင် ထိပ်ဆုံးမှလွှမ်းမိုးနေရာရထား

ယခုအခါတွင် ဖေ့စ်ဘုတ်ခ်သည် လူမှုမီဒီယာအခင်းအကျင်းတွင် ထိပ်ဆုံးမှလွှမ်းမိုးနေရာရထားကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ လူသားတစ်ဦးချင်းစီသည် သတင်းရင်းမြစ်ဖြစ်၍ သတင်းတင်ပြပုံတစ်ခုတည်းကို မျက်စိမှိတ်ယုံကြည်ဖို့မလိုဘဲ သတင်းဖြစ်စဉ်တစ်ခုလုံးကို သုံးသပ်ပြီး ဘယ်ဟာမှားသည် မှန်သည် ဆုံးဖြတ်ဖို့လိုကြောင်း၊ သို့မဟုတ်ပါက သတင်းမှန်မသိဘဲဖြစ်သွားနိုင်ကြောင်း လေ့လာမှတ်သားသိရှိရပါသည်။ အင်တာနက်သို့ လွှင့်တင်သောအချို့ သတင်းမှားများသည် မြင်ပါများ၊ ရယ်လုပ်ပါများပါက မမှန်သတင်းမှ အမှန်သတင်းဖြစ်လာတတ်ကြောင်း၊ ယနေ့လက်ရှိ အင်တာနက်သတင်းများကို ဖတ်ရှုသူအများစုသည် သတင်းရင်းမြစ်ကို ဂဃနဏလိုက်ရှာရန် အားမထုတ်ဘဲ အပေါ်ယံလောက်ပဲကြည့်၍ ဆုံးဖြတ်ချက်ချတတ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။ တရုတ်နိုင်ငံ၏ ခေတ်သစ်မီဒီယာအခင်းအကျင်းသည် တခြားနိုင်ငံများနှင့်မတူဘဲ တစ်မူထူးခြားလျက်ရှိသည်။

### ရှေးရိုးမီဒီယာများသည် ခေတ်သစ်မီဒီယာ၏လွှမ်းမိုးမှုကိုခံရနိုင်

တရုတ်နိုင်ငံတွင် ဖေ့စ်ဘုတ်ခ်လူမှုကွန်ရက်အစား ဝီချက်ကိုအသုံးပြုသူ လစဉ်လတိုင်း သန်း ၉၀၀ လောက်ရှိကြောင်း သိခဲ့ရပါသည်။ ထို့အပြင် ရှေးရိုးသမားစဉ်လမ်းကြောင်းအတိုင်း လုပ်ကိုင်နေသော သတင်းမီဒီယာများမှာ ခေတ်သစ်မီဒီယာ၏ လွှမ်းမိုးခြင်းကို ခံရနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သတင်းစာတိုက် တစ်တိုက်တွင် သတ်မှတ်ထားသောစာမျက်နှာ၊ အကြောင်းအရာပါဝင်မှု စသည်တို့သည် ကန့်သတ်ချက်ရှိပြီး ခေတ်သစ်မီဒီယာတစ်ဖြစ်လဲ လူမှုမီဒီယာတွင် စာမျက်နှာ သို့မဟုတ် ပါဝင်သည့်အကြောင်းအရာကို မိမိစိတ်ကြိုက် ရွေးချယ်နိုင်ပြီး သတင်းစားသုံး သူလက်ထဲသို့ အချိန်မီရောက်ရှိနိုင်အောင် ပေးပို့နိုင်သောကြောင့် ဖြစ်သည်။ ထို့အတူ ပစ်မှတ်ထားဆောင်ရွက်ရမည့် ပရိသတ်မှာလည်း လူငယ်လူရွယ်နှင့် သက်လတ်ပိုင်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

### ဘာသာစကားနှင့်နည်းပညာများဖြင့် မီဒီယာထိုးဖောက်နိုင်အောင်ဆောင်ရွက်

ထို့အပြင် China.org.cn မှစာတည်းမှူးချုပ် ဝမ်ရှောင်ဝေ့က တရုတ်နိုင်ငံ၏ မီဒီယာဖွံ့ဖြိုးမှုအကြောင်း လာရောက်ပို့ချခဲ့ရာ China.org.cn အကြောင်း စတင်မိတ်ဆက်ပြီး China.org.cn ကို ၂၀၀၀ ပြည့်နှစ်ကစတင်တည်ထောင်ခဲ့ရာ ယခုအခါ ၁၇ နှစ်ရှိပြီဖြစ်ကြောင်း၊ ဝန်ထမ်းပေါင်း ၄၅၀ ခန့်နှင့် ဘာသာစကားပေါင်း ၁၀ မျိုး (တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ အာရေဗျ၊ စပိန်၊ ဂျပန်၊ ကိုရီးယား၊ အက်စ်ပရန်တို၊ နှင့် ဂျာမန်) ဖြင့် တရုတ်နိုင်ငံတွင် ဖြစ်ပျက်နေသော သတင်းအချက်အလက်များ၊ သတင်းဓာတ်ပုံများ၊ အသံဖိုင်များ၊ ဗီဒီယိုများ၊ မိုဘိုင်းအတွက်သတင်းများနှင့် အက်ပ်များကို ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။ အဆိုပါအစီအစဉ်များထဲမှ တရုတ်မိုးဆက်အစီအစဉ်သည် အထူးထင်ရှားကြောင်း သိရသည်။ အဘယ့်ကြောင့်ဆိုသော် တရုတ်မိုးဆက်အစီအစဉ်မှ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုအကြောင်း၊ ရိုးရာယဉ်ကျေးမှုများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိနိုင်သောကြောင့် ဖြစ်သည်။

ထို့အတူ ကျွန်တော်တို့နိုင်ငံရှိ မီဒီယာများသည်လည်း နိုင်ငံကြီးများကို ထိုးဖောက်နိုင်ရန် အင်္ဂလိပ်အပြင် အခြားလူသုံးများသည့် ဘာသာစကားများဖြင့် ဈေးကွက်ယှဉ်ပြိုင်ရရှိရေးနှင့် သတင်းထိုးဖောက်နိုင်ရေးဆောင်ရွက်သင့်ကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

### တရုတ်နိုင်ငံ၏ အင်တာနက်သုံးစွဲနှုန်း

တရုတ်နိုင်ငံ၏ အင်တာနက်သုံးစွဲနှုန်းတွင် ဇန်နဝါရီ ၂၀၁၇ ခုနှစ် စာရင်းမှတ်တမ်းများအရ အမျိုးသားများက အမျိုးသမီးများထက်အင်တာနက်ပိုမိုသုံးစွဲကြကြောင်း သိရသည်။ သို့သော်လည်း တချို့ကဏ္ဍများတွင် အမျိုးသမီးများက အမျိုးသားများထက် ပိုမိုများပြားကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ပထမဆုံး အီးမေးလ်ကို ၁၉၈၇ ခုနှစ်တွင် ဟိုင်တီယန်ပြည်နယ်မှ ပါမောက္ခချင်က ပေးပို့နိုင်ခဲ့သည်။ ၁၉၉၀ ခုနှစ် အောက်တိုဘာတွင် စီအင်န်ဆိုသော ဒိုမိန်းနာမည်ကို တရုတ်နိုင်ငံကိုယ်စားပြုသုံးစွဲလာခဲ့ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။ ခေတ်အဆင့်ဆင့် အင်တာနက်အသုံးပြုမှု အဆင့်ဆင့် တိုးတက်ပြောင်းလဲရာတွင် ခေတ်အပိုင်းအခြားလေးခုရှိပြီး ၁၉၈၇ မှ ၁၉၉၇ ခုနှစ်အထိလည်းကောင်း၊ ၁၉၉၇ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိလည်းကောင်း၊ ၂၀၀၅ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိလည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိလည်းကောင်း အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။ ယခု ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် တိုးတက်မှုနှုန်းမှာ အလွန်လျင်မြန်လျက်ရှိကြောင်း သိရသည်။

### တရုတ်နိုင်ငံ၏ ဘိုင်ဒု

ဂူဂဲလ်ကဲ့သို့သော ပထမဆုံး search engine အဖြစ် ဘိုင်ဒုကို ၂၀၀၄ ခုနှစ်တွင် စတင်အသုံးပြုလာခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင် တန်းဆန့်ကိုလည်း ထပ်မံ အသုံးပြုလာခဲ့ကြသည်။ နယူးမီဒီယာ၏ပြောင်းလဲမှုမှာ အံ့မခန်းအရှိန်အဟုန်ကောင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ဝီဘိုသည် နယူးမီဒီယာပုံစံသစ်တစ်ခုဖြစ်ပြီး အသုံးပြုရ လွယ်ကူခြင်း၊ တန်းဆန့်က ၂၀၁၁ ခုနှစ်တွင် စတင်မိတ်ဆက်လိုက်သော ဝီချက်သည်လည်းတရုတ်နိုင်ငံတွင် အသုံးများသော လူမှုမီဒီယာပုံစံသစ်တစ်ခုဖြစ်ကြောင်း သိရသည်။ နယူးမီဒီယာတွေက သတင်းအချက်အလက်ပေါင်းမြောက်မြားစွာ၊ လူပုဂ္ဂိုလ်များ၏ လွတ်လပ်သော တင်ပြမှုများ၊ ယင်းမှတစ်ဆင့် အသုံးပြုသူများအတွက် အကျိုးရှိစေသည့်အယူအဆ အတွေးအခေါ်များနှင့် တန်ဖိုးမဖြတ်နိုင်သော အချက်အလက်များကို ယူဆောင်လာပေး ပါသည်။ ထို့ကြောင့် အဆိုပါအားသာချက်များက သမားရိုးကျမီဒီယာများနှင့် အစိုးရအတွက် နောက်ပိုင်းတွင် စိန်ခေါ်မှုများဖြစ်လာနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

### တရုတ်နိုင်ငံသည်ရှေးအကျဆုံး ယဉ်ကျေးမှုထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်

ထို့နောက် စီအိုင်ပီဂျီလေ့ကျင့်ရေးစင်တာမှ လုရှင်ကျားက တရုတ်နိုင်ငံဆိုင်ရာ ခြုံငုံသုံးသပ်ချက်နှင့် ယဉ်ကျေးမှုထုံးတမ်းများအကြောင်းရှင်းပြပါသည်။

တရုတ်နိုင်ငံသည်ရှေးအကျဆုံး ယဉ်ကျေးမှုထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀လောက်ကတည်းက သမိုင်းများရှိခဲ့ကြောင်း၊ ပျောက်ပျက်မသွားဘဲ ယခုချိန်ထိ တည်ရှိနေသည့် အရာများမှာ ကွန်ဖျူးရှပ်နှင့် မဟာတံတိုင်းကြီးပင်ဖြစ်ကြောင်း၊ ယခုအခါ ခေတ်သစ်ပိုးလမ်းမကြီးကို အကောင်အထည်ဖော်လျက်ရှိရာ ၎င်းဖြတ်သွားရာလမ်းကြောင်းရှိ တိုင်းပြည်နိုင်ငံများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၌ တိုင်းရင်းသားလူမျိုး ၅၆ မျိုးရှိပြီး လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိကာ ကမ္ဘာပေါ်တွင် လူဦးရေ အထူထပ်ဆုံးနိုင်ငံတစ်ခုဖြစ်ကြောင်း၊ လူဦးရေများသောကြောင့် ပထဝီဝင်သဘောအရ မျှတမှုမရှိတော့ကြောင်း၊ ထို့အတူ လူဦးရေအချိုးမှာလည်း ယောကျ်ားလေးအချိုးက ၇၀၄ ဒသမ ၁၄ သန်းရှိပြီး မိန်းကလေးအချိုးက ၆၇၀ ဒသမ ၄၈သန်းရှိကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

### မြန်နှုန်းမြင့်မီးရထား

ထို့အတူ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၊ အရောက်ပို့စနစ်များမြန်ဆန်လာခြင်း၊ ဈေးကွက်အပြိုင်စနစ်ရှိသောကြောင့် သုံးစွဲသူများအတွက် ဈေးနှုန်းချိုသာခြင်း၊ ကားနှင့် မိုဘိုက် (စက်ဘီး) စနစ်များတွင်ကျယ်လာကြောင်းစသည်ဖြင့် လေ့လာမှတ်သားခဲ့ရပါသည်။ မြန်နှုန်းမြင့်မီးရထားလိုင်းများမှာလည်း ၂၂၀၀၀ ကီလိုမီတာထိရှိပြီး ကမ္ဘာတစ်ခုလုံးနှင့် နှိုင်းယှဉ်လျှင် ၆၅ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အဆိုပါမြန်နှုန်းမြင့်မီးရထားလိုင်းများသည် မြို့အနှံ့ဆက်သွယ်ထားကြောင်း၊ ထို့အပြင် မြေအောက်မီးရထားစနစ်များလည်းရှိရာ ပြည်သူများတွင်ကျယ်စွာအသုံးပြုလျက်ရှိကြောင်း၊ ယခုထပ်မံထုတ်လုပ်ရန်ကြိုးစားနေသော နည်းပညာမြင့် မြန်နှုန်းမြင့်ရထားသည် တစ်နာရီလျှင် ကီလိုမီတာ ၄၀၀၀နှုန်းဖြင့်သွားနိုင်ကြောင်း ယင်းမြန်နှုန်းသည် လေယာဉ်ထက်ပင် ပိုမိုမြန်ကြောင်း လေ့လာသိရှိမှတ်သားခဲ့ရပါသည်။

အဆိုပါသင်ခန်းစာမှ တရုတ်နိုင်ငံသည် နည်းပညာမြင့်ထုတ်ကုန်များကို အမြဲတီထွင်ဆန်းသစ်လျက်ရှိကြောင်း၊ ပြည်သူအများစုမှာလည်း ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်ကို အမီလိုက်နိုင်ကြောင်း၊ အင်တာနက်၊ အွန်လိုင်းစသည့်စနစ်များသာမက ကားငှားစနစ်၊ စက်ဘီးငှားစနစ်များလည်း တွင်ကျယ်လာကြောင်း စသည်ဖြင့် လေ့လာမှတ်သားခဲ့ရပါသည်။

# သီတင်းကျွတ်ချိန်ခါ မြတ်အဘိဓမ္မာ

**ဆောင်းပါး-ဘိုးရာဇာ(သံဖြူဇရပ်)**

ဝါကျွတ်ကာလ အခါသမယသည် မိုးရာသီကုန်လုနီးချိန်ဖြစ်၏။ မိုးလည်းမပီ ဆောင်းလည်းမမည်သေးသော ကာလဖြစ်၏။ အနောက်တောင်မုတ်သုံလေ တစ်ပြည်လုံးမှ ဆုတ်ခွာစပြုချိန်ဖြစ်သည်။ ခြေခင်းလက်ခင်းသာစပြုချိန် ပွင့်လင်းရာသီ၏ အကြိုကာလပင်ဖြစ်သည်။ ‘သီတင်းကျွတ်လ ပလ္လင်ဆေးမိုး ရွာသွန်းဖြိုး’ ဟုဆိုသည့်အတိုင်း ပလ္လင်ဆေးမိုးလောက်သာ ရွာတတ်သည်။ မြန်မာ့ယဉ်ကျေးမှုအရ သီတင်းကျွတ်လကို တုရာသီဟုခေါ်သည်။ ထိုလတွင် လမင်းနှင့် ယှဉ်ပြိုင်ထွန်းလင်းနေသောနက္ခတ်မှာ အသဝနီနက္ခတ်ဖြစ်သည်။ အနီးကပ်၍ တောက်နေသည်မှာ ကြိုးတာရာဖြစ်သည်။

‘ဆီမီးငယ်တဲ့ထိန်ထိန်၊ အိုင်မင်းရေကြည်က၊ ကြာငါးမည် ငုံအာစွင့်တယ် ဖူးပွင့်ခါချိန်၊ အသဝနီယှဉ်ကာချဉ်းပါလို့ လင်းလာတဲ့ငွေတာရိန်ရယ်၊ ပြာမှိန်လျက် မြူခြေဆိုင်း’ဟူသည့် ကဗျာလေးအတိုင်းပင် ကောင်းကင်သည် ကြည်လင်ပြီး ငွေလမင်းကြီးသာလျက်ရှိကာ ရေကန်ရေအိုင်တွင် ကြာမျိုးစုံတို့ ပွင့်လန်းမွှေးထုံဝေသာလျက်ရှိကြသည်။ တစ်ဖန် စာဆိုတော်ဦးကြော့က “ကြယ်အသဝနီ ရွှေကော်ဇောနှင့် ငွေတာရာစန်းဖြူဘွေ ညာမြကြငှန်းငူမှာ တနန်းသူသာပေါ့၊ ငါးကြာနံ့ကုဏ္ဍာအိုင်မှာ၊ ဒုမ္မာခိုင် ခွေယိမ်းလို့ ပျော့ ဆဒ္ဒန်ပိုင့် ညီလာခံသည်၊ သီတာပျံတွေမော့၊ ဒီပါလျှံကေလျော့လို့၊ ရွှေကန်တော့စံချိန်၊ ရတနာ ထီးစင်းကြို၊ မီးမြင့်မိုရ် ညီးပျို့ထိန်ထိန်” ဟူ၍ ဖွဲ့ဆိုထားသည်။

ဖိုးသူတော်ဦးမင်းကလည်း “ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေတောင်တော်ဦးမှုလေ၊ ကွန့်မြူးမြင်းမိုရ်၊ မီးညီးတဲ့ခါချိန်၊ ရှိခိုးရယ်နှိမ် သုံးကြိမ်ရိုပြောင်း၊ သက္ကစ္စဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို နွှဲကြပေကောင်း”ဟု ဖွဲ့ဆိုခဲ့သည်။

သီတင်းကျွတ်လ အခေါ်အဝေါ်ကို ရှေးခေတ်ဗေဒင်ကျမ်း၊ ဆေးကျမ်းများတွင်လည်း သန်တူလ၊ သန္တုလဟူ၍ ခေါ်နေကြသည်။ စာဆိုတော်သျှင်အုံးညိုက “မိဂဒါဝယ် ဓမ္မာရစက်၊ ဟောနှုတ်ပွက်က၊ လက်ဦးဆိုဝါတွင်းကျမှ၊ အခါတိမ်းမှတ်၊ သန္တုကျွတ်သော်”ဟူ၍ သီတင်းကျွတ်ကို သန္တုကျွတ်ဟု သုံးနှုန်းထားသည်။ အချို့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ‘သန္တုဆိုသည်မှာ ကောက်စပါးပင်များ ပေါက်ဖွားထွက် ထောင်မတ်လာသောကာလ’ဟု အဓိပ္ပာယ်ရှိသည် ဆိုကြပြန်သည်။

သီတင်းကျွတ်လတွင် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် ပူဇော်ကျင်းပကြရသည့် ထူးမြတ်သည့် အခါသမယလည်း ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ကို ဘာကြောင့် အဘိဓမ္မာအခါတော်နေ့ဟု ခေါ်တွင်ရပြီး မည်သည့်ကြောင့် ကျင်းပသနည်း။ သုံးလောကထွတ်ထား သဗ္ဗညုရှင်တော်မြတ်စွာဘုရားသည် အဘိဓမ္မာတရားတော်ကို ဘုရားအဖြစ်သို့ရောက်ရှိပြီး (၆)ဝါအလွန် (၇)ဝါအရောက် သက်တော် (၄၂)နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းရှိ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာနေရာထက်မှာ မွေးမိခင် မယ်တော် နတ်သားကို ကျေးဇူးဆပ်လိုသည့် ရည်ရွယ်ချက်ဖြင့် အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလကာလတိုင် ရက်ပေါင်းကိုးဆယ်ကြာ ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်တိုင်းသည် အဘိဓမ္မာတရားတော်များကို နတ်ပြည်မှာသာ ဟောကြားတော်မူခဲ့ကြပါသည်။ အဘိဓမ္မာတရားတော်သည် သုတ္တန်ဒေသနာ၊ ဝိနည်းဒေသနာတော်များ ဖြစ်ပါသည်။ လူ့ပြည်တွင် နတ်တို့၏ အချိန်ကာလဖြင့်တွက်လျှင် ခဏမျှသာဖြစ်ပါသည်။ လူသားများအတွက် ဣရိယာပုတ်တစ်ခုတည်းဖြင့် ဒေသနာတော်များကို စလယ်ဆုံး ပြီးဆုံးအောင် နာယူနိုင်စွမ်းမရှိနိုင်သည့်အတွက် သဗ္ဗညုမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်တွင် နတ်ဗြဟ္မာတို့အား အကျယ်နည်းဖြင့် ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။ စန္ဒကူးတောဌ် အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ ထို့နောက် အရှင်သာရိပုတ္တရာမထေရ်မြတ်က မဇ္ဈိမဒေသကို ယူဆောင်ကာ လင်းနို့သားဖြစ်ခဲ့ဖူးသော တပည့် ရဟန်း ၅၀၀ တို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် ကျောက်လိုဏ်ဂူအတွင်းတွင် ပြန်လည်ဟောကြားသည့်နေ့ ဖြစ်နေခြင်းတို့ကြောင့် ‘အဘိဓမ္မာအခါတော်နေ့’ အဖြစ် ပေါ်ပေါက်လာသည်။

အဘိဓမ္မာတရားတော်များသည် ပါဠိ၏ နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏နက်နဲခြင်းဆိုသည့် ဂမ္ဘီရလေးမျိုးနှင့် ပြည့်စုံစေသည့်အပြင် နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်းရနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေနိုင်ခြင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံစေခြင်း အစရှိသော အကျိုးတရားကျေးဇူးများ ရရှိနိုင်ပါသည်။ အဘိဓမ္မာတရားတော်သည် အမိကျေးဇူးဆပ်တရားတော်ဖြစ်ပြီး နတ်ပြည်တွင် ပကတိဘုရားနှင့် နိမ္မိတဘုရား တစ်လှည့်စီဟောကြားစေခြင်းစသည့် ထူးခြားချက်များနှင့်လည်း ပြီးပြည့်စုံပါသည်။ မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာများကို စဉ်ဆက်မပြတ် ဟောကြားတော်မူခဲ့ပြီး ဆွမ်းဘုဉ်းပေးချိန်၊ ဆွမ်းခံကြွချိန်တို့တွင် မြောက်ကျွန်းသို့ ဆွမ်းခံကြွကာ မြတ်စွာဘုရားရှင်၏ကိုယ်ပွား နိမ္မိတဘုရားရှင်က ဆက်လက်ဟောကြားတော်မူခဲ့ပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာ တရားပြီးဆုံးသွားပြီဖြစ်သည့်အတွက် မြတ်စွာဘုရားရှင်သည် နတ်ပြည်မှ လူ့ပြည်လူ့ရွာ သင်္ကာသနဂိုရ်ပြည်သို့ နတ်များခြံရံ၍ လက်ယာဘက်ရွှေစောင်းတန်း၊ ဗြဟ္မာပရိသတ်များက လက်ဝဲဘက်ငွေစောင်းတန်း၊ မြတ်စွာဘုရားရှင်က အလယ်ပတ္တမြားစောင်းတန်းဖြင့် သက်ဆင်းတော်မူရာ မာတလိနတ်သားသည် မြတ်စွာဘုရားအနီး ဝဲဘက်တော်မှ ခစားလိုက်ပါခဲ့ပြီး ပဥ္စသိခ်နတ်သားက စောင်းကို ညင်သာစွာ တီးခတ်ပူဇော်ခဲ့သည်။ သိကြားမင်းက ယပ်တောင်ကိုခတ်ကာပူဇော်ရင်း မြတ်စွာဘုရားရှင်အား လိုက်ပါပို့ဆောင်ခဲ့သည်။ တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကာသနဂိုရ်ပြည် ဆင်းသက်ရာလမ်းခရီးတစ်လျှောက်တွင် နတ်တို့တန်ခိုးဖြင့် မီးရှူးတန်ဆောင် အလင်းရောင်တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းညှိပူဇော်ကြသည်။ ဤထုံးကိုနှလုံးမူ အတုယူကာ ဗုဒ္ဓဘာသာဝင်များသည် သီတင်းကျွတ်ချိန်ခါတွင် မီးပုံးမီးတိုင်များ၊ မြင်းမိုရ်ပွဲများ ပြုလုပ်ထွန်းညှိကြသည့် အလေ့အထများ ဖြစ်ပေါ်လာခဲ့သည်။


ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**အဘိဓမ္မာတရားတော်များသည် ပါဠိ၏ နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏နက်နဲခြင်းဆိုသည့် ဂမ္ဘီရလေးမျိုးနှင့် ပြည့်စုံစေသည့်အပြင် နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်စေခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်းအထောက်အပံ့ကောင်းရနိုင်ခြင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေနိုင်ခြင်း၊ ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံစေခြင်း အစရှိသော အကျိုးတရားကျေးဇူးများ ရရှိနိုင်ပါသည်။ အဘိဓမ္မာတရားတော်သည် အမိကျေးဇူးဆပ်တရားတော်ဖြစ်ပြီး နတ်ပြည်တွင် ပကတိဘုရားနှင့် နိမ္မိတဘုရား တစ်လှည့်စီဟောကြားစေခြင်း စသည့် ထူးခြားချက်များနှင့်လည်း ပြီးပြည့်စုံပါသည်**

သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးနှင့် ပတ်သက်၍ ဆီမီးထွန်းညှိပုံကို ဘိုးတော်ဘုရားလက်ထက် ထင်ရှားသည့် စာဆိုတော်တစ်ဦးဖြစ်သူ ဦးယာက ‘ကြော်သဲအုတ်အော် ပူဇော်ဆီမီး သီတင်းကျွတ် မီးထွန်းပွဲတော်ကို လုပစွာဝတ်စားဆင်ယင်ကြကာ မောင်မယ်စုံညီ ယှဉ်တွဲလျက် ဆင်နွှဲကြသည်၊ သက်မျှကြင်သူ ဆင်းရွှေအူနှင့် အတူတကွ မောင်ကတိုင်မြှောက် မယ်ကဖောက်၍ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်း၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန်းသည်၊ ပြောင်ရွှန်းဆီမီးတိုင်နှင့်လေး’ဟူ၍စပ်ဆိုခဲ့၏။

သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ ဝိနည်းဒေသနာတော်အရ ပဝါရဏာပွဲတော် ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဟု အဓိပ္ပာယ်ရသည်။ ‘ငါ့ရှင်တို့ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏၊ အပြစ်ကိုမြင်၍သော် လည်းကောင်း၊ တပည့်တော်အား သနားသံသယရှိ၍ သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း၊ တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ၊ အပြစ်ကိုရှု၍ ကုစားပါမည်’ဟု သုံးကြိမ်တိုင်တိုင် သံဃာတော်အား ဖိတ်ကြားတိုက်တွန်းရခြင်း ဖြစ်၏။

ဝါကျွတ်ချိန်ခါသမယတွင် မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အို ဘိုးဘွားမိဘ ဆရာသမားတို့အား ပူဇော်ကန်တော့လေ့ရှိကြပေသည်။ ဝါကျွတ်ကာလကန်တော့ခြင်းကို မြန်မာမင်းများလက်ထက် နန်းတော်တွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပုံကို စာဆိုဦးကြော့က သီတင်းကျွတ်လတွင် ‘ဆဒ္ဒပိုင် ညီလာခံသည် သီဟာပျံပေမော့ ဒီပါလျှံ ကေလျော့လို့ ရွှေကန်တော့စံချိန်၊ ရတနာထီးစင်းကြို၊ မီးမြင့်မိုရ် ညီးပျို့ထိန်ထိန်” ဟုတေးထပ်ဖြင့် ဖွဲ့ဆိုထားသည်။

ထိုသို့ ထူးခြားမှုအဖုံဖုံ ဂုဏ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလှသည့် သီတင်းကျွတ်လပြည့်နေ့၌ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာသည်ကို အကြောင်းပြု၍ လူတို့က ဆီမီးများပူဇော်ထွန်းညှိ ကြိုဆိုကြသည်မှာ ရိုးရာအစဉ်အလာ ဖြစ်လာခဲ့သည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ပွားပူဇော်နာယူကြလျက် မြန်မာမှုဓလေ့ အစဉ်အလာအရ သက်ကြီးရွယ်အို ဘိုးဘွားမိဘဆရာသမားတို့အား ပူဇော်ကန်တော့ခြင်းဖြင့် ဘေးဥပဒ်အန္တရာယ် ကင်းဝေးကြပြီး ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေ၊ ရိုးရာအစီအစဉ်ဖြင့် ဆီမီးထွန်းညှိပူဇော်သောပွဲ၊ ဘာသာရေးပွဲတစ်ခုလည်း ဖြစ်ပါစေ၊ ပျော်ရွှင်ကြည်နူးစွာဖြင့်လည်း ပါဝင်ဆင်နွှဲကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သလိုက်ပါသည်။ ။

## ကွမ်းသီးစိမ်းဈေးမြင့်သော်လည်း ဝယ်လိုအားမကျဘဲ ကွမ်းသီးခြံပိုင်ရှင်များ ဝင်ငွေတိုး

**ကျိုက်ဒုံ အောက်တိုဘာ ၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံဒေသတွင် ကွမ်းသီးများကို အဓိကထား၍ စိုက်ပျိုးကြပြီး ယခုနှစ်တွင် ယမန်နှစ်များကထက် ကွမ်းသီးထွက်ရှိမှုပိုများကာ အများဆုံးထွက်သောနှစ်တစ်နှစ်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကွမ်းသီးအထွက်နှုန်းတိုးသလို ကွမ်းသီးစိမ်းများမှာ ဈေးနှုန်းမြင့်တက်လာသော်လည်း ဈေးကွက်အတွင်း ဝယ်လိုအားကျဆင်းမှု မရှိသောကြောင့် ကွမ်းသီးခြံပိုင်ရှင်များအနေဖြင့် ဝင်ငွေတိုး၍ အဆင်ပြေနေကြကြောင်း၊ ကွမ်းသီးခြံပိုင်ရှင်များထံတွင် ကွမ်းသီးခူးခြင်း (ဒေသအခေါ်) ကွမ်းသီးချိတ်လုပ်ငန်းများ လုပ်ကိုင်နေကြသည့် အလုပ်သမားများမှာလည်း ကွမ်းသီးခူးခ အလုံးတစ်ရာလျှင် လုပ်အားခ ကျပ် ၁၅၀ ရရှိပြီး ကွမ်းသီးအစိမ်းကို အခွံပါးခွာသည့် အလုပ်သမားများမှာလည်း အလုပ်နှင့်လက်မပြတ်ကြဘဲ တစ်ရက်လျှင် ဝင်ငွေ ကျပ် ၈၀၀၀ ကျော်အထိ ရရှိနေကြကာ ကွမ်းသီးခြံပိုင်ရှင်များသာမက အလုပ်သမားများမှာလည်း အဆင်ပြေနေကြကြောင်း သိရသည်။

ကျိုက်ဒုံဒေသထွက် ကွမ်းသီးများကို ပြည်တွင်း ဈေးကွက်များအနေဖြင့် ကျိုက်ဒုံမှ ကော့ကရိတ်၊ ဘားအံ၊ ကြာအင်းဆိပ်ကြီး၊ မုဒုံ၊ မော်လမြိုင်မြို့များအထိ ကားလမ်းဖြင့် တင်ပို့ရောင်းချကြောင်းသိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**



## ဘားအံမြို့တွင် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

**ဘားအံ အောက်တိုဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့၌ ပထမဆုံးအကြိမ် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို လာမည့် နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကရင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရန်၊ ဒေသခံလုပ်ငန်းရှင်များနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များကြား ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ရည်ရွယ်ချက်များဖြင့် ပြပွဲကျင်းပရန် စီစဉ်ခြင်းဖြစ်ပြီး ပြပွဲကို မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)နှင့် ဂျပန်-နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူပေါင်းပြီး နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ ရက် နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဘားအံမြို့တော်ဝင်ရတနာခန်းမ၌ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစောဟန်အေးက ကရင်ပြည်နယ်အတွင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကာ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ UEDA အကြံပေး Mr. Takafumi က ပြပွဲတွင်ပူးပေါင်းဆောင်ရွက်သည့် ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဒေါက်တာမာလာမျိုးညွန့်က ပြပွဲတွင် ခင်းကျင်းပြသသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာစျေးကွက် သုတေသနနှင့် ဖွံ့ဖြိုးမှုလီမိတက်မှ ပရောဂျက်မန်နေဂျာ ဦးဖြိုးကျော်သူနှင့် သုတေသနဒါရိုက်တာ ဦးအောင်မင်းတို့က ကရင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပဏာမလေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည့်အစီအစဉ်များကိုလည်းကောင်း တင်ပြခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ ကရင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြပြီး ပြပွဲကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့်လုပ်ငန်းများကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံမှုပြပွဲကို ဘားအံမြို့ရှိ သီရိဘားအံဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းများ ခင်းကျင်းပြသ၍ စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ကာ ပြပွဲတွင် ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင် ၃၀၀ ခန့်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

---

# ညလုံးပေါက် မိုးသည်းထန်၍ ရိတ်သိမ်းခါနီးစပါးခင်းများ ရေဝင်နစ်မြုပ်



**ရေတာရှည် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အောက်တိုဘာ ၂ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ပဲခူးရိုးမ သစ်တောကြိုးဝိုင်းဒေသများရှိ စဖျင်၊ လုံးရမ်း၊ သိုင်းချောင်းနှင့် ဆွာချောင်းတို့တွင် တောင်ကျရေများထိုးကျခဲ့ပြီး ချောင်းငယ်မြောင်းငယ်များ ရေလျှံခဲ့ရာ ဆွာမြို့ဝန်းကျင်ရှိ ရိတ်သိမ်းခါနီး စပါးခင်းများသို့ ရေဝင်ရောက် နစ်မြုပ်ခဲ့သည့်အပြင် ဆွာမြို့နှင့် သာဂရမြို့များတွင်လည်း တောရေများဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည်။

"တစ်ညလုံး မိုးကတအားရွာတော့ နံနက် ၄ နာရီလောက်မှာ ရပ်ကွက်တွေထဲကို ရေတွေလိှမ့်ဝင်လာတယ်။ အိမ်အောက်ကပစ္စည်းတွေကို အမြန်ရွှေ့ပြောင်းကြရတာ"ဟု ဆွာမြို့တောင်ပိုင်း အမှတ်(၂)ရက်ကွက်နေ ဒေသခံတစ်ဦးက ပြောသည်။

အောက်တိုဘာ ၃ ရက် နံနက်တွင် ဆွာမြို့တောင်ပိုင်း အမှတ်(၂)ရပ်ကွက်၊ ကွက်သစ်ပိုင်းနှင့် အမှတ်(၃)ရပ်ကွက်တို့၌ ရေများ နှစ်ပေခန့်အထိ ဝင်ရောက်လျက်ရှိပြီး ဆွာမြို့အထက်တန်းကျောင်းဝင်းအတွင်း၌လည်း တစ်ပေခွဲခန့် ရေများဝင်ရောက်လျက်ရှိသည်။ ဆွာမြို့တောင်ဘက် ရန်ကုန်-မန္တလေး ကားလမ်း လက်လံကွေ့၌လည်း ရေများ ဖြတ်ကျော်စပြုနေပြီး ကားလမ်း အရှေ့ဘက်နှင့်အနောက်ဘက်မှ စပါးစိုက်ခင်း များစွာမှာလည်း ရေဝင်နစ်မြုပ်လျက်ရှိသည်။

ထိုစပါးခင်းများ၌ ယခုရက်ပိုင်းအတွင်း ရိတ်သိမ်းတော့မည့် ရင့်မှည့်နေသည့်စပါးခင်းများ ပါဝင်လျက်ရှိရာ စပါးအရောင်ပျက်၍ စျေးကောင်းမရမည်ကို တောင်သူများအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။ "မိုးဆက်ရွာရင်တော့ သွားပြီ။ ကျွန်တော်တို့က စပါးရိတ်ဖို့တောင် ပြောပြီးနေပြီ။ ရေမြုပ်သွားရင် စပါးအရောင်ပျက်ကုန်မှာ။ အရောင် မလှရင် ပွဲစားတွေက စျေးနှိမ်ဝယ်မှာသေချာတယ်"ဟု ထိုတောင်သူကပင် ဆက်လက်ပြောကြားသည်။

ထို့အတူ ဆွာမြို့မြောက်ဘက် သုံးမိုင်ခန့်အကွာ သာဂရမြို့ သရက်ကုန်းကျေးရွာ စျေးပိုင်းရပ်ကွက်ရှိ စည်ပင်သာယာစျေးကွင်း တစ်ခုလုံး၌လည်း တောရေများ ဝင်ရောက်လျက်ရှိသည့်အတွက် စျေးရောင်းသူနှင့် စျေးဝယ်သူများမှာ ရန်ကုန်-မန္တလေး ကားလမ်းဘေး ဝဲ/ယာတွင် ရောင်းချနေကြရသည်ကို မြင်တွေ့ခဲ့ရသည်။ ရေထွက်ပေါက်များကျဉ်းမြောင်းခြင်းနှင့် မူလရှိပြီးသား ရေနုတ်မြောင်းနေရာများတွင် လူနေအိမ်များ ကျူးကျော်ဆောက်လုပ်မှုကြောင့် မိုးများများရွာသွန်းသည့်အခါ ရေတင်ကျန်ပြီး ယခုကဲ့သို့ စျေးရောင်းစျေးဝယ်သူများ ဒုက္ခရောက်ကြရကြောင်း စျေးသည်တစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

---

## တောင်ငူကွန်ပျူတာတက္ကသိုလ်၌ ကျောင်းသားများ၏ တီထွင်မှုစွမ်းရည်ပြပွဲ ကျင်းပ

**တောင်ငူ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) ကျောင်းသားများ၏ တီထွင်မှုစွမ်းရည်ပြပွဲ Product Show 2017 ကို အောက်တိုဘာ ၃ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပြပွဲကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။




ဖွင့်ပွဲတွင် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) ဒုပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က Product Show 2017 ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး Internship တွင် ပါဝင်ကူညီခဲ့ကြသည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် ကုမ္ပဏီများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီသူများနှင့် ဆုချီးမြှင့်ခဲ့သည့် အဖွဲ့အစည်း ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

Product Show တွင် တောင်ငူကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၏ တီထွင်သော Product များဖြစ်သည့် မိုဘိုင်းဖုန်း အပလီကေးရှင်းများ၊ တောင်ငူဒေသခံများအတွက် တောင်ငူလမ်းညွှန်၊ အစားအသောက်လမ်းညွှန်၊ Bus လမ်းညွှန်၊ အခမ်းအနားလမ်းညွှန်၊ စားသောက်ဆိုင်များတွင် ထိန်းချုပ်သည့် POS Product များ၊ ကိုယ်ပိုင်လုပ်ငန်းများတွင် အရှုံး၊ အမြတ်တွက်ချက်သည့် Product များနှင့် အခြား ခရီးသွားလမ်းညွှန်များ၊ ရုံးဌာနများအတွက် Mobile ဖုန်းမှတစ်ဆင့် ရုံးတက်ရုံးဆင်းချိန် ထိန်းချုပ်နိုင်သည့်စနစ်များ၊ ကျောင်းသားလူငယ်များအတွက် တက္ကသိုလ်ဝင်တန်း Physics Test ဓမ္မဓိဋ္ဌာန် ဖြေဆိုနိုင်သည့်စနစ်များ၊ ကလေးငယ်များအတွက် မိုဘိုင်းအပလီကေးရှင်းများ၊ လှုပ်ရှားမှုတစ်ခုကို ပုံတူယူ၍ ထပ်ခါထပ်ခါ ဆောင်ရွက်ပေးမည့် Robot စနစ်၊ Motion Sensor မှတစ်ဆင့် အိမ်အတွင်း လူဝင်လာလျှင် မိမိဖုန်းသို့ Message ပို့သည့်စနစ် စသည်များ လက်တွေ့ပြသကြပြီး Application များကိုလည်း အခမဲ့ ထည့်သွင်းဝေငှပေးခဲ့ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်အသီးသီးတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ကျော်လှ(တောင်ငူ)**

---

## သုဝဏ္ဏဝတီမြို့ ရှင်ဥပဂုတ္တကန်၌ ရှင်ဥပဂုတ္တပူဇော်ပွဲ စည်ကားစွာကျင်းပမည်

**သုဝဏ္ဏဝတီ အောက်တိုဘာ ၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးဘေး၌ တည်ရှိနေသော ရှင်ဥပဂုတ္တကန်တော်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တရဟန္တာ ပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၃ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ လေးရက်တိုင် ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

သီတင်းကျွတ်လဆန်း ၁၃ ရက် နံနက်ပိုင်းမှစတင်၍ ကျောင်း ၂၉ ကျောင်းမှ ပင့်သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူဒါန်း၍ စာရေးတံမဲနှင့် ဆွမ်းကြီးလောင်း ကပ်လှူပူဇော်ပြီး ညပိုင်းတွင် သုဝဏ္ဏဝတီမြို့အတွင်းသို့ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်အား ပင့်ဆောင်၍ ဒေသစာရီလှည့်လည်အပူဇော်ခံမည်ဖြစ်သည်။ ထို့နောက် လပြည့်ကျော် ၁ ရက်နေ့အထိ ကန်တော် မဏ္ဍလာအတွင်း ဆီမီးမျှော၍ မီးထွန်း ပူဇော်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ယာယီသီတင်းသုံးတော်မူရာ ဖောင်တော်မှ ကန်တော်အတွင်း သုံးပတ်လှည့်လည် အပူဇော်ခံခြင်း၊ စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ခြင်း အခမ်းအနားများကို ရိုးရာမပျက် ကျင်းပသွားမည်ဖြစ်သည်။



**ကန်တော်အတွင်း မီးအလှများထွန်းညှိထားသော ရှင်ဥပဂုတ္တစံကျောင်းတော်**

သက္ကတောင်တန်းကြီးကို နောက်ခံပြု၍ ၁၈ ဧကခန့်ကျယ်သော သုဝဏ္ဏဝတီမြို့ကျက်သရေဆောင် ရှင်ဥပဂုတ္တကန်တော်ကြီးကို ယခုနှစ်စောစောပိုင်းက ပြန်လည်တူးဖော်ပြုပြင်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ မြို့သူ/သားများ အလှူရှင်များ၏ မတည်မှုဖြင့် ကန်သာယာတူးဖော်ရေးအဖွဲ့က ဦးဆောင်၍ ပူဇော်ပွဲကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

---

## တိုက်ကြီးမြို့၌ ဓမ္မစကူးလ် သင်တန်းဖွင့်

**တိုက်ကြီး အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် ဇေတဝန်ဘုန်းတော်ကြီးကျောင်း၌ ဓမ္မစကူးလ်သင်တန်းကို အောက်တိုဘာ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး ဇေတဝန်ကျောင်း ပဓာနဆရာတော် ဦးဥတ္တမက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ ဗဟိုဓမ္မစကူးလ်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဆရာတော်က ရန်ကုန်မှ ဓမ္မစကူးလ်ဖောင်ဒေးရှင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းမိန့်ကြားသည်။ အဆိုပါ ဓမ္မစကူးလ်သင်တန်းသို့ သင်တန်းသား ကျောင်းသား ကျောင်းသူ ၁၂၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

---




**မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း လိပ်ကျကျေးရွာ သဲပြင်သာဒေသ၌ စက်ယန္တရားများဖြင့် တရားမဝင်ရွှေတူးဖော်မှုများရှိနေကြောင်းသတင်းအရ မြို့နယ်အုပ်ချုပ်ရေးမှူး ကြီးကြပ်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စက်တင်ဘာ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ်** (ကွင်းဆင်းစစ်ဆေးပြီးနောက် တရားမဝင် ရွှေတူးဖော်သူများအား ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။)

(ခရိုင် ပြန်/ဆက်)

# ချင်းတွင်းဒေသထွက် ငါးကျပ်တင်ခြောက်များ အိန္ဒိယသို့ တင်ပို့မှုနောက်ကျ

**တမူး အောက်တိုဘာ ၄**

ချင်းတွင်းမြစ် အထက်ပိုင်းဒေသများရှိ သဘာဝအင်းများနှင့် ချောင်းများမှ ထွက်ရှိသော ငါးဖျက်၊ ငါးလူးနှင့် တီလားဗီးယားများကို မီးဖြင့်အပူပေး၍ ကျပ်တင်ခြောက်များအဖြစ်ပြုလုပ်ကာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ နှစ်စဉ် စက်တင်ဘာလ လယ်ခန့်မှ စတင်ပြီးတင်ပို့လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် ချင်းတွင်းမြစ်ရေကြီးပြီး သဘာဝအင်းများနှင့် ချောင်းများလည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ငါးကျပ်တင်ခြောက် တင်ပို့နိုင်မှု နောက်ကျလျက်ရှိကြောင်း သိရသည်။

”ငါးကျပ်တင်ခြောက်တွေက ဟုမ္မလင်းမြို့နယ်နဲ့ ဖောင်းပြင်မြို့နယ်တွေရဲ့ အင်းတွေမှာထွက်တဲ့ ငါးဖျက်၊ ငါးလူးနဲ့ တီလားဗီးယားငါး အကောင်ငယ်တွေကို မီးနဲ့ ကျပ်တင်အခြောက်ခံ တင်ပို့ရောင်းချတာပါ၊ အခုနှစ်မှာတော့ ချင်းတွင်းမြစ်ရေက သုံးကြိမ်ပြန်ပြီးတက်တယ်။ ငါးကျပ်တင်ခြောက်ထုတ်တဲ့ ချင်းတွင်းအထက်ပိုင်းဒေသတွေမှာ မြစ်ရေက အခုမှ ကျခါစပဲရှိသေးတဲ့အတွက် ငါးကျပ်တင်ခြောက် မထုတ်လုပ်နိုင်သေးပါဘူး။ မနှစ်က ဒီအချိန်ဆိုရင် ပို့သင့်သလောက် ပို့နေရပြီ။ ရာသီဥတုတွေကလည်း အခုနောက်ပိုင်းတွေမှာ နှစ်စဉ်



မိုးရွာသွန်းမှုတွေများပြီး ချင်းတွင်းမြစ်ရေက နှစ်စဉ်မြင့်တက်တဲ့အတွက် ချောင်းတွေနဲ့ သဘာဝအင်းတွေ ရေမြုပ်မှုတွေဖြစ်တယ်။ နောက်ပြီး အင်းတွေထဲမှာ သားငါးတင်ကျန်မှုကလည်း နည်းလာတဲ့အတွက် ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ ငါးကျပ်တင်ခြောက် ထုတ်လုပ်နိုင်မှုက နည်းလာတယ်လို့ ပြောရမယ်၊ ဒီနှစ်ဆို စက်တင်ဘာလကုန်တဲ့အထိ ငါးကျပ်တင်ခြောက်က မထုတ်လုပ်နိုင်တဲ့အတွက် တင်ပို့ရောင်းချမှု မလုပ်နိုင်သေးဘူးဟု တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ထွဋ်က ပြောသည်။

ချင်းတွင်းမြစ် အထက်ပိုင်းဒေသများဖြစ်သော ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များရှိ သဘာဝအင်းများနှင့် ချောင်းများမှထွက်ရှိသော ငါးဖျက်၊ ငါးလူးငါးနှင့် တီလားဗီးယားငါးငယ်များကို နှစ်စဉ် စက်တင်ဘာလလယ်မှ မတ်လအထိ ငါးကျပ်တင်ခြောက်များပြုလုပ်ပြီး အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ရာသီဥတု ဖောက်ပြန်မှုအရ စက်တင်ဘာလကုန်အထိ တင်ပို့ရောင်းချနိုင်ခြင်း မရှိသေးကြောင်းနှင့် ၂၀၁၆ ခုနှစ်တွင် ငါးကျပ်တင်ခြောက် တန်ချိန် ၄၀ ပိဿာ တင်ပို့နိုင်ခဲ့ကြောင်း တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကန့်ကြီးထောင့်မြို့နယ်၌ ကျေးရွာသမဝါယမလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲပြုလုပ်

**ကန့်ကြီးထောင့် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ရှမ်းရွာကျေးရွာ သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ကျေးရွာဓမ္မာရုံ၌ စက်တင်ဘာနောက်ဆုံးပတ်အတွင်းက ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် ကန့်ကြီးထောင့်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်ဒါရိုက်တာများနှင့် အသင်းသားများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးက အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဦးဇော်မင်းဆွေ၊ သမ ဝါယမ အသင်းစု ဥက္ကဋ္ဌ ဦးအောင်စိုး၊ အသင်းစု ဒုဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေးကြကာ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မန်နေဂျာ(ငြိမ်း) ဦးဒွေးမြင့်ကလည်း တောင်သူများအား စိုက်ပျိုးနည်းပညာများ ဟောပြောပြီး သရဖူစိုးမြင့်ကုမ္ပဏီကလည်း ၎င်းတို့ ထုတ်လုပ်ရောင်းချသော လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာများအား ခင်းကျင်းပြသပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပုံနည်းစနစ်၊ ဈေးနှုန်းနှင့် စက်စွမ်းရည်များကို မိတ်ဆက်ရှင်းလင်းခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ရေး-မော်လမြိုင်ကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပြီး ဆိုင်ကယ်မောင်းသူသေဆုံး

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ရေး-မော်လမြိုင် ကားလမ်းမပေါ်၌ အောက်တိုဘာ ၁ ရက်က လိုက်ထရပ်ကားနှင့် ဆိုင်ကယ်တိုက်မိမှုဖြစ်ပွားပြီး ဆိုင်ကယ်မောင်းသူသေဆုံးခဲ့ကြောင်း သိရသည်။ မော်လမြိုင်မှ ရေးမြို့ဘက်သို့ ယာဉ်မောင်း မျိုးအောင်မောင်းနှင်လာသော လိုက်ထရပ်ယာဉ်က ရှေ့မှမောင်းလာသောဆိုင်ကယ်ကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောအတိုင်း မောင်းလာသည့် ဆိုင်ကယ်နှင့် ဝင်ရောက်တိုက်မိခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူမှာ နေရာတွင် သေဆုံးကာ နောက်မှထိုင်လိုက်လာသူ အမျိုးသမီးတစ်ဦးမှာ စိုးရိမ်ရဒဏ်ရာများဖြင့် ရေးဆေးရုံသို့ တင်ပို့ပြီး ဆက်လက်၍ မော်လမြိုင်ဆေးရုံသို့ တင်ပို့ထားရကြောင်း သိရသည်။ လိုက်ထရပ်ယာဉ်မောင်း မျိုးအောင်မှာ အခင်းဖြစ်နေရာမှ တိမ်းရှောင်သွား၍ ရေးမြို့မရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

### အရက်ကြောင့် ညီအစ်ကိုဝမ်းကွဲချင်း ဓားခုတ်မှုဖြစ်ပွား

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မှော်သေးကျေးရွာ၌ အရက်သောက်ပြီး ဆဲဆိုနေသောညီဖြစ်သူကို တားရာမှ ညီအစ်ကိုဝမ်းကွဲချင်း ဓားခုတ်မှု အောက်တိုဘာ ၁ ရက်က ဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာနေ ကိုသက်ပိုင်ဦးသည် တစ်ရွာတည်းနေ ဦးအုန်းကျော်မြင့် နေအိမ်၌ ကွမ်းရွက်များစီနေစဉ် ညီအစ်ကို ဝမ်းကွဲတော်စပ်သူ စိုးနိုင်ဦးမှာ အရက်မူး၍ ရွာလမ်းမပေါ်တွင် ဆဲဆိုနေသဖြင့် ကိုသက်ပိုင်ဦးက နေအိမ်ထဲမှထွက်၍ တားမြစ်စဉ် စိုးနိုင်ဦးက ၎င်းလက်ထဲတွင် အသင့် ပါလာသောဓားမဖြင့် ခုတ်လိုက်၍ ကိုသက်ပိုင်ဦး၏ ယာဘက်လက်ဖျံတွင် ပြတ်ရှ ဒဏ်ရာတစ်ချက်ရရှိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ခုတ်သူ စိုးနိုင် ဦးအား အရေးယူပေးရန် ကိုသက်ပိုင်ဦး၏ဇနီးဖြစ်သူက ကျောင်းကုန်းမြို့မရဲစခန်း၌အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# သီတင်းကျွတ်မီးမျှောပွဲတော် မုခ်ဦးဖွင့်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ် မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကျင်းပ

**ရွှေကျင် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် (၁၆၆)နှစ်မြောက် သီတင်းကျွတ်မီးမျှောပွဲတော် ကုန်းပွဲမုခ်ဦးဖွင့်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ်မြတ် မြို့တွင်းလှည့်လည်ပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ညဈေးလမ်းဆုံ မီးပွိုင့်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သီတင်းကျွတ်မီးမျှောပွဲတော် ကုန်းပွဲမုခ်ဦးအား ရွှေကျင်မြို့နယ် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ မီးမျှောပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အတွင်းရေးမှူး ဦးအောင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ရှင်ဥပဂုတ္တမထေရ်မြတ် မြို့တွင်းလှည့်လည်အပူဇော်ခံပွဲကို ရပ်ကွက်နှင့် ကျေးရွာများမှ ဓမ္မစကြာအဖွဲ့များ လိုက်ပါ၍ ကျင်းပခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



# ချင်းတွင်းမြစ်အတွင်းမှ သဘာဝကပေးထားသည့် ရွှေစာရေးဝဲနှင့် ရွှေစာရေးရှုခင်းအလှ

ချင်းတွင်းမြစ်အတွင်း မုံရွာမြို့အထက်နားတွင် ရှိသည့် ရွှေစာရေးဝဲ၊ ရွှေစာရေးငါးနှင့် ရွှေစာရေးရှုခင်းအလှတို့သည် သဘာဝကပေးထားသည့် တန်ဖိုးမဖြတ်နိုင်သည့် သယံဇာတဆုလာဘ်ဖြစ်သလို ရွှေစာရေးကိုအကြောင်းပြု ပေါ်ပေါက်လာသည့် ရွှေစာရေးရွာသည်လည်း ကြည်နူးစရာကောင်းသော မြန်မာ့ကျေးလက်အဖြစ် ရပ်တည်နေသည်။



“ချင်းတွင်းမြစ်တစ်လျှောက်မှာ အထက်ပေအောက်ရွှေ အလယ်ဝက်သိုက် မျက်ဖြူဆိုက်ဆိုစကားနဲ့ နာမည်ကြီးတဲ့ ဝဲသုံးဝဲရှိတယ်။ အဲဒီထဲက အောက်ရွှေဆိုတဲ့ ချင်းတွင်းမြစ်အောက်ပိုင်း ရွှေစာရေးဝဲက ကနီမြို့နယ် အိုင်တောင်ရွာနားမှာ ရှိပါတယ်။ ချင်းတွင်းတံတား(မုံရွာ)ကိုကျော်ပြီး ဆက်ဆန်တက်လာရင် မြစ်အရှေ့ဘက်ကမ်းမှာ ရွှေစာရေးရွာရှိပါတယ်။ အနောက်ဘက်ကမ်းမှာ အုတ်နံရံကြီးလို ခပ်မတ်မတ်ကျောက်ကမ်းပါးယံကြီးနဲ့ ရွှေစာရေးဘုရားကို ဖူးတွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီကျောက်ကမ်းပါးယံကြီးနဲ့ အထက်ကနေ အရှိန်နဲ့စီးလာတဲ့ ရေကြောင်းနဲ့တိုက်မိပြီး ရေကြောင်းလည်ဝဲဖြစ်သွားတာပါ”ဟု ရွှေစာရေးရွာမှ ဒေသခံတစ်ဦးက ရှင်းပြသည်။

ချင်းတွင်းမြစ်ကြောင်းပြေး ရေယာဉ်တစ်စီးမှ ယာဉ်မောင်းသူတစ်ဦးက ချင်းတွင်းမြစ် တချို့နေရာမှာ စုပ်ဝဲရှိပြီး အချို့နေရာမှာ ပွက်ဝဲလို့ခေါ်တဲ့ မှုတ်ဝဲရှိပါတယ်။ စုပ်ဝဲဆိုတာကတော့ ဝဲကတော့ထဲရောက်လာတဲ့ လှေ၊ သင်္ဘော၊ ဝါးဖောင် အပါအဝင် ဘယ်အရာကိုမဆို အောက်ခြေရောက်တဲ့အထိ စုပ်သွားတတ်ပါတယ်။ ပွက်ဝဲလို့ခေါ်တဲ့ မှုတ်ဝဲပေါ်ရောက်သွားရင်တော့ ရေပေါ်ကိုမတင်လိုက်တဲ့အတွက် တော်တော်ထိန်းရခက်ပါတယ်။ မိုးတွင်းရေကြီးချိန်မှာ တစ်နာရီကိုတစ်ကြိမ် မှုတ်လေ့ရှိပါတယ်။ မှုတ်တယ်ဆိုတာ ရေတွေဖွားခနဲ ဗွမ်းဆိုတဲ့အသံနဲ့အတူ အဝိုင်းလိုက် ရေတွေ ပွက်ထလာတာမျိုးပါ။ စုပ်ဝဲကမြုပ်ပြီး မှုတ်ဝဲက မြောက်တက်စေပါတယ်။ မော်တော်တွေအနေနဲ့ ဝဲရေစီးကြောင်းပြန်ပေါ်လာပြီး ခွဲမထွက်နိုင်ရင် နောက်ထပ်ဝဲနဲ့ ပြန်တွေ့ရတတ်ပါတယ်”ဟု ပြောပြသည်။

ဒေသခံ ငါးဖမ်းသူရေလုပ်သားတစ်ဦးက “မိုး



တွင်းဆို ရေကကမ်းလုံးပြည့်ချိန်ဆိုရင် ရေစီးသံက ကြောက်စရာကောင်းသလို အဲဒီလိုအချိန်မျိုးမှာ ငါးပေါလေ့ရှိပါတယ်။ ဒေသခံတွေက ရွှေစာရေးငါးဆိုပြီး ရောင်းချလေ့ရှိပါတယ်။ တခြားငါးတွေနဲ့မတူဘဲ အလွန်ချိုပါတယ်။ မြို့ကိုပို့ရောင်းဖို့အထိ ဖမ်းကြတာပါ”ဟု ပြောသည်။

မိုးတွင်းရေကြီးချိန်မဟုတ်ပါက ရွှေစာရေးဝဲသည် ကြောက်စရာမကောင်းဘဲ ကျောက်တောင်နံရံကြီးများဖြင့် သဘာဝရှုခင်းသည် လှပကြည်နူးစရာကောင်းသည်။ ရွှေစာရေးဝဲဖြစ်တည်နေသည့်နေရာသည် ချင်းတွင်းမြစ်ကျဉ်းတစ်နေရာဖြစ်ရာ ၂၀၀၉-၂၀၁၀ ခုနှစ်က ထိုနေရာ၌ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းလုပ်ရန် ဟန်ပြင်ခဲ့ကြသေးသော်လည်း လက်ရှိတွင် မလုပ်ဖြစ်ကြတော့ကြောင်း သိရသည်။

**သံတိုင်ထွန်း**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

**နိဒါန်း**

သက်တမ်းအားဖြင့် နှစ်သန်းပေါင်း ၄၆၀၀ ခန့် ရှိနေပြီဖြစ်သော ဤမြေကမ္ဘာကြီးပေါ်တွင် လူသားတို့နှင့်တကွ ဇီဝရုပ်များ၊ အဏုဇီဝရုပ်များအပါအဝင် ကိန်းဂဏန်းအားဖြင့် အတိအကျရေတွက်ရန် ခက်ခဲလှသည့် ဇီဝမျိုးများစွာတို့ ရှင်သန်ပေါက်ပွားနေထိုင်လျက်ရှိနေကြသည်။ လက်ရှိအားဖြင့် ရှင်သန် ရပ်တည်လျက်ရှိနေကြသော ဇီဝမျိုးစုံမျိုးကွဲ အားလုံးတို့သည် လွန်လေခဲ့ပြီးသော မျိုးသုဉ်းပျောက်ကွယ်မှုကြီး ငါးခုနှင့် မျက်မှောက်ကာလ၏ ဆဋ္ဌမ မျိုးသုဉ်းပျောက်ကွယ်မှုကြီးထဲတွင် ပါဝင်သွားခြင်းမရှိသေးဘဲ သဘာဝ ပတ်ဝန်းကျင် အခြေအနေများနှင့် လိုက်လျောညီထွေ အသက်ရှင် ကျန်ရစ်နေခဲ့သူများ ဖြစ်ကြသည်။

မျက်မှောက်ကမ္ဘာတွင် လူသားဦးရေ သန်းပေါင်း၇၀၀၀ကျော် ရှင်သန်နေထိုင်လျက် ရှိနေကြသည့် အားလျော်စွာ...ကမ္ဘာ့ကုန်းမြေရိယာ၏ စုစုပေါင်းအကျယ်အဝန်းဖြစ်သော စတုရန်းမိုင်ပေါင်း ၅၇၅ သိန်းဖြင့် အချိုးကျတွက်မည်ဆိုပါက လူတစ်ဦးတစ်ယောက်အတွက် ပျမ်းမျှအားဖြင့်၅ ဧကကျော်ခန့် နေရာအကျယ်အဝန်း ရရှိနေသည်။ စနစ်ကျသော နေထိုင်မှုပုံစံအနေဖြင့် ဆိုရလျှင် ၅ ဧကကျော်မျှသော အကျယ်အဝန်းသည် လူတစ်ဦးတစ်ယောက်အဖို့ အလွန်တရာကျယ်ဝန်းသည်ဟု ထင်ရဖွယ်ရှိသည်။

သို့ရာတွင် ဤမြေကမ္ဘာကြီးပေါ်၌ လူသားတို့ချည်းသာ ရှင်သန်နေထိုင်နေခြင်း မဟုတ်မူဘဲ သာမန် မျက်စိဖြင့် မြင်နိုင်သော ဇီဝရုပ်များ၊ သာမန်မျက်စိဖြင့်မမြင်နိုင်သော အဏုဇီဝရုပ်များ၊ မြေပြင်ပေါ်၌ ပေါက်ရောက်သော အပင်မျိုးစိတ်များ၊ မြေအောင်းအပင်မျိုးစိတ်များ၊ ရေပြင်ပေါ်၌ပေါက်ရောက်သော အပင် မျိုးစိတ်များ၊ ရေပြင်အောက်၌ ပေါက်ရောက်သော အပင်မျိုးစိတ်များစသည်ဖြင့် ဇီဝမျိုးပေါင်းများစွာတို့ကပါ မှီခိုရှင်သန် ပေါက်ပွားနေကြသည့် အားလျော်စွာ...ထိုထိုသော သက်ရှိမျိုးစိတ် အချင်းချင်းတို့ အပြန်အလှန် အမှီသဟဲပြုနေကြရခြင်း၊ သက်ရှိနှင့် သက်မဲ့တို့ အပြန်အလှန် အမှီသဟဲပြုနေကြရခြင်း၊ သက်မဲ့ အချင်းချင်းလည်း အပြန်အလှန် အမှီသဟဲပြုနေကြရခြင်းတို့ကြောင့် ဂေဟစနစ်ကြီးကလည်း ကောင်းစွာဖြစ်ထွန်းလာရသည်။ ထိုမှဆက်စပ်၍ သဘာဝပတ်ဝန်းကျင်ကြီးကလည်း အခွန့်ရှည်တည်တံ့နေရသည်။

လူသားတို့၏ ဘဝရှင်သန်မှုသည် ဂေဟစနစ်နှင့်ရော၊ သဘာဝပတ်ဝန်းကျင်ကြီးနှင့်ပါ ကြောင်းကျိုး ဆက်စပ်လျက် ရှိနေသည့်အတွက် လူတစ်ဦးအဖို့ ပျမ်းမျှအကျယ်အဝန်း ငါးဧကကျော်ခန့်ဆိုသည်မှာ အလွန်ပင် ကျဉ်းမြောင်းကျပ်တည်းလျက်ရှိနေသည်။ လက်တွေ့လူမှုဘဝ၌လည်း လူသားတို့သည် တစ်ဦးတစ်ယောက် ချင်းအားဖြင့် ငါးဧကကျော်မျှကျယ်ဝန်းသော အဝန်းအဝိုင်းတစ်ခုစီ၌ အချိုးညီညီ နေထိုင်နေကြခြင်း မဟုတ်ဘဲ လူမျိုးစုတူရာ၊ ဘာသာစကားတူရာ၊ ယဉ်ကျေးမှုတူရာ၊ ဓလေ့ထုံးတမ်းတူရာစသည်ဖြင့် အသီးသီး ပေါင်းစု ရောနှော နေထိုင်လျက်ရှိနေကြသည့်အတွက် ဂေဟစနစ်ကြီးနှင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကြီး တစ်ခုလုံးနှင့်လည်းကောင်း အလုမ်းကွာဝေးလျက် ရှိနေသည်။

လူတို့သည် မိမိတို့၏ဘဝ ရှင်သန်ရပ်တည်မှုအတွက် လှုပ်ရှားရုန်းကန်ရင်း ဂေဟစနစ်ကို ဆိုးဆိုး ရွားရွား ပျက်ယွင်းစေခဲ့သလို...သဘာဝပတ်ဝန်းကျင်ကြီးကိုလည်း တတိတိတအိအိဖြင့် မသိမသာ ဖျက်ဆီးနေခဲ့ကြသည်။ အထူးသဖြင့် လွန်ခဲ့သော ရာစုနှစ်များအတွင်းက လူတို့၏ လုပ်ရပ်များစွာတို့သည် ကမ္ဘာ့ သဘာဝပတ်ဝန်းကျင်ကြီး တစ်ခုလုံးကို သိသိသာသာ ထိခိုက်စေခဲ့သည်။ ဤမြေကမ္ဘာကြီး၏ ပထဝီသဘော တရားအရ ဖွဲ့စည်းဖြစ်တည်နေမှုကို လူတို့က မြေလှန်ဖျက်ဆီးပစ်ရန်အထိ မည်သည့်အခါမျှ တတ်စွမ်းနိုင်ကြမည် မဟုတ်သော်လည်း၊ မြေကမ္ဘာ၏ သဘာဝယန္တရားကြီး လည်ပတ်နေခြင်းကို တုံ့ဆိုင်းစေရန်၊ အားပျော့ စေရန်၊ အရှိန်မြင့်စေရန်နှင့် စည်းချက်မမှန်စေရန်တို့ကိုမူ လုပ်ဆောင်နိုင်စွမ်းရှိကြသည်။

အသိဉာဏ်အားဖြင့် နိမ့်ကျလှသည့် တိရစ္ဆာန်များက မိမိတို့ ရှင်သန်နားခိုအိပ်စက်ရာ အသိုက်အမြုံကို ဖျက်ဆီးမှုမပြုကြသော်လည်း အသိဉာဏ်အမြင့်မားဆုံးဖြစ်သည့် နို့တိုက်သတ္တဝါများ ဖြစ်ကြသော လူတို့ကမူ မိမိတို့ရှင်သန်မှီခိုရာ ဤမြေကမ္ဘာကြီးကို ဖျက်လိုဖျက်ဆီးလုပ်ရန် လက်ရွံ့တုံ့ဆိုင်းခြင်းမရှိကြပေ။

မိမိတို့၏အကျိုးစီးပွားအတွက် စက်ရုံများ တည်ဆောက်လည်ပတ်ခြင်း၊ ယာဉ်ယန္တရားများကို ထုတ်လုပ် မောင်းနှင်အသုံးပြုခြင်း၊ သစ်ပင်တောအုပ်များကို ခုတ်လှဲဖျက်ဆီးခြင်း၊ သက်တမ်းရင့် နှစ်ရှည်ပင်ကြီးများကို ဖြိုလှဲဖြတ်တောက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် သဘာဝလွန် ဓာတ်မြေသြဇာများကို အလွန်အကျွံ အသုံးပြုခြင်း၊ ဓာတုဗေဒနည်းဖြင့် စီရင်ထားသော မွေးမြူရေးအစားအစာများကို အများအပြားသုံးစွဲခြင်း၊ စစ်ပွဲများဖန်တီးကာ ကျည်ဆန်နှင့်ဗုံးများဖောက်ခွဲခြင်း၊ ဓာတုလက်နက်များ ထုတ်လုပ်အသုံးပြုခြင်း၊ ရုပ်ကြွင်း လောင်စာများကို အတိုင်းအဆမဲ့ ထုတ်ယူသုံးစွဲခြင်း၊ ကလိုရိုဖလူရိုကာဗွန် ဓာတ်ငွေ့များကို လေထုအပေါ်ယံလွှာသို့ ရောက်ရှိစေခြင်း၊ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များဖြစ်ကြသော ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်း၊ ဆာလ်ဖာဟက်ဆာဖလူအိုရိုက်၊ နိုက်ထရပ်စ်အောက်ဆိုက်၊ ဟိုက်ဒရိုဖလူအိုရိုကာဗွန်၊ ပါဖလူအိုရိုကာဗွန် ဓာတ်ငွေ့များကို နေ့စဉ်နှင့်အမျှ လေထုအတွင်းသို့ စွန့်ထုတ်ခြင်းစသော လူတို့၏ လုပ်ရပ်များစွာတို့သည် သဘာဝအတိုင်း ဟန်ချက်ညီညီတည်ရှိနေသော သဘာဝပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးကို ဒဏ်ရာ ဒဏ်ချက်များစွာတို့ဖြင့် ပြည့်နှက်စေခဲ့သည်။

အကြောင်းတရားတို့၏ နောက်တွင် အကျိုးတရားက ထက်ကြပ်မကွာ လိုက်ပါစမြဲဖြစ်ရာ... လူတို့၏ အတ္တဆန်လှသော ဖန်တီးလုပ်ဆောင်နေမှု များစွာတို့၏ နောက်၌ လူတို့၏ဘဝရှင်သန်မှုကို အကြီးအကျယ် ခြိမ်းခြောက်နေသော စိန်ခေါ်မှု အများအပြားတို့က အစုလိုက်အပြုံလိုက် ပူးကပ်လိုက်ပါလျက် လူ့အဖွဲ့အစည်း၏ တံခါးပေါက်ဝ၌ မားမားမတ်မတ် ရပ်လျက်ရှိနေပြီဖြစ်သည်။

လူသားအကျိုးပြု ဖန်တီးတီထွင်မှုပေါင်း များစွာတို့သည် ရုပ်ပိုင်းဆိုင်ရာအရ လူနေမှုအဆင့်အတန်းကို မြင့်သည်ထက် မြင့်မားလာစေသလို...အခြားတစ်ဖက်၌မူ သဘာဝပတ်ဝန်းကျင် အခြေအနေများကို ယိုယွင်းပျက်စီးစေခြင်းကြောင့် ဘေးအန္တရာယ်အများအပြားကို ထိပ်တိုက်ရင်ဆိုင်နေကြရသဖြင့် စိတ်ပိုင်းဆိုင်ရာအရ စိုးရိမ်ကြောင့်ကြ ထိတ်လန့်မှုများနှင့် ကြုံတွေ့နေကြရသည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်း၊ ကမ္ဘာ့ရာသီဉတု ပြောင်းလဲလာနေခြင်း၊ မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်လာခြင်း၊ အစွန်းရောက် ရာသီဉတုများနှင့် ကြုံတွေ့နေရခြင်း၊ မိုးခေါင်ခြင်း၊ သဲကန္တာရများ ကျယ်ပြန့်လာခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ အင်အားပြင်းမုန်တိုင်းကြီးများ တိုက်ခတ်ခြင်း၊ ပင်လယ်ရေ မျက်နှာပြင် တရိပ်ရိပ်မြင့်တက်လာနေခြင်း၊ ရေခဲတောင်နှင့်ရေခဲပြင်ကြီးများ အရည်ပျော်နှုန်း မြန်ဆန်လာခြင်း၊ မြစ်ချောင်းများ ရေစီးလမ်းကြောင်း ပြတ်တောက်ခြင်း၊ မြစ်ရေကြီးခြင်း၊ ကမ်းပြိုခြင်း၊ ခရမ်းလွန်ရောင်ခြည် သင့်ခြင်း၊ မီးခိုးမြူအန္တရာယ်နှင့် ကြုံတွေ့ရခြင်းစသော ဘေးဒုက္ခများကို ကမ္ဘာ့ဒေသအနှံ့၌ တွေ့ကြုံခံစား နေကြရသည်။

ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်ခြင်းကို ယေဘုယျအားဖြင့် အုပ်စု သုံးမျိုး ခွဲခြားရှုမြင်ကြရန် လိုအပ်သည်။ ပထမအုပ်စုမှာ သဘာဝယန္တရားကြီး၏ စဉ်ဆက်မပြတ် လည်ပတ်နေမှုကြောင့် ပထဝီသဘောတရားအရ ပေါ်ပေါက်လာသော သဘာဝဘေးအန္တရာယ်များ ဖြစ်ကြသည်။ ထိုဘေး အန္တရာယ်မျိုး ဖြစ်ပွားပေါ်ပေါက်လာခြင်းအပေါ် လူတို့၏ပယောဂများက တစ်စုံတစ်ရာ ပါဝင်ပတ်သက်ခြင်းမရှိသလို... ထိုကဲ့သို့ ဖြစ်ပွားမလာစေရန်လည်း လူတို့က မည်သို့မျှ တားဆီးနိုင်စွမ်း မရှိသော ဘေးအန္တရာယ်မျိုးဖြစ်သည်။ ငလျင်လှုပ်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးကြိုးလျှပ်စီး ကျရောက်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည်တို့မှာ အဆိုပါအုပ်စု၌ ပါဝင်ကြသည်။

ဒုတိယအုပ်စုမှာ သဘာဝယန္တရားကြီး၏ လည်ပတ်မှုကြောင့်လည်း ပေါ်ပေါက်လာနိုင်သလို... လူတို့၏ ပယောဂများကြောင့်လည်း ပေါ်ပေါက်လာနိုင်သော ဘေးအန္တရာယ်များဖြစ်ကြသည်။ ထိုအုပ်စုထဲတွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်း၊ ရာသီဉတုပြောင်းလဲခြင်း၊ မိုးလေဝသ အခြေအနေ ကစဉ့်ကလျားဖြစ်ခြင်း၊ အစွန်းရောက်ရာသီဉတုများ ဖြစ်ပေါ်ခြင်း၊ မြေပြိုခြင်း၊ ရေခဲပြင်များ အရည်ပျော်နှုန်း မြန်ဆန်လာခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းစသည်တို့ ပါဝင်သည်။

တတိယအုပ်စုကမူ လူတို့၏ပယောဂ သက်သက်ကြောင့်သာလျှင် ပေါ်ပေါက်လာရသော ဘေးအန္တရာယ်များ ဖြစ်ကြသည်။ ထိုဘေးအန္တရာယ်မျိုးမှာမူ သဘာဝယန္တရားကြီး လည်ပတ်နေမှုကြောင့် ဖြစ်မလာနိုင်ဘဲ လူတို့၏ အဆင်အခြင်မဲ့ လုပ်ရပ်များကြောင့်သာ ပေါ်ပေါက်နိုင်သော ဘေးအန္တရာယ်မျိုး ဖြစ်သည်။ သာဓကအားဖြင့် မီးခိုးမြူအန္တရာယ်နှင့် ကြုံတွေ့ရခြင်း၊ ခရမ်းလွန်ရောင်ခြည် သင့်ရောက်မှုခံရခြင်း စသည်တို့ဖြစ်ကြသည်။

၂၀ ရာစု၏ ကောင်းမွေဆိုးမွေများကို ဆက်ခံနေရသည့် ၂၁ ရာစုထဲ၌ လူသားတစ်ဦးအဖြစ် ရှင်သန်နေရသူတိုင်းသည် တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကွေ့မဟုတ် တစ်ကွေ့၌ မလွဲမသွေ ကြုံတွေ့ကြရနိုင်သည့် ဘေးအန္တရာယ်မျိုးစုံတို့ကို စိတ်ပျက်အားငယ်စွာဖြင့် ခေါင်းငုံ့ကာ ရင်ဆိုင်ကြမည်လော... သို့တည်းမဟုတ်...အသိရှိရှိ သတိရှိရှိဖြင့် နိုးကြွားစွာ ရင်ဆိုင်ကြမည်လောဆိုသည်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ကြဖို့ အချိန်အခါကျရောက်နေပြီ ဖြစ်သည်။

သဘာဝ ဘေးအန္တရာယ်များနှင့် လူ့ပယောဂကြောင့်ဖြစ်ရသော ဘေး အန္တရာယ်များ ဖြစ်ပေါ်လာပုံ အခြေခံအကြောင်းတရားများ၊ အဆိုပါ ဘေးအန္တရာယ် အသီးသီးတို့၏ သဘောသဘာဝနှင့်စွမ်းအားများ၊ ဘေးအန္တရာယ်ကို ရှောင်လွှဲနိုင်မည့်နည်းလမ်းများ၊ ရှောင်လွှဲ၍မရနိုင်သော ဘေးအန္တရာယ်များကို အသိဉာဏ် ရှိရှိဖြင့် အံတုရင်ဆိုင်နည်းများ၊ သဘာဝဘေးအန္တရာယ် လျှော့ချရေးနည်းလမ်းများ၊ ဘေးအန္တရာယ် အသွယ်သွယ်တို့ကြောင့် လူညွန့်တုံးပြီး လူသားမျိုးဆက် ပျက်သုဉ်းမသွားစေရန် ကြိုတင်ကာကွယ် ထိန်းသိမ်းရမည့်အစီအမံများ စသည်တို့ကို ကောင်းစွာ နားလည်သဘောပေါက်ကြရန် အလွန်အရေးကြီးသည်။ သဘာဝဘေးအန္တရာယ်များနှင့် လူ့ပယောဂကြောင့်ဖြစ်ရသော ဘေးအန္တရာယ်တို့၏အကြောင်းကို ဂဃနဏ နားလည်သဘောပေါက်လာသော အချိန်သည် အနာဂတ်ကမ္ဘာကြီး၌ လူသားမျိုးနွယ်ထုတစ်ရပ်လုံးအတွက် ဘဝရှင်သန်ရပ်တည်မှုဆိုင်ရာ စာမျက်နှာသစ်များကို ဖွင့်လှစ်နိုင်မည့် မင်္ဂလာရှိသော အချိန်အခါသမယပင် ဖြစ်ပေလိမ့်သည်။

အဘယ်ကြောင့်ဆိုသော် ရှေ့ဆက်ဖတ်ရှုလေ့လာရမည့် အကြောင်းအရာများသည် ကမ္ဘာ အရပ်ရပ်၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ဘေးအန္တရာယ်မျိုးစုံတို့၏ ဖြစ်တည်လာပုံအခြေခံမှစ၍ အဖျက်စွမ်းအားကြီးမားပုံ အလုံးစုံတို့ကို ခေတ်သစ်သိပ္ပံပညာရပ် များစွာတို့ဖြင့် ရှာဖွေဖော်ထုတ် လေ့လာဆန်းစစ်ကာ သုတေသနပြုမှုများအရ တွေ့ရှိလာခဲ့သော ဘေးအန္တရာယ်ရှောင်လွှဲရန် နည်းလမ်းများနှင့် အံတုရင်ဆိုင်ရန် အကောင်းဆုံးသောနည်းလမ်းများ ဖြစ်သောကြောင့်ပင် ...




၂၀၁၁ ခုနှစ် မတ်လအတွင်းက ဖြစ်ပွားခဲ့သော ဂျပန်နိုင်ငံ ဆူနာမီသဘာဝဘေး

**မိုးကြိုးပစ်တဲ့အခါ...**

မိုးဦးကျကာလများ၊ မိုးတွင်းကာလများနှင့် ရာသီဉတု ရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲသော အခါသမယမျိုး၌ လျှပ်လက်ခြင်း၊ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးကြိုးမုန်တိုင်း ကျရောက်ခြင်းများကို ကြုံတွေ့ကြရလေ့ ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ မိုးကောင်ကင်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော အခြေအနေများအရ တိမ်တိုက်တစ်ခုနှင့်တစ်ခု အကြားတွင်သော်လည်းကောင်း၊ မိုးတိမ်တိုက်နှင့် မြေလွှာအကြားတွင်သော်လည်းကောင်း လျှပ်စစ်ဖိအားခြားနားမှု ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်သည်။

ယင်းကာလမျိုးတွင် မိုးတိမ်တိုက်၏ အောက်ခြေပိုင်း၌ လျှပ်စစ်အမဓာတ်များ ဖြစ်ပေါ်လာပြီး၊ တစ်ချိန်တည်းမှာပင် မြေပြင်ပေါ်၌လည်း လျှပ်စစ်အဖိုဓာတ်များ စုဝေးဖြစ်ပေါ်လာကာ ရင်ဆိုင်မိကြသည်။ မိုးဉတုအခါများနှင့် ရာသီဉတု ရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲသော အခါများ၌ မိုးသက်မုန်တိုင်းကြောင့် တိမ်လွှာ၏ အောက်ခြေပိုင်းတွင် စုဝေးနေကြသော လျှပ်စစ်အမဓာတ်များသည် ဝေဟင်မှနေ၍ ရွေ့လျားကြသည်။ မြေပြင်ပေါ်ရှိ လျှပ်စစ်အဖိုဓာတ်တို့ကလည်း လျှပ်စစ်အမဓာတ်များ ရွေ့လျားသည့်အတိုင်း လိုက်ပါရွေ့လျားကြသည်။

ယင်းသို့ရွေ့လျားကြရင်း လျှပ်စစ်အမဓာတ်တို့၏ ဆွဲဆောင်မှုကြောင့် လျှပ်စစ်အဖိုဓာတ်တို့သည် မြင့်သောနေရာများဖြစ်သည့် လျှပ်စစ်ဓာတ်တိုင်များ၊ လျှပ်စစ်ဝိုင်ယာလိုင်းကြိုးများ၊ အလံတိုင်နှင့် သစ်ပင်များ၊ ထိုးထိုးထောင်ထောင် ရှိနေသည့် အဆောက်အအုံများ၏ ထိပ်ဖျားများဆီသို့ တက်ရောက်လာကြသည်။ ယင်းသို့ တက်ရောက်လာမှုကြောင့် လျှပ်စစ်အမဓာတ်နှင့် လျှပ်စစ်အဖိုဓာတ်တို့ နီးကပ်စွာ စုဝေးမိကြသည်။ စုဝေးမှုအစိုင်အခဲ ကြီးမားလာသောအခါ ခုန်ကူးပေါင်းစပ်မှု ပြုကြသည်။ ဤသို့ဖြစ်ပျက်သည်ကို မိုးကြိုးပစ်သည်ဟု ခေါ်ဆိုကြသည်။

**မိုးကြိုးအန္တရာယ်**

သို့ဖြစ်၍ မြင့်မားသော အဆောက်အအုံများ၊ သစ်ပင်ကြီးများ၊ ချွန်ထက်ပြီး ထိုးထိုးထောင်ထောင်ရှိနေသော အဆောက်အအုံ စသည်တို့သည် မိုးဉတုအခါများနှင့် ရာသီဉတု ရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲ၍ မိုးသက်မုန်တိုင်း ကျရောက်သော အခါများ၌ မိုးကြိုးပစ်ခံရရန် အခွင့်အလမ်း ပို၍များသည်။ ယင်းတို့နှင့် နီးကပ်စွာရှိနေသော လူနှင့်တိရစ္ဆာန်များ၊ ဝတ္ထုပစ္စည်းများသည်လည်း မိုးကြိုးစက်ကွင်းအတွင်း ကျရောက်နေသည်ဖြစ်၍ အန္တရာယ်ကြီးမားလှသည်။

ထို့ကြောင့်ပင် လျှပ်လပ်ပြီး ထစ်ချုန်းသောအခါမျိုးများ၌ ကျယ်ပြန့်သော နေရာများ၊ လွင်တီးခေါင်ပြင်ဖြစ်သော နေရာများ၊ လယ်ကွင်းပြင်များတွင် မနေသင့်ပေ။ ထိုအခါမျိုးတွင် ကွင်းပြင်နှင့် လွင်တီးခေါင်အလယ်၌ ရပ်နေသော လူ သို့မဟုတ် တိရစ္ဆာန်တို့သည် အဆိုပါနေရာများ၏ အမြင့်ဆုံးသော တည်ရှိမှုများ ဖြစ်နေသည့်အတွက် လျှပ်စစ်အဖိုဓာတ်နှင့် လျှပ်စစ်အမဓာတ်တို့ ခုန်ကူးပေါင်းစပ်မှုပြုရာ ဗဟိုချက်မ ဖြစ်သွားနိုင်သည်။ တစ်နည်းအားဖြင့် မိုးကြိုးပစ်ရန်အတွက် ပစ်မှတ်နေရာ ဖြစ်သွားနိုင်သည်။

မိုးဉတုအခါများတွင် လယ်ကွင်းပြင်များ၌ လယ်ထွန်နေသူများနှင့် ကျွဲနွားစသည်တို့ မိုးကြိုးထိမှန် ခံရတတ်ခြင်းမျိုးသည် အထက်ပါ သဘောတရားကြောင့်ပင် ဖြစ်သည်။ သို့ဖြစ်၍ ယင်းသို့သော အခြေအနေမျိုးတွင် ပြန့်ပြူးသောကစားကွင်းများ၊ အဆောက်အအုံကင်းမဲ့သော ဆင်ခြေဖုံးနေရာများ၊ မြေပြန့်လွင်ပြင်များ၊ မြို့ရွာစသည်တို့နှင့် အလှမ်းကွာဝေးသော နေရာများတွင် ရောက်ရှိနေသူတို့သည် မိုးကြိုးပစ်ခံရရန် အခွင့်အလမ်း အများဆုံးရှိနေကြသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားစခန်းအသစ်များ ဖော်ဆောင်ခြင်းကြောင့် ခရီးစဉ်များအပေါ် စိတ်ဝင်စားသူများပြားလာ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားစခန်းအသစ်များကို ပြီးခဲ့သည့်နှစ်အတွင်းမှစတင်၍ သိသိသာသာ ဖော်ဆောင်လာနေသည်ကို တွေ့ရသောကြောင့် ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ကြသူများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ခရီးသွားနေရာ အများစုကို စိတ်ဝင်စားလာကြသလို ခရီးသွားကြမည့် ပြည်သူများကလည်း ထိုခရီးစဉ်သစ်များကို စိတ်ဝင်စားစွာ စုံစမ်းမေးမြန်းမှုလည်း ပိုမိုများပြားလာကြောင်း သိရသည်။

ခရီးသွားစခန်းနေရာသစ်များ ဖော်ထုတ်ကာ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ သဘာဝအမွေအနှစ်များ ကျန်ရှိနေသည့် နယ်မြေများအတွင်း သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုမရှိစေသည့် ခရီးသွားလုပ်ငန်း အဆောက်အအုံများ အပန်းဖြေစခန်းများကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးဖြစ်သည့် ကိုလင်းက ပြောသည်။

"အခုအချိန်မှာ ပြည်တွင်းရော ပြည်ပကပါ ခရီးသွားရင်းလေ့လာတာကို ခုံမင်နှစ်သက်တာ

**ရွှေမျောများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ကျောက်စိမ်းတူးဖော်မှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဦးဆောင်၍ ပိတ်သိမ်းခြင်း၊ ယာယီရပ်နားခြင်းများ လုပ်ဆောင်ခဲ့သည်နှင့်အတူ တစ်ဖက်တွင် မီးခိုးမထွက်သည့်စက်မှုလုပ်ငန်းဟု တင်စားသည့် ခရီးသွားလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်လာသည်ကို တွေ့ရသည်**





တွေ ပိုများလာနေပါပြီ။ ရပ်ဝေးဒေသတွေအထိ အချိန်ပေးပြီး ခရီးသွားလာတာတွေကို အလေ့အကျင့်တစ်ခုလို လုပ်ဆောင်လာနေပါပြီ။ ရာသီရောက်မှဖွင့်တဲ့ အလောင်းတော်ကဿပခရီးဆိုရင်ပြည်တွင်းခရီးသွား တော်တော်များများ ခုံခုံမင်မင်သွားလာတာကို တွေ့ရပါတယ်"ဟု ၄င်းက ဆက်ပြောပြသည်။

၂၀၁၆ ခုနှစ်အတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တရားမဝင်စည်းကမ်းချက်နှင့်မညီသည့် ရွှေမျောများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ကျောက်စိမ်းတူးဖော်မှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဦးဆောင်၍ ပိတ်သိမ်းခြင်း၊ ယာယီရပ်နားခြင်းများ လုပ်ဆောင်ခဲ့သည်နှင့်အတူ တစ်ဖက်တွင် မီးခိုးမထွက်သည့် စက်မှုလုပ်ငန်း(No Smoking Industry)ဟု တင်စားသည့် ခရီးသွားလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်လာသည်ကို တွေ့ရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် သဘာဝကလက်ဆောင်ပေးထားသော နေရာများ၊ သမိုင်းဝင်နေရာများ၊ ရှေးဟောင်းဘုရားများ၊ ရှေးလက်ရာယဉ်ကျေးမှုအနုပညာများ စသည်တို့သည် မြို့နယ်အသီးသီးတွင် တည်ရှိနေပြီးဖြစ်သော်လည်း တိမ်မြုပ်ပျောက်ကွယ်ကာ လူသိနည်းနေသည့်နေရာများလည်း ရှိနေသေးသည်။

"ရှိပြီးနေရာတွေကို ပိုမိုပြည့်စုံတဲ့ခရီးသွားဒေသအဖြစ် အကောင်အထည်ဖော်နေပြီး လေ့လာနိုင်မယ့်နေရာသစ်တွေကို တိုင်းဒေသကြီးအစိုးရက မိတ်ဆက်ဖို့ ကြိုးစားနေတာ တွေ့ရပါတယ်။ အဲလိုကြိုးစားတဲ့ နေရာသစ်တွေထဲမှာ ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်မှာရှိတဲ့ အင်းတော်မြို့ကနေ ၂၈ မိုင်ဝေးတဲ့ ဗန်းမောက်ကတစ်ဆင့် တစ်နာရီလောက်ကားစီးရင်ရောက်တဲ့ ဇလုံတောင်ခရီးစဉ် ပါဝင်သလို မြန်မာ့လက်မှုပညာ စဉ့်ထည်လုပ်ငန်းနဲ့ ပြည်ပခရီးသွားတွေကို ဆွဲဆောင်နေတဲ့ ရွှေဘိုခရိုင် နွယ်ငြိမ်းကျေးရွာနဲ့ မြန်မာ့ကျေးလက်လေ့လာစရာအဖြစ် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ထူထောင်ဖို့ ကြိုးပမ်းနေတဲ့ မုံရွာမြို့ အရှေ့တောင်ဘက်မှာရှိတဲ့ လယ်ဇင်စံပြကျေးရွာတို့လည်း ပါဝင်ပါတယ်"ဟု ခရီးသွားလုပ်ငန်းဖြင့် ဝန်ဆောင်မှုပြုနေသူတစ်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်နှင့် တိုင်းဒေသကြီး၏ဘဏ္ဍာငွေ တိုးတက်စေရန်နှင့် ဒေသခံများ၏ အလုပ်အကိုင်နှင့်ဝင်ငွေ တိုးတက်ရရှိစေရန်အပြင် ပုဂ္ဂလိက စီးပွားရေးနှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခရီးသွားစခန်းသစ်များကို တိုးချဲ့ဖော်ထုတ်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြု သျှိုးလိုက်ရတု

**ဒေါက်တာထွန်းတင့်(မြန်မာစာ)**

ဘဝတုသဗ္ဗမင်္ဂလံ၊ ဆရာ့ကျေးဇူး၊ ဂုဏ်အထူးကို၊ ချီးကျူးဘဝင်လှုံ့စိမ့်။ နူန်း စံရပါလျှင်ကား၊ ဆရာဟူက၊ မိနှင့်ဖလျှင်၊ နှိုင်းဆ ပမာထားစို့။ မိဘနှစ်ပါးဆိုပါမူ၊ မြင်းမိုရ်ထိပ်ဦး၊ မကကျူးသည်၊ ကျေးဇူးကြီးဘိဟူ၏။ ထိုနည်းအတူ ဆရာလည်း၊ ကျေးဇူးကြီးလှ၊ အနန္တလျှင်၊ ချင့်ဆအတူတည်းပ့ါ။ ဘုရားနှင့်လည်း တစ်ဂိုဏ်းတည်းပင်၊ အနန္တောအနန္တ၊ ငါးပဥ္စဟု၊ မှတ်ကြကမ္ပည်းတင်၏။ မိဘကလျှင် မွေး၍ကျွေး၊ မြင့်မြတ်ဆရာ၊ တတ်ကောင်းစွာသား၊ ပညာအမွေပေးရှင့်။ လိမ္မာစေရေး သွန်သင်ကာ၊ ချင့်ချိန်တတ်အောင်၊ လမ်းပြဆောင်သည်၊ လူ့ဘောင်တစ်သက်တာတည်း။ စေတနာ ဝါသနာ အနစ်နာပြင်၊ စံနမူနာ၊ ကရုဏာနှင့်၊ စာနာလွန်ချစ်ကြင်၏။ ကမ္ဘာ့အမြင် ကျယ်စေရေး၊ တပည့်တို့အား၊ အသိပွားအောင်၊ သင်ကြားပြသပေး၏။ စဉ်းစားမျှော်တွေးတတ်စေရန်၊ နှိုင်းချိထပ်လောင်း၊ ကျိုးအကြောင်းနှင့်၊ ဆိုးကောင်းခွဲဝေဖန်၍၊ လမ်းကြောင်းအမှန်ရွေးချယ်ကာ၊ လူ့ဘောင်လောက၊ လုထက်လုအောင်၊ ခြယ်သဥာဏ်ပညာဖြင့်၊ ထွန်းပတန်ဆာဆင်ပြီးလျှင်၊ အများအကျိုး၊ ဆတက်တိုး၍၊ သယ်ပိုးထမ်းရွက်ကျင်လိမ့်။ ဆရာသခင်တတ်သမျှ၊ တပည့်တို့လည်း၊ ဆရာ့နည်းလျှင်၊ သိပ်သည်းပညာရလိမ့်။ ပမာနှိုင်းပြရပါမူ၊ ရေကားဆရာ၊ တပည့်ကြာလျှင်၊ တထာထို့အတူပ့ါ။ ရေမြင့်မှုကြာမြင့်မည်၊ ဆရာတော်မှ တပည့်တော်မည်၊ ဆိုသော် သင့်ရာတည်တည့်လေ။

ဆရာခေါ်ကြ ဝေါဟာရ၏ အတ္ထအနက်ကို၊ သက္ကတပါဠိ၊ နှစ်တန်ညှိလျက်နှိုင်းချိဖွင့်ပြဆိုအံ့။ သက္ကတအလို အာစာယ၊ ဗေဒအတတ်၊ သင်ပေးလတ်၍၊ မည်မှတ်ခေါ်ဆိုကြ၏။ ပုဂံခေတ်ကကျောက်စာမှာဆာယ၊ ဆယ၊ အရေးပြသည်၊ တစ်ဝ ဆာချာတည့်။ ထို့ပြင် ဆြှာရှိလတ်သေး၊ ဆိရှာဆြို၊ ရေးကွဲကာလျှင်၊ ထူးစွာလျှင်လည်း ရေး၏။ မှတ်လော့ စိစ္စေး ပါဠိတွင်၊ ၊အာစရိယ၊ ဝေါဟာရကို၊ ထွန်းပြပါ လေကျင်၏။ ကျင့်မြတ်ကိုလျှင် ကျင့်သူပင်၊ ၊ဓိပ္ပာယ်ယူက၊ လျော်လေစွဟု၊ မှတ်က သင့်မည်ထင်၏။

မြန်မာမည်တွင် ဆရာကား၊ ၊ဘာသာသက္ကတ၊ အာစာယ၊ ကို၊ လှယ်ကြ ခေါ်ဆိုကြား၏။ ဆရာ့ဝတ္တရားငါးပါးမည်၊ ၊တပည့်တို့အား၊ ပညာပွားအောင်၊ သင်ကြားပေးရသည်နှင့်။ အကျင့်မူနည်ကောင်းမွန်အောင်၊ ၊ချော့ကာမြှောက်ကာ၊ စောင်မကာလျှင်၊ ညင်သာ လမ်းပြဆောင်ရှင့်။ အမျက်မာန်စောင် ရှောင်ကင်းကွာ၊ ၊လိမ္မာယဉ်ကျေး၊ သိမ်မွေ့ရေးကို၊ ဆောင်သွေးလမ်းပြရာ၏။ တတ်သိပညာကုန်အစင်၊ ၊လက်ဆုပ်မထား၊ တပည့်များကို၊ ကြိုးစားအားထုတ်သင့်၏။ မိမိထံတွင် ပညာစုံက၊ ၊သင့်လျော်သည့်တာ၊ သူ့ထံမှာသို့၊ ပို့ကာအပ်နှံရ၏။ ကျေးဇူးကြီးလှဆရာကိုကား၊ ၊မိဘသဖွယ်၊ မြင်းမိုရ်နှယ်လျှင်၊ နှိုင်းဆွယ်ပမာ ထားရာ၏လေ။

ကမ္ဘာတစ်လွှား၊ ဆရာများကို၊ လေးစားကြည်ညိုစွာ၊ ၊အောက်တိုဘာလ၊ ပဥ္စမတွင်၊ ကမ္ဘာ့တစ်ခွင်မှာတည့်။ ကမ္ဘာ့ဆရာများနေ့သတ်မှတ်ပြီး၊ ၊ဆရာ့ဂုဏ်ကို၊ လှစ်ဖွင့်ဆိုသည်၊ အဟိုကျူးဝဲ့ချီး၏။ တိုင်းပြည်သီးသီးဆရာများအား၊ ၊ရှေ့ဖျားလည်းတင်၊ ကျေးဇူးရှင်ဟု၊ မှတ်ထင်ဦးညွှတ်တွားကြ။ ဆရာများအားလေးစားလျှင်၊ ၊သင်ကြားရာမှာ၊ လွတ်လပ်စွာတည့်၊ သင်ပါကြစေချင်၏။ လုပ်ပိုင်ခွင့်လျှင် မြှင့်တင်ပေး၊ ၊လုပ်ခွင့်ဝန်တာ၊ လုပ်သင့်ရာကို၊ ကောင်းစွာ လုပ်နိုင်ရေးတည်း။ ပညာရည်သွေးမြင့်မှသာ၊ ကမ္ဘာတစ်လွှား၊ လူအများတို့၊ ကြီးပွားတိုးတက်ပါလိမ့်။ တို့မြန်မာလည်း ပညာရည်၊ သူတကာနောက်က၊ အောက်မကျအောင်၊ တက်ကြွရှက်ဆောင်မည်တည့်။

ဆရာသည်သာ အခရာ၊ ပညာဟူလည်း၊ ၄င်းနည်းဟု၊ မှတ်ဆည်းအခရာပ။ ဆရာ-ပညာတိုးတက်မှ၊ နိုင်ငံတကာ၊ သည်ကမ္ဘာတွင်၊ ယှဉ်ခါနောက်မကျလိမ့်။ မြန်မာတို့က ဆရာကို၊ ၊ကမ္ဘာပေါ်မှာ၊ သူတကာထက်၊ လွန်စွာချစ်ကြည်ညိုရှင့်။ မြန်ပြည်တစ်ခိုပူဇော်ပွဲ၊ ၊နှစ်တိုင်းလတိုင်း၊ တံ့မဆိုင်းဘဲ၊ ကိုင်းရှိုင်းကျင်းပမြဲတည့်။ ပူဇော်ပွဲလည်း ပူဇော်ပါ၊ ၊ပညာအစွမ်း၊ ကမ္ဘာလွှမ်းအောင်၊ ကြိုးပမ်းအားထုတ်ရာသည်တည့်လေ။ ။



## အောက်ဆီဂျင်ဘူး အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ် (၃/၄)ရပ်ကွက်ရှိ စေတနာလူမှုကူညီရေးအသင်းသို့ အသက်ကယ်အောက်ဆီဂျင်ဘူးများ လှူဒါန်းကြသော အလှူရှင်များအား နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူနှင့် ရုပ်ရှင်သရုပ်ဆောင် ပရဟိတဦးညီဂျော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို အောက်ပုဇွန်တောင် သဟပုညကာရီဓမ္မာရုံ၌ အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုလွှာပေးအပ်ပွဲတွင် စေတနာလူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ရုပ်ရှင်သရုပ်ဆောင် ပရဟိတဦးညီဂျော်၊ နာရေးကူညီမှုအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်သူတို့က အသင်းမှ တာဝန်ရှိသူတို့အား ငွေစာရင်းရှင်းတမ်းထုတ်ပြန်ရေးနှင့် အသင်းသားများစည်းလုံးညီညွှတ်ရေး စသည့် လုပ်ငန်းပိုင်းဆိုင်ရာများ အမှာစကားပြောကြားကြကာ ဆက်လက်၍ အသက်ကယ်အောက်ဆီဂျင်ဘူး လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**မြင့်ဦး(အင်းစိန်)**

# နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ (၂၈)နှစ်တာခရီး အပိုင်း(၇)

**မြင့်စိုး (နတလ)**

ကိုးကန့်ဒေသတွင် ၁၉၉၅ခုနှစ်ကကြုံခဲ့ဖူးသော ဒုတိယအကြိမ် ဖုန်-ရန်အရေးအခင်းအကြောင်းကို ပြန်လည်စဉ်းစားမိသမျှ၊ မှတ်မိသမျှ ဖောက်သည်ချပါတော့မည်။ ပြောရလျှင် ထိုနှစ် ထိုအချိန် ထိုကာလနိုဝင်ဘာလဆန်းလောက် အထိကတော့ ဘာပြဿနာကြီးငယ်မျှမရှိ၊ နယ်မြေ ဒေသတစ်ခုလုံး အသွား မပျက်၊ အစားမပျက် အေးချမ်းငြိမ်သက်လျက်။ ထိုသို့ရှိနေရာမှ မုံးကိုးဒေသ တာဝန်ခံဦးမုန်ဆာလက ကိုးကန့်အဖွဲ့မှ ခွဲထွက်ရန် တာစူလာသဖြင့် ဦးရန်မိုးလျှန်ဦးစီး ကိုးကန့်တပ်ဖွဲ့များ မုံးကိုး ဒေသသို့ ချီတက်ဝိုင်းရံပိတ်ဆို့ကြသည်။ လောက်ကိုင်တွင် ဦးရန်မိုးလျှန်၏အစ်ကို ဦးရန်မိုးအန်းဦးစီး မြို့စောင့်တပ်ဖွဲ့ လောက်သာကျန်တော့ကြောင်း သိရသည်။ မိမိတို့တပ်မတော် စစ်ကြောင်းအနေဖြင့်မူ လောက်ကိုင်ဆေးရုံ (ယခင် ၂၅ ခုတင် ဆေးရုံဟောင်း) ဝင်းထဲ၌ ယာယီတပ်ရင်းမှူး-ဗိုလ်မှူး ဝေလင်း (နောင်တွင် ဗိုလ်မှူးချုပ်ဝေလင်း-ငြိမ်း)၏ ခလရ(၂၄၀) စစ်ကြောင်းရုံးနှင့် တပ်စုတစ်စု၊ နားလီစိုက်ပျိုးရေးခြံဘက်တွင် စစ်ကြောင်း (၂)ရုံးနှင့် တပ်စုတစ်စုလောက်သာ ရှိနေကြပြီး၊ ကျန်အင်အားအချို့ကို လောက်ကိုင်နှင့် ချင်းရွှေဟော်လမ်း ကြောင်းပေါ်မှ စခန်းလေးများတွင် လည်းကောင်း၊ ရန်လုံကျိုင်း ဂိတ်အနီးတွင်လည်းကောင်း ဖြန့်ခွဲနေရာယူထားရသည်။ ကိုးကန့်အဖွဲ့နှင့် မူလငြိမ်းချမ်းရေးသဘောတူညီချက်များအရ တပ်ရင်းတစ်ရင်းလုံး အင်ပြည့်အားပြည့်ဝင်ရောက် တပ်စွဲထား ခြင်းမျိုးမဟုတ်ဘဲ လူအင်အား၊ လက်နက်အင်အား အကန့် အသတ်ဖြင့် သတ်မှတ်နေရာများတွင် စခန်းထိုင် တာဝန်ယူ ထားကြခြင်းဖြစ်၏။ ခမရ(၂၃၉)မှ တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်မှူးမျိုးအေး (နောင်တွင် ဗိုလ်မှူးချုပ်မျိုးအေး- ယခု ဆားဘီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး)၏ တပ်ခွဲရုံးနှင့် အင်အားအချို့ကိုလည်း လောက်ကိုင်နှင့် မနီးမဝေး ကားလမ်း ဘေး (နာဖူထန်) ကုန်းလေးပေါ်တွင် ဆုံခဲ့ဖူးသည်။ သူနှင့် ကျွန်တော်က DSA မှာသင်တန်းတက်ဖက်၊ အပတ်စဉ်တူ အောင်ဇေယျတပ်ခွဲမှာလည်း အတူတူ။

ထိုစဉ်က လောက်ကိုင်မြို့ပေါ်မှာ အထက(၁)ကျောင်း။ ၂၅ ခုတင်ဆံ့ဆေးရုံ တစ်ရုံ၊ ရှေ့တန်းစိုက်ပျိုးရေးစခန်း တစ်ခု၊ ထွန်စက်စခန်း တစ်ခု၊ မွေးမြူရေးခြံ တစ်ခြံ၊ နားလီစိုက်ပျိုး ရေးခြံ တစ်ခြံ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ၊ စာတိုက်နှင့်ကြေးနန်းရုံး တစ်ရုံး၊ ကုန်သွယ်လယ်ယာ ရုံးတစ်ရုံး ရှိနေပြီး ချင်းရွှေဟော်မှာ အထက(၁)ကျောင်း၊ ဆေးရုံ တစ်ရုံ၊ စာတိုက်နှင့်ကြေးနန်းရုံး၊ ဧက ၅၀ ရော်ဘာစိုက်ပျိုးရေးခြံ တစ်ခြံ ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော တာရွှေထန်၊ ကုန်းကြမ်း၊ စီအော၊ ပါစင်ကျော်၊ ရန်လုံကျိုင်း အစရှိသည်တို့၌လည်း စာသင်ကျောင်းနှင့်ဆေးခန်းများ ဖွင့် လှစ်ပေးထားပြီးဖြစ်သည်။ နတလတာဝန်ခံအနေဖြင့် အထက် ဖော်ပြပါ ရုံးဌာနများ အားလုံးကို ညှိနှိုင်းပေါင်းစပ်လျက် ဒေသ အာဏာပိုင်များ၏ လိုလားချက်များကို ရယူပြီး ရန်ကုန်နတလ ရုံးချုပ် (လုပ်ငန်းကော်မတီရုံး)သို့ ပြန်လည်တင်ပြကာ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေး ခဲ့ရသည်။ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများကတော့ ညှိနှိုင်းပေါင်းစပ်ပေးရုံသာ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များကိုမူ ကွင်းဆင်းဆောင်ရွက်ရတာ များပါသည်။ ဖုန်-ရန် အရေးအခင်း စတင်ဖြစ်ပွားသည့်နေ့ကလည်း တာရွှေထန် ဘက်သို့ သွားရာလမ်းဘေးရှိ ကြံစိုက်ခင်းများတွင် ကြံမျိုးချ ရန်အတွက် လယ်ထွန်စက်စခန်းမှ ထွန်စက် သုံးစီးဖြင့် မနက် စောစောသွားရောက် ထွန်ယက်ပေး နေချိန်ဖြစ်၏။ ကျွန်တော် အမှတ်မမှားဘူးဆိုပါလျှင် ထိုနေ့သည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ (၂၈) ရက်နေ့။

ကြံခင်းတွေ ထွန်ယက်ပေးပြီး နံနက် ၁၁ နာရီ ပတ်ဝန်းကျင် လောက် လောက်ကိုင်မြို့ထဲ ပြန်ဝင်လာအချိန်မှာတော့ လူတော် တော်များများက ရုတ်ရုတ်သဲသဲနှင့် ဟိုပြေးသည်လွှား ဖြစ်နေ ကြပေပြီ။ ဘာဖြစ်နေကြတာလဲဗျဟု မေးလိုက်သောအခါ ချင်းရွှေဟော်ကို "ဝ"တွေ သိမ်းလိုက်ပြီ၊ ဦးဖုန်ကြားရှင်က "ဝ"တပ်တွေနဲ့ပေါင်းပြီး လောက်ကိုင်ကိုသိမ်းဖို့ ထွက်လာပြီတဲ့။ သိပ်တော့မအံ့သြ တော့ပါ။ လွန်ခဲ့သည့် နှစ်ပတ်လောက်ကပဲ ကွမ်းလုံမှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမောင်မောင်သိမ်း (နောင် တွင် ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ မွေး/ရေ ဝန်ကြီး(ငြိမ်း)) လောက်ကိုင်ကိုရောက်ရှိလာစဉ် ဦးဖုန်ကြားရှင်အဖွဲ့ ပြန်ဝင် လာဖို့ ကြိုးစားနေကြောင်း၊ တရုတ်ပြည်နယ်စပ်ကနေ စစ် ကြောင်း တစ်ခု၊ ချင်းရွှေဟော်-လောက်ကိုင် လမ်းအတိုင်း စစ်ကြောင်းတစ်ခု၊ ကွမ်းလုံမြောက်ဘက်ခြမ်းကနေ စစ်ကြောင်း တစ်ခု၊ ပေါင်းသုံးခုခွဲပြီး ဝင်လာမယ်လို့သတင်းရထားကြောင်း၊ စစ်ရေးသတိရှိဖို့လိုကြောင်း စသည်ဖြင့်သက်ဆိုင်ရာ တာဝန်ရှိ သူများကို မှာကြားသွားခဲ့သည်ပဲ။ လောက်ကိုင်မြို့ထဲ ပြန် ရောက်ပြီးသကာလ မွန်းလွဲပိုင်းလောက်မှာပဲ သတင်းတွေ တိတိကျကျရလာပြီ။ ဦးဖုန်ကြားရှင်နှင့်"ဝ"တပ်ဖွဲ့များ နမ့်တစ် ဘက်မှနေ၍ နမ့်တိန်းချောင်းကို ဖြတ်ကူးကာ မနက် ၄ နာရီ လောက်မှာ ချင်းရွှေဟော်မြို့နယ်မှူး အားယုံခမ်းကို ဖမ်းဆီး ထိန်းသိမ်းလိုက်ကြောင်း၊ ချင်းရွှေဟော်ကနေ ကားလမ်းအတိုင်း လောက်ကိုင်ကိုဆက်ပြီးတက်ဖို့ လုပ်နေကြကြောင်း၊ စစ်ဗျူဟာ မှူးကိုယ်တိုင် ချင်းရွှေဟော်မြို့အထွက်မှနေ၍ ဦးဖုန်ကြားရှင် နှင့်တပ်ဖွဲ့များ လောက်ကိုင်သို့ဆက်မသွားရန် တားဆီးနေ ကြောင်း သိရသည်။ ကျွန်တော့်ထံ တွဲပေးထားသော TW-၇၀၀၀ ဆက်သွယ်ရေးစက်ဖြင့် ရန်ကုန်ဗိုလ်တထောင် ဆက် သွယ်ရေးရုံးသို့ အဆက်အသွယ်ပြုလုပ်ပြီး အထက်ပါသတင်း များကို ဝန်ကြီးများရုံးရှိ နတလရုံးချုပ်သို့ သတင်းပို့ခဲ့သည်။ ဗိုလ်တထောင်ဆက်သွယ်ရေးရုံးမှ ဝန်ထမ်း ဦးသောင်းဟန်က မိမိပို့သမျှ ကြေးနန်းအားလုံးကို နေ့မအိပ် ညမအိပ်ဖမ်းကာ နတလရုံးသို့ ဆက်ပို့ပေးခဲ့ခြင်းဖြစ်သည်။ သူလည်း နှစ်ရက် လောက် ညမအိပ်လိုက်ရ၊ ကျွန်တော်တို့လည်း လောက်ကိုင်မှာ နှစ်ညလောက်မိုးစင်စင်လင်းသွားသော အဖြစ်နှင့် တိုးခဲ့သည်။

ယခင်တစ်ကြိမ် ဖုန်-ရန် အရေးအခင်းတုန်းက သူတို့ အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်မှုတွေ ဖြစ်ခဲ့ကြောင်း၊ အချို့နေရာများမှာ တိုက်ပွဲပုံသဏ္ဍာန်အထိ ဖြစ်သွားခဲ့ကြောင်း သိရသည်။ ယင်းအတွေ့အကြုံအရ မိမိဝန်ထမ်းများ ဘေးကင်း လုံခြုံရေးအတွက် အရေးအခင်း စဖြစ်သည့် နံနက်ပိုင်းမှာပင် တာရွှေထန်ဘက်မှ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများ၊ ရန်လုံကျိုင်း၊ စီအောနှင့် ပါစင်ကျော်ဘက်မှ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် လောက်ကိုင်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများအလိုက် ရှိနေကြသော ဝန်ထမ်း များနှင့် ၎င်းတို့၏မိသားစုဝင်များကို မိမိနတလရုံးအခြေပြုရာ လောက်ကိုင်ဆေးရုံဝင်းအတွင်း၌ ခေါ်ယူစုစည်းထားလိုက် သည်။ ကုန်းကြမ်းဘက်မှ ဝန်ထမ်းများမှာ ခရီးဝေးသဖြင့် ခြေကျင် တစ်သွယ် ဆိုင်ကယ်ဖြင့် တစ်မျိုး တော်တော်ဝေးဝေးမှ လာရ၍ နှစ်ရက်ခရီးလောက် ကြာသွားသည်။ အားလုံးပေါင်း လျှင် ၁၅၀ ခန့်ရှိသဖြင့် နေရေးထိုင်ရေးသာမက စားရေး သောက်ရေး ကိစ္စရပ်များကိုပါ တပ်ရင်းမှူးဒုတိယ ဗိုလ်မှူးကြီး ဝေလင်းနှင့် ညှိနှိုင်း၍ စီစဉ်ပေးခဲ့ရ၏။ ဆေးရုံဝင်းထဲတွင် စစ်ကြောင်းတစ်ရုံးနှင့် တပ်စုတစ်စုရှိနေသောကြောင့် လုံခြုံရေး အရ စိတ်ချရသည် ဆိုကာ လက်ရှိကိုးကန့်ခေါင်းဆောင်များ ဖြစ်သော ဦးရန်မိုးလျှန်၊ ဦးရန်မိုးအန်းတို့၏ မိသားစုဝင်များ၊ ကိုးကန့်အဖွဲ့မှ လူကြီးပိုင်းများ စုစုပေါင်း ၂၀ ခန့်သည်လည်း လာရောက်ခိုလှုံသဖြင့် နေရာ ချထားပေးရသေး၏။

> **ယင်းအတွေ့အကြုံအရ မိမိဝန်ထမ်းများ ဘေးကင်း လုံခြုံရေးအတွက် အရေးအခင်း စဖြစ်သည့် နံနက်ပိုင်းမှာပင် တာရွှေထန်ဘက်မှ ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများ၊ ရန်လုံကျိုင်း၊ စီအောနှင့် ပါစင်ကျော်ဘက်မှ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် လောက်ကိုင်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများအလိုက် ရှိနေကြသော ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များကို မိမိနတလရုံးအခြေပြုရာ လောက်ကိုင် ဆေးရုံဝင်းအတွင်း၌ ခေါ်ယူစုစည်းထား**

လောက်ကိုင်အပြင်ဘက်၌ ရင်ဆိုင်နေရသော အခြေ အနေနှင့်ပတ်သက်၍ ပြောရလျှင်လည်း စစ်ဗျူဟာမှူးကြီး ဗိုလ်မှူးကြီး မောင်မောင်သိမ်း၏ အဓိကတာဝန်မှာ ဦးဖုန် ကြားရှင်ခေါင်းဆောင်သော ကိုးကန့်နှင့် "ဝ" အဖွဲ့များ လောက်ကိုင်ဘက်သို့ ဆက်မတက်အောင် တားဆီးရေး၊ အကယ်၍ တားမရလျှင် ကားလမ်းအတိုင်း တက်ရောက်လာ ခြင်းကို ခွင့်မပြုကြောင်း ပြောကြားရေးပင်ဖြစ်သည်။ မျှော်မှန်း ထားသည့်အတိုင်းပင် ၎င်းအဖွဲ့များက လောက်ကိုင်၊ ကုန်း ကြမ်း၊ မုံးကိုးဒေသများသို့ ဆက်လက်သွားရောက်ကြမည်။ သို့သော် ဗျူဟာမှူးကြီး၏စကားကို နားထောင်သောအားဖြင့် ကားလမ်း မသုံးပါ။ တောင်ကြောလမ်းမှပတ်၍ သွားပါမည်ဟု ဆိုလာကြ၏။ ဆိုသည့်အတိုင်းလည်း တောင်ကြောလမ်းများ အတိုင်း ဆက်လက်ချီတက်လာသည့်သတင်းများ ရခဲ့သည်။ သည့်အတွက် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝေလင်းနှင့် စစ်ကြောင်းရုံးသည် လောက်ကိုင်မြို့ထဲမှထွက်ကာ ပါစင်ကျော် ကျေးရွာလောက် အထိ ထွက်၍ ကိုးကန့်၊ "ဝ" ပူးပေါင်းအဖွဲ့ အား လောက်ကိုင်မြို့တွင်းသို့ မဝင်ရန် ပြောဆိုတားဆီးရပြန် သည်။ လောက်ကိုင်၌ တပ်ရင်းမှူး၏ ထောက်လှမ်းရေးအရာရှိ ဒုတိယဗိုလ် ရန်အောင်စိုးအား ဆက်သွယ်ရေးစက်တစ်လုံးနှင့် ထားခဲ့ရာ စစ်သည်အင်အားမှာလည်း တပ်စိတ်တစ်စိတ် လောက်သာ ကျန်ခဲ့သည်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် အနေဖြင့်လည်း စစ်ဗျူဟာနှင့် မိမိတို့လောက်ကိုင် ဆက်သွယ် ရေးစက်သို့ တိုက်ရိုက်ကွပ်ကဲမှုယူ၍ ဝင်ရောက်လာခဲ့သည်။ မိမိ အနေဖြင့် နတလသို့မရောက်မီ တပ်မတော်သားဘဝက အရှေ့မြောက် တိုင်းစစ်ဌာနချုပ်၏ တန့်ယန်းအခြေချ စစ်ဗျူ ဟာတွင် စစ်ဦးစီးမှူး (တတိယတန်း) တာဝန်ထမ်းဆောင်ခဲ့ဖူးရာ တိုင်း စစ်ဌာနချုပ်မှ အရာရှိများနှင့်သိကျွမ်းနေဆဲ ဖြစ်သည်။ သို့ဖြစ်ပေရာ လောက်ကိုင်မြို့တွင်းအခြေအနေအား စောင့်ကြည့် ၍ သတင်းအဆက်မပြတ်ပေးပို့ရန် ဒုတိယဗိုလ် ရန်အောင်စိုး အစား ကျွန်တော့်ကို စက်ပေါ်သို့ခေါ်ယူ တာဝန်ပေးပါတော့သည်။ ထို အချိန်မှစ၍ မိမိနတလဝန်ထမ်းများ၏ လုံခြုံရေးတာဝန် သာမက ဦးရန်မိုးအန်း ခေါင်းဆောင်သော ကိုးကန့်အဖွဲ့၏ တင်ပြချက်များကိုပါ လားရှိုးရှိ တိုင်းစစ်ဌာနချုပ်သို့ သတင်းပို့ ရသည့် တာဝန်များ ပါ ပုံကျလာပါတော့သည်။ ရုံးချုပ်သို့လည်း သတင်းအဆက်မပြတ်ပို့နေရ၏။

မုံးကိုးဘက်ရောက်နေသော ဦးရန်မိုးလျှန် တပ်ဖွဲ့များ ကလည်း လောက်ကိုင်သို့ ပြန်မဆင်းနိုင်၊ ဦးဖုန်ကြားရှင်အဖွဲ့ အား ရင်ဆိုင်ရန်အတွက် လောက်ကိုင်တွင်လည်း ကိုးကန့်တပ် အင်အားမှာ လုံလုံလောက်လောက်မရှိ သည့်အတွက် ဦးရန်မိုး အန်းနှင့် ကိုးကန့်ခေါင်းဆောင်များ ခေါင်းချင်းရိုက်ဆွေးနွေး နေကြသည်။ ဦးရန်မိုးအန်းက တပ်မတော်၏ သဘောထား မည်သို့ရှိသည်ကို သိလိုကြောင်း မေးမြန်းသဖြင့် အထက်ဌာန များသို့ တင်ပြပေးခဲ့ရာ ပထမအကြိမ် ဖုန်-ရန် အရေးအခင်း တုန်းက ထားရှိသော မူဝါဒများအတိုင်း မည်သူ့ဘက်ကိုမျှ လိုက်ပါမည် မဟုတ်ကြောင်း၊ မိမိတို့တိုင်းရင်းသားအရေးကိစ္စ ကို မိမိတို့ဘာသာ ပြေလည်အောင်ဖြေရှင်းကြရန်၊ ဖြေရှင်းပြီး ချိန်၌ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခိုင်းသဖြင့် မိမိမှအကြောင်းပြန်ပေးခဲ့သည်။ ထိုနေ့ည ၁၂ နာရီ ထိုးခါနီးလောက်တွင် ဦးရန်မိုးအန်း ရောက်လာပြီး ၎င်းတို့အဖွဲ့အပေါ်ဌာနချုပ်ကုန်း၌ အစည်းအဝေး လုပ်ပါမည်။ တစ်နာရီခန့် အချိန်ပေးပါ။ ပြီးလျှင်မိမိတို့ ကိုးကန့် အဖွဲ့၏ သဘောထားကို တင်ပြပါမည်ဟု ပြောလာသဖြင့် တိုင်း စစ်ဌာနချုပ်သို့ ဆက်လက်သတင်းပို့ပေးပြီး စက်ဖွင့်၍စောင့်နေခဲ့ သည်။ သူတို့ပြောခဲ့သလိုပင် တစ်နာရီခန့်ကြာသောအခါ ဦးရန် မိုးအန်းနှင့် အဖွဲ့ဌာနချုပ်ကုန်းမှ ပြန်ဆင်းလာပြီး မုံးကိုးဘက်ရှိ ဦးရန်မိုးလျှန်အဖွဲ့နှင့်လည်း အဆက်အသွယ်လုပ်၍ ဆွေးနွေးပြီး ဖြစ်ကြောင်း၊ မိမိတို့အားလုံး ဆွေးနွေးညှိနှိုင်း သဘောတူညီမှု အရ ကိုးကန့်အဖွဲ့၏သဘောထား ငါးချက်ကို နိုင်ငံတော်သို့ တင်ပြပေးပါဟု ပြောကြားလာပါတော့သည်။

ကျွန်တော့်ဘဝတွင် အမှတ်တရဖြစ်ခဲ့ရသော၊ တစ်နည်း ပြောရလျှင် ကိုးကန့်ဒေသ၏ အနာဂတ်အတွက် ကျွန်တော် ကိုယ်တိုင်ဆက်သွယ်ရေးစက်ဖြင့် တိုင်းစစ်ဌာနချုပ်သို့ ညတွင်း ချင်း ဖတ်ကြားတင်ပြပေးခဲ့သော အချက် (၅) ချက်မှာ (၁) ကိုးကန့်ဒေသတစ်ခုလုံး၏ အုပ်ချုပ်မှုအာဏာ အရပ်ရပ်ကို နိုင်ငံတော်အစိုးရထံ လွှဲအပ်ပါမည်။ (၂) ကိုးကန့်တပ်ဖွဲ့ဝင် များကိုင်ဆောင်ထားသော လက်နက်ခဲယမ်းများအားလုံးနှင့် လက်နက်တိုက်များကို နိုင်ငံတော်အစိုးရထံ လွှဲပြောင်းပေးပါ မည်။ (၃) ဦးဖုန်ကြားရှင်ခေါင်းဆောင်သော ကိုးကန့်အဖွဲ့နှင့် "ဝ"တပ်ဖွဲ့ဝင်များ ကိုးကန့်ဒေသသို့ ဝင်ရောက်လာခြင်းကို လုံးဝသဘောမတူပါ။ (၄) မိမိတို့၏ တပ်ဖွဲ့ဝင်မိသားစုများ ဘေး အန္တရာယ်ကင်းရှင်းရေးအတွက် ကူညီစောင့်ရှောက်ပေးပါ ဟူ၍ဖြစ်ပြီး တင်ပြချက်အမှတ်စဉ်(၅)ကိုမူ ကျွန်တော် တိတိ ကျကျ ရေးသားဖော်ပြရန် မမှတ်မိတော့ပါ။ မှတ်မိတာကတော့ ထိုနေ့ည မိုးစင်စင်လင်းသွားခဲ့သည် ဆိုခြင်းကိုပင် ...။ ။

**(ဆက်လက်ဖော်ပြပါမည်)**



ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ် ရှေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီတော်၏ သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် အဘိဓမ္မာအခါ တော်နေ့ အထိမ်းအမှတ်အဖြစ် မြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များနှင့် ရဟန္တာဓာတ်တော်များ ပင့်ဆောင်ပူဇော်ပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ အေးကို ဦးဆောင်သော ဂေါပကအဖွဲ့ဝင်များ ဓာတ်တော်များ ပင့်ဆောင်လာစဉ်
ဝင်းမြင့်ထွန်း(တောင်ဥက္ကလာပ)

## (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရုံးဝင်းအတွင်းရှိ ရဲသူရိန်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာ စကားပြောကြား ခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အောင်ဝင်းဦးပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး ဝန်ကြီးချုပ်က ခရိုင်ရဲတပ်ဖွဲ့အလိုက် ဘက်စုံအကောင်းဆုံးဆုရရှိသည့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်အား ဆုချီးမြှင့်ခဲ့သည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သူရဌေးနှင့် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့၊ ယင်းမာပင် နယ်မြေရဲစခန်းမှ ရဲတပ်ကြပ်ကြီး မောင်ဖြူ၊ ခရိုင်ရဲတပ်ဖွဲ့၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းမှ ရဲအုပ် ထိုက်လင်းစိုး၊ တိုင်းရဲအကူတပ်ဖွဲ့မှ ဒုတပ်ကြပ် စိုင်းမျိုးထက်နှင့် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ ဒုတပ်ကြပ် အောင်ကျော်ထွန်းတို့အား အမှုထမ်းကောင်း လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **တင်မောင်-မန်းကိုယ်ပွား**

# ဘုရင့်နောင် (ပုလဲ)လမ်းမကြီးအား ကွန်ကရစ်ကျောက်လမ်းသစ်ခင်း

**ရန်ကုန် အောက်တိုဘာ ၄**

လမ်းပျက်စီးမှုများပြီး ခရီးသွားလာမှု ခက်ခဲလျက်ရှိသော ရွှေပြည်သာမြို့နယ်ရှိ ဘုရင့်နောင်(ပုလဲ) လမ်းမကြီးအား ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြောက်ပိုင်းခရိုင်ခွဲ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ မူလလမ်းသားဟောင်းပေါ်တွင် ထပ်ပိုးလွှာ ကွန်ကရစ်ကျောက်လမ်းသစ်ကို ခင်းကျင်းနေပြီဖြစ်ကြောင်း သိရသည်။

"ဒီလမ်းပျက်စီးမှုနဲ့ ပတ်သက်လို့ သတင်းစာမှာ ပါပြီးနောက်ပိုင်းမှာ လမ်းပေါက်ချိုင့်ခွက်တွေကို (Water bround) ကျောက်ကြီးထည့်သဲညှပ်ပြီး ပြုပြင်ဖာထေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် လမ်းပျက်စီးမှုက များနေတော့ ပြုပြင်ဖာထေးရုံနဲ့ မပြီးဘဲ သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြပြီး အခုလိုထပ်ပိုးလွှာ ကွန်ကရစ်ကျောက်လမ်းသစ်အဖြစ် ပြောင်းလဲခင်းကျင်းရတာဖြစ်ပါတယ်" ဟု (လမ်းနှင့်တံတား)ဌာန လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဝင်းက ပြောသည်။

အဆိုပါ ဘုရင့်နောင်(ပုလဲ) လမ်းမကြီးကို မူလလမ်းသားအတိုင်း အရှည်ပေ ၃၃၅၀၊ အကျယ် ၄၄ ပေ၊ ထု ၁၁ လက်မဖြင့် ထပ်ပိုးလွှာကွန်ကရစ်ကျောက်လမ်းသစ်အဖြစ် ဩဂုတ်လတတိယပတ်မှ စတင်ကာ မူလလမ်းသားအား မြေပြင်ညှိခြင်း၊ ကျောက်ပုံး ကျောက်ခွက်ပြုလုပ်၍ ကွန်ကရစ်လောင်းခြင်း၊ ရေဆင်းမြောင်း ရေးဆွဲခြင်းများအား စက်ယန္တရားများ၊ လမ်းခင်းလုပ်သားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို မြောက်ပိုင်းခရိုင်ခွဲ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ACE ဦးတင်မောင်ဌေး၊ AE ဦးတင်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# ဇီးကုန်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုပွဲကျင်းပ

**ဇီးကုန်း အောက်တိုဘာ ၄**

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်အခမ်းအနားကို ဇီးကုန်းမြို့မ ရဲစခန်းအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ထွန်းက အမှာစကားပြောကြားသည်။

**ပေးအပ်**

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ထွန်း၊ ဒုရဲမှူး ဝင်းနိုင်၊ ရဲအုပ်ဝေလွင်ကိုတို့က မြို့နယ်အတွင်း အေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးတို့တွင် မြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင် အငြိမ်းစားများ၊ ရပ်မိရပ်ဖများအား ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# အိန္ဒိယ - ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း ဦးစားပေးလမ်းပိုင်းများရှိ ထိခိုက်နစ်နာသည့်ပြည်သူများအား လျော်ကြေးငွေပေးအပ်

**ဘားအံ အောက်တိုဘာ ၄**

ကရင်ပြည်နယ် အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းကြောင့် ဦးစားပေးလမ်းပိုင်းများရှိ ထိခိုက်နစ်နာသည့် ပြည်သူများအား ပထမအကြိမ် လျော်ကြေးငွေ ပေးအပ်ပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ အောက်တိုဘာ ၂ ရက် က ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ အိန္ဒိယ - ကော့ကရိတ် စီမံကိန်းမြေယာလျော်ကြေးပေးအပ်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာနှင့် လမ်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးတို့က အမှာစကားပြောကြားပြီး အိန္ဒိယ - ကော့ကရိတ်လမ်းစီမံကိန်းဒါရိုက်တာ အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးဝင်းလွင်က လျော်ကြေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်း လမ်းနယ်နိမိတ်အတွင်းပါသွားသော လယ်၊ တောင်ယာ၊ မြေ၊ အဆောက်အအုံများအတွက် နစ်နာဆုံးရှုံးသွားသော ဒေသခံပြည်သူ ၈၀ ကျော်တို့ကို နစ်နာမှုအတွက် တစ်ဦးလျှင် ငွေကျပ် သိန်းတစ်ထောင်ကျော်မှ ငွေကျပ် ၅၀၀၀၀ အထိ လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ မြေယာလျော်ကြေးပေးအပ်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက နစ်နာဆုံးရှုံးသွားသော ပြည်သူများအား လျော်ကြေးငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါလမ်းသည် ကရင်ပြည်နယ်အတွင်း မဲခေါင်ဒေသခွဲ၏ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းအဖြစ် ၄၁ ဒသမ ၂၅ မိုင်ခန့်ရှိပြီး အိန္ဒိယ-ကော့ကရိတ်လမ်းပိုင်းတွင် ယာဉ်အမျိုးမျိုးသွားလာနိုင်ရန် လမ်းအကျယ် ၅ ဒသမ ၅ မီတာရှိကာ နှစ်လမ်းသွားလမ်းမကြီးဖြစ်ကြောင်း၊ ယင်းလမ်းမကြီးအား ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်ခဲ့ပြီး ၂၀၁၉ စက်တင်ဘာလတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးရန်ပုံငွေချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀၊ အာဆီယံ အခြေခံအဆောက်အအုံရန်ပုံငွေချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၊ နိုင်ငံတော်အစိုးရမှ အမေရိကန် ဒေါ်လာ ၁ ဒသမ၈ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၈ သန်း လျာထားကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်မှုများ ပြီးဆုံးသွားပါက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ဆက်သွယ်ရေးကောင်းမွန်မည့်အပြင် ကုန်သွယ်စီးဆင်းမှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကာ ခရီးသွားလာမှု အချိန်ကုန်သက်သာစေပြီး ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များ ကရင်ပြည်နယ်အတွင်း မိုပိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**



အောက်တိုဘာ ၃ ရက်က သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း ဦးဆောင်သော ဝန်ထမ်းများသည် ရပ်ကွက်(၂) ညောင်ကုန်းအမကကျောင်း၊ ကန် တော်မင်္ဂလာလမ်းတစ်လျှောက်နှင့် ခြောက်ဆူဓာတ်ပျော်စေတီတော် ပတ်ဝန်းကျင်တို့တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်
(မြို့နယ် ပြန်/ဆက်)






သီတင်းကျွတ် ရက်မြတ်ခါသမယမှာ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း
Dennis Martin နာရီမှ
ဆန္ဒပြု ဆုမွန်ကောင်း တောင်းအပ်ပါတယ် ...
DM
by
Dennis Martin




CONSTRUCTION, POWER & MINING
Myanmar 2017
12-14 October 2017
New Venue
MEP at Mindama Yangon
9.00 -17.00 Hrs.
The 5th International Construction, Power & Mining Exhibition
ပဉ္စမအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအားနှင့်တူးဖော်ရေး ဆိုင်ရာပြပွဲ
3in1
Including:
• Over 180 leading companies from around the world
• 6 international groups from China, Germany, India, Korea, Singapore and Thailand
• Industry Conferences & Seminars
ပါဝင်သည် :
• ကမ္ဘာအနှံ့မှဦးဆောင် ကုမ္ပဏီ ၁၈၀ ကျော်
• တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ ကိုရီးယား၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး (၆)ခန်း
• လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ
ကြိုတင်စာရင်းပေးသွင်းရန်
Pre-register at www.cpmmyanmar.com
Information Hotline Contact: Ei Thinzar Aung
Tel: +95 1 378975, Email: eizar.aung@ubm.com
စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ။
အသက် (၁၈) နှစ်အောက်ဝင်ရောက်ခွင့်မပြုပါ။
Supported by
MCEA
Myanmar Engineering Society
Yangon Electricity Supply Corporation
Platinum Sponsor
JCB YOMA JCB
Organised by
UBM




ခန္ဓာသန့်စွမ်းစိတ်ရွှင်လန်းဖို့
'အော်ရာမင် - ဂျီ' ကို သောက်ကြပါစို့ ...
:g
Oramin-G
Soft Cap.
(with Ginseng)
30 Soft Caps.
Made in USA
အမြင့်မားဆုံးစွမ်းအားကို
အကောင်းဆုံးပြသနိုင်ဖို့ အလိုအပ်ဆုံးအားဆေး
Oramin-G
AA Medical
PACIFIC
Manufactured by:
Pacific Pharmaceuticals USA, Inc.
11380 7th Street, Rancho Cucamonga, CA 92627, USA
For Pacific Pharmaceuticals Pte Ltd.










## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6706 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ တရော်ကုန်းရပ်ကွက် (၁၄)လမ်းနေ ဦးသက်နိုင်ဦး-ဒေါ်ချိုချိုတို့၏သား မောင်အောင်သူရ ၈/အလန(နိုင်)၁၈၈၈၇၇ သည် မိဘနှစ်ပါးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာပါသည်။ ပြီးခဲ့သည့်ကိစ္စအားလုံးနှင့်အတူ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည် မဟုတ်ပါ။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၆)အတွင်းရှိ ကွင်းအမှတ်(၆၆၂)၊ ဦးပိုင်အမှတ် (၂၉/က) မြေဧရိယာ ၀ ဒသမ ၆၅ ဧကနှင့်စပ်လျဉ်း၍ ဒေါ်ဝင်းဝင်းကြည် ၁၃/နခန(နိုင်) ၀၅၀၄၉၆ မှ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် (၃၀/ခ)လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးကူးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ရရှိထားခြင်းမရှိသေးသည့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းကြည် ၁၃/နခန(နိုင်)၀၅၀၄၉၆**
**စည်သာ(၄)လမ်း၊ ရပ်ကွက်ကြီး (၁၆)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၆)အတွင်းရှိ ကွင်းအမှတ်(၆၆၂)၊ ဦးပိုင်အမှတ် (၁၁၂)၊ မြေဧရိယာ ၀ ဒသမ ၂၅၇ ဧကနှင့်စပ်လျဉ်း၍ ဒေါ်တင်တင်မျိုး ၉/မရမ(နိုင်)၀၃၅၃၅၁ မှ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် (၃၀/ခ) လျှောက်ထားခြင်း၊ မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရေးကူးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ရရှိထားခြင်းမရှိသေးသည့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မျိုး ၉/မရမ(နိုင်)၀၃၅၃၅၁**
**စည်သာ (၄)လမ်း၊ ရပ်ကွက်ကြီး (၁၆)၊ ပြင်ဦးလွင်မြို့**

ဇန်းမော်မြို့၊ သီရိရတနာဈေး တိုးချဲ့ဆောက်လုပ်ရန်အတွက်

## အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ဇန်းမော်မြို့၊ သီရိရတနာဈေးနှင့်ကပ်လျက်ရှိ ဦးပိုင်အမှတ် (၈၉)ပေါ်ရှိ မြေဧရိယာ ၁ဒသမ၀၁၅ဧကပေါ်တွင် တိုးချဲ့ဈေးသစ် ဆောက်လုပ်သွားမည်ဖြစ်ပါ၍ တည်ဆောက်မည့်ပုံစံများနှင့် ဆောင်ရွက်မည့် အစီအစဉ်များအား အဆိုပြုတင်ပြရန် တိုင်းရင်းသားကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါရရှိသူမှ တိုးချဲ့ဈေးသစ်ဆောက်လုပ်ခြင်းအား (၁၀၀%) ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံရမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာများကို ၂-၁၀-၂၀၁၇ ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံ တင်ဒါများကို ၂-၁၁-၂၀၁၇ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၇၄-၂၅၂၆၀၆၂၊ ၀၇၄-၂၅၂၆၀၆၄**

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**မြစ်ကြီးနားမြို့**

---

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**တောင်ငူခရိုင် တရားမရုံးတော်၌**
**၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၅၄နှင့် ဆက်သွယ်သည်။**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၂၇နှင့် ဆက်သွယ်သည်။**

ဦးဝင်းအောင် နှင့် ၁။ ဦးကျော်သူရ
၂။ ဒေါ်လှဲ့လှဲ့

**အနိုင်ဒီကရီရသူ** **တရားရှုံးများ**

ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ အောင်မြေရပ်ကွက်၊ ကျောက်ကြီးလမ်း၊ အမှတ် ၁၄နေ ဦးကျော်သူရ၊ ဒေါ်လှဲ့လှဲ့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၅၄တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဝင်းအောင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၀ ရက် (၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**
**ခရိုင်တရားသူကြီး**
**တောင်ငူခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၈၉**

ဦးမောင်အေး(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးဇော်မင်း) **နှင့်** ၁။ ဦးအေးထွန်း
၂။ ဒေါ်မို့မို့ (၎င်းကိုယ်တိုင်နှင့် ၃ တရားပြိုင်၏ ကိုယ်စားလှယ် စာရသူ)
၃။ ဦးအိုက်ထွန်း

**တရားလို** **တရားပြိုင်များ**

ယခင်မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်၊ ၄၀×၇၁ လမ်းထောင့်နေ ဦးအေးထွန်း(ဘ)ဦးကြင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေအရောင်းအဝယ်စရန်ငွေကျပ် ၃၆၅ သိန်း ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၃ ရက် (၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်လှမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ် (၇၄)၊ ဦးပိုင်အမှတ် (၁၂၆၉)၊ မြေဧရိယာ ၀ဒသမ၂၃၀ဧကရှိမြေကွက်ကို မြို့မြေနေရာချထားရေးကော်မတီ၏ ၁၉-၁-၂၀၀၈ရက်စွဲပါစာအမှတ် ၁/၁-၁/မြို့မြေနေရာချထားရေးဖြင့် ဗိုလ်မှူးကြီးမင်းမြင့်ဆွေ ၁၂/မဂဒ(နိုင်)၀၂၄၃၄၅ အမည်ဖြင့် ခွင့်ပြုထားပေးခဲ့ရာ ၉-၁-၂၀၀၉ ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်လှလှဝေ ၁၂/ဒဂန(နိုင်)၀၂၀၉၈၅ မှ ၂၀-၇-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၂၆၁/၂၀၁၇)ပြုဆိုတင်ပြလျက် မြေငှားဂရန်အမည်ပေါက်အသစ်ရရှိရေး လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ (၅)ရပ်၊ ဝိုင်းအကွက်အမှတ် (၅၉၆)၊ ဦးကြည်ဝင်း ၉/ညဥန(နိုင်)၀၀၁၉၆၁ အမည်ပေါက် ဝိုင်းမြေကွက်အတွက် ဒေါ်ကြင်သန်း ၉/ညဥန (နိုင်)၀၁၀၈၃၈ (ဘ)ဦးထွန်းရွှေမှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါရွှေစည်းခုံစေတီတော်ပိုင်ဝတ္တမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်အမည်ပြောင်း ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်ကြင်သန်းသို့ ရွှေစည်းခုံစေတီတော် ပုံတော်ပါဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

**တန်ဖိုးနည်းအိမ်ရာ တည်ဆောက်လိုသူများနှင့်**
**ရင်းနှီးမြှုပ်နှံလိုသူများ ဆက်သွယ်နိုင်ပါသည်။**
**ဘုရင့်နောင်တံတားမှ (၁၀)မိုင်၊ လှိုင်သာယာ**
**တိုးကိုတ်မှ(၃)မိုင်ခွဲ -ရေအဝေးပြေးမှ(၅)မိုင်**
**ရန်ကုန် - ပုသိမ်လမ်းမအနီး၊ အဝင်လမ်း(၃၀)ပေ**
**လမ်းသာ၊ မြေပြုပြင်ပြီး၊ လန(၃၉)ကျပြီး၊ မြေ(၉)ဧက**
**ညှိနှိုင်းဈေး 1 Sqft = 3500 Ks**
**Ph: 09-797920009**

---

## ဝန်ထမ်းအမြန်အလိုရှိသည်

**Thanlwin International Co.,Ltd**
**အမှတ် ၁၀၃၃(က)၊ ကျောက်တော်ကြီးမှတ်တိုင်နှင့် (၁၀)မိုင်မှတ်တိုင်ကြား၊ ပြည်လမ်း၊ အင်းစိန်မြို့နယ်**

THANLWIN

Ph no.01-646629~33, 09-421047300, 09-793211964, Email rosygn@thanlwin.biz sevenjuly1@gmail.com (Email မှလည်း လျှောက်ထားနိုင်ပါသည်။)

(1) **Accountant** **ကျား/မ ၃ ဦး**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Computer (Word, Excel) ကျွမ်းကျင်ရမည်။
Software ပိုင်း ကျွမ်းကျင်စွာအသုံးပြုတတ်သူဖြစ်ရမည်။
LCCI (Level 3) တက်ရောက်ပြီးသူဖြစ်ရမည်။
Accountant လုပ်သက် (၂)နှစ်နှင့်အထက်ရှိရမည်။

(2) **Sales-Staff** **ကျား/မ ၁၀ ဦး**
တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူများဖြစ်ရမည်။ အသက် ၁၈ နှစ်မှ ၃၀အတွင်း ဖြစ်ရမည်။ အမျိုးသားအရပ်အမြင့် (၅ပေ၆လက်မ)၊ အမျိုးသမီး(၅ပေ ၃လက်မ)အထက်ရှိသူများဖြစ်ရမည်။ ရုပ်ရည်ချောမောပြေပြစ်၍ စည်းမျဉ်းစည်းကမ်းများအား လိုက်နာပြီး သွက်လက်တက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သူများဖြစ်ရမည်။

(3) **Storekeeper** **ကျား/မ (၃)ဦး**
တက္ကသိုလ်မှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Computer Basic တတ်ကျွမ်းရမည်။ စာရင်းဇယားကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။ Storekeeper ၏ လုပ်ငန်းတာဝန်များကို ရင်းနှီးကျွမ်းဝင်သူဖြစ်ရမည်။ Storekeeper လုပ်သက် (၂)နှစ်နှင့်အထက်ရှိသူဖြစ်ရမည်။

(4) **Stock Controller** **ကျား/မ (၃)ဦး**
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Computer Basic တတ်ကျွမ်းရမည်။ စာရင်းဇယားကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။ Stock Controller ၏ လုပ်ငန်းတာဝန်များကို ရင်းနှီးကျွမ်းဝင်သူဖြစ်ရမည်။ Stock Controller လုပ်သက် (၂)နှစ်နှင့်အထက် ရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် CV နှင့် ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ လေဘာမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာ ပညာရေးထောက်ခံစာ၊ ဓာတ်ပုံနှစ်ပုံနှင့် အထက်ပါလိပ်စာ အတိုင်း ၂၇-၉-၂၀၁၇ ရက်မှ ၃၀-၁၀-၂၀၁၇ ရက် နောက်ဆုံးထားပြီး ရုံးချိန်နံနက် ၉ နာရီမှ ၅ နာရီထိ လာရောက်လျှောက်ထားနိုင်ပါသည်။

---

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေစက်တန်းရပ်နေ ဒေါ်ငွေရှင် ၉/မထလ(နိုင်)၁၆၇၃၇၆၊ ဦးကျော်ရွှေ ၉/မထလ(နိုင်)၁၆၀၂၃၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများ တရားဝင်ပိုင်ဆိုင်ပြီး လက်ရှိနေထိုင်လျက်ရှိသော မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ စက်တန်းရပ်ရှိကျောက်ဖူးကွင်း၊ ကွင်းအမှတ်(၇၄၆)၊ ဦးပိုင်အမှတ် ၂၃/၂၊ မြေကွက်အမှတ် ၃၄၊ ဧရိယာ ၁ဒသမ၁၈ ဧကရှိ ဦးဘိုးချစ် အမည်ပေါက်မြေကွက်ကို လိုအပ်သလိုပြင်ဆင်မည်ဖြစ်ပါသဖြင့် မြေကွက်အတွင်းသို့ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူညီမှုမရဘဲ အဆောက်အအုံဆောက်လုပ်ခြင်း၊ လူနေထိုင်ခြင်းပြုသူများသည် မည်သည့်အကြောင်းကြောင့် ဆောက်လုပ်နေထိုင်ကြောင်းကို ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ကြရန် ၉-၅-၂၀၁၅ ရက် ကြေးမုံသတင်းစာမှ ကြေညာခဲ့သော်လည်း ယနေ့ချိန်ထိ မည်သူတစ်ဦးတစ်ယောက်မှ ခိုင်လုံမှန်ကန်သော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်သူများမရှိပါသဖြင့် ကျူးကျော်အဆောက်အအုံများအားလုံးကို ကျွန်ုပ်၏မိတ်ဆွေများမှ မိမိတို့၏အစီအစဉ်ဖြင့် ဖယ်ရှားသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတိုးနိုင်လင်း LL.B အထက်တန်းရှေ့နေ(စဉ်-၃၈၂၅၄)**
**ပြည်သာယာ(တ)ရပ်ကွက်၊ မိတ္ထီလာမြို့ ဖုန်း-၀၉-၄၄၄၀၃၇၆၉၃**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ကျောက်တန်းမြို့နယ် တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၄၅**

ဦးမြင့်ဇော်ဦး(ဘ)ဦးတင်ရှိန် **နှင့်** ဒေါ်အိအိခိုင်(ဘ) ဦးလှဝင်း

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ စံချိန်မီ အုပ်ချုပ်ရေးမှူးရုံးဘေးအမှတ်(မရှိ)နေ ဒေါ်အိအိခိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်ဇော်ဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ် အောက်တိုဘာ ၁၈ရက် (၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် စက်တင်ဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မာမာစိုးရင်)**
**မြို့နယ်တရားသူကြီး**
**ကျောက်တန်းမြို့နယ်တရားရုံး**

---

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ အကွက်အမှတ်-၄၅၊ မန်ဆူဘုရားကုန်း၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ ၀ဒသမ၁၁၄ဧက၊ အမှတ်တွဲအမှတ် ၃၃၄-၅/၂၀၀၅-၂၀၀၆ (အေ)မြေကွက်အား ဒေါ်တွမ်ဆိုက်ကျော်မှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ကို ဒေါ်တွမ်ဆိုက်အား ၂၁-၉-၂၀၁၀ရက်တွင် စာချုပ်အမှတ်(၃၁၄၊I၊၂၀၁၀) ဖြင့်မေတ္တာဖြင့် ပေးကမ်းခဲ့ပါသည်။ ၎င်းတို့မှ အမည်ပြောင်းထပ်မံအသစ်လျှောက် မြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ခုနစ်ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

၁။ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်နေ(ဘ)ဦးမြင်ချိုချွမ်း၏ သမီးဖြစ်သူ ဒေါ်မြင်တုံဟွေ(MKO-003136)၊ အသက်(၂၅)နှစ်၊ တရုတ်/နတ်ဘာသာကိုးကွယ်သူမှ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၇၃)၊ ဦးပိုင်အမှတ်(၁၃၉)၊ မြေဧရိယာ ၀ဒသမ၀၈၀ဧကရှိ မြေနေရာကို ဒေါ်နန်းဟွမ်အေးအမည်ပါ မြေပေးမိန့်ဖြင့်လည်းကောင်း၊အကွက်အမှတ်(၇၃)၊ ဦးပိုင်အမှတ်(၁၄၀)၊ မြေဧရိယာ ၀ဒသမ၀၈၀ဧက ရှိမြေနေရာကို ဒေါ်ငွေညွှန့်အမည်ပါ မြေပေးမိန့်ဖြင့်လည်းကောင်း၊ အကွက်အမှတ် (၇၃)၊ ဦးပိုင်အမှတ်(၁၄၁)၊ မြေဧရိယာ ၀ဒသမ၁၁၅ဧကရှိမြေနေရာကို ဒေါ်မခင်အမည်ပါ မြေပေးမိန့်ဖြင့်လည်းကောင်း၊ အကွက်အမှတ်(၇၃)၊ ဦးပိုင်အမှတ်(၁၄၂)၊ မြေဧရိယာ ၀ဒသမ၁၁၅ဧကရှိ မြေနေရာကို ဦးထက်ကိုကိုဇော်အမည်ပါ မြေပေးမိန့်ဖြင့်လည်းကောင်း အသီးသီးမြေပေးမိန့်ရရှိထားသည့် မြေကွက်များအား ကာယကံရှင်များထံမှ ဒေါ်နန်းခမ်းအောင် ၁၃/မဆတ(နိုင်)၀၁၁၆၆၃မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စည်ပင်ဆောက်လုပ်ခွင့် (၁၀၅)အား ၂၇-၁၁-၂၀၁၆ရက် ရရှိခဲ့ပါသည်။

၂။ အဆိုပါမြေကွက်များအား ပိုင်ဆိုင်ထားသူ ဒေါ်နန်းခမ်းအောင်နှင့် ဒေါ်မြင်တုံဟွေတို့မှအရပ်စာချုပ်ဖြင့် ရောင်းဝယ်စာချုပ်ချုပ်ဆိုပြီး မြေပေးမိန့် (၄) စုံမှာ မိမိထံတွင် ပျောက်ဆုံးခဲ့သဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေပေးမိန့်ဆောင်ရွက်ရန်အတွက် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာရက်မှ ၁၅ ရက်အတွင်း အောက်ပါလိပ်စာပါ ကျွန်မဒေါ်မြင်တုံဟွေထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်မြင်တုံဟွေ(MKO-003136)**
**ကောင်းမူးတုံရပ်ကွက်၊ မူဆယ်မြို့**
**ဖုန်း-၀၉-၉၆၈၉၈၉၉၉၉**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ရွှေကျီးနားရပ်ကွက်၊ အကွက်အမှတ် (၁၆၆)၊ ဦးပိုင်အမှတ် (၂၀၇)၊ မြေဧရိယာ ၀ဒသမ၄၅၁ဧကကို ဒေါ်သန်းသန်းတင့်ပိုင်ဆိုင်၍ လွန်ခဲ့သော နှစ် ၃၀ ခန့်မှစတင်၍ အဆောက်အအုံ ဆောက်လုပ် နေထိုင်အသုံးပြုခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဒေါ်သန်းသန်းတင့် ၁/ဗမန(နိုင်)၀၁၇၉၄၀ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်သစ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းတင့်**
**ရွှေကျီးနားရပ်ကွက်၊ ဇန်းမော်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ ဦးပိုင်အမှတ် (၂၅)၊ မြေဧရိယာ ၀ဒသမ၁၇၇ဧကကို ဒေါ်ခတ်ရူပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ၎င်းသည် ကွယ်လွန်သွားခဲ့၍ သမီးဖြစ်သူ ဒေါ်နော်တင်စန်းက အမွေဆက်ခံပိုင်ခွင့်ရှိကြောင်း မြို့နယ်တရားရုံး၌ ၁၁-၉-၂၀၁၇ရက်တွင် ကြေညာချက်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဒေါ်ခတ်ရူအမည်မှ ဒေါ်နော်တင်စန်း ၁/ဗမန(နိုင်)၀၃၇၂၈၇ အမည်သို့ အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်သစ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နော်တင်စန်း**
**ညောင်ပင်ရပ်ကွက်(အရှေ့)၊ဇန်းမော်မြို့**
**ဖုန်း-၀၉-၄၀၀၀၅၄၅၈၁၄**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ရွှေကျီးနားရပ်ကွက်၊ အကွက်အမှတ် (၁၆၆)၊ ဦးပိုင်အမှတ် (၂၀၆)၊ မြေဧရိယာ ၀ဒသမ၄၉၄ဧကကို ဒေါ်မြင့်ကြည်ပိုင်ဆိုင်၍ လွန်ခဲ့သော နှစ် ၃၀ ခန့်မှစတင်၍ အဆောက်အအုံ ဆောက်လုပ် နေထိုင်အသုံးပြုခဲ့ပါသည်။ အဆိုပါမြေကွက်ကို ဒေါ်မြင့်ကြည် ၁/ဗမန(နိုင်)၀၈၇၁၀၄ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်သစ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်ကြည်**
**ရွှေကျီးနားရပ်ကွက်၊ ဇန်းမော်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၃၅)၊ ဦးပိုင်အမှတ် (၃၈၀)၊ မြေဧရိယာ ၀ဒသမ၀၅၄ဧကကို ဦးတင့်လွင် ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ဒေါ်ဆိုင်းဂျာက ဝယ်ယူခဲ့ပြီး မြို့နယ်တရားရုံး၌ ၁၆-၃-၂၀၁၆ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးတင့်လွင် အမည်မှ ဒေါ်ဆိုင်းဂျာ ၁/ဗမန(နိုင်)၀၄၅၀၆၇ အမည်သို့ အမည်ပြောင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကအမည်ပြောင်း မြေငှားဂရန်သစ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ဆိုင်းဂျာ**
**ပေါက်ကုန်းရပ်ကွက်၊ ဇန်းမော်မြို့**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ မဆုးကျိန်ဆုံ ၁၃/တကန(နိုင်)၂၃၈၆၀၁၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၀၄၇၅၇၉၉**

---

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက (၂)၊ နဝမတန်း(ခ) မှ ခွန်းသန်းရွှေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဖြူ ၁၃/တကန(နိုင်)၁၀၁၆၉၇ ဖြစ်ပါကြောင်း။ **ဦးမောင်ဖြူ**

---

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ပန်ကန်း)၊ အဋ္ဌမတန်းမှ မောင်အောင်နိုင်နှင့် ပဥ္စမတန်းမှ မဌေးဌေးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတီးသောင်း ၂/လကန(နိုင်)၀၆၀၄၄၈ ဖြစ်ပါကြောင်း။ **ဦးတီးသောင်း**

---

## အမည်မှန်

မိုးနဲမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းလောဝ်၏ အမည်မှန်မှာ နန်းခမ်းလောင် ၁၃/မနန(နိုင်)၀၃၂၅၅၂ ဖြစ်ပါကြောင်း။

**နန်းခမ်းလောင်**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ထိုမာရွာအထက(ခွဲ) ပဥ္စမတန်းမှ မောင်အာကာမိုးနှင့် ပထမတန်းမှ မောင်အာကာမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်သွင် ၅/ကလထ(နိုင်)၀၃၈၅၄၅ ဖြစ်ပါကြောင်း။ **ဦးမောင်သွင်**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အထက(၁) နဝမတန်းမှ မခိုင်ဇင်ဝင်းနှင့် ခမိတ်ကျေးရွာ အလက(ခွဲ) စတုတ္ထတန်းမှ မောင်ဇင်ပိုင်ထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၅/တမန(နိုင်)၀၄၆၁၄၀ ဖြစ်ပါကြောင်း။ **ဦးသိန်းဝင်း**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ခမိတ်ကျေးရွာ အလက(ခွဲ) ပဥ္စမတန်းမှ မနန်းခမ်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးစောဖြူဝင်း ၅/တမန(နိုင်)၀၄၆၁၇၅ ဖြစ်ပါကြောင်း။

**ဦးစောဖြူဝင်း**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ခမိတ်ကျေးရွာ အလက(ခွဲ) ပဥ္စမတန်းမှ မနန်းခမ်းကြူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက် ၅/တမန(နိုင်)၀၄၈၈၃၀ ဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ခမိတ်ကျေးရွာအလက(ခွဲ) တတိယတန်းမှ မောင်ရှိုင်းဝင့်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း ၅/ဖပန(နိုင်)၀၀၁၄၂၁ ဖြစ်ပါကြောင်း။

**ဦးစိန်ဝင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/မြောက်)၊ မြေကွက်အမှတ် (၃၂၈/ခ)၊ မြေကွက်တည်နေရာအမှတ် (၃၂၈/ခ)၊ မြို့မ ၁၁ လမ်း၊ အနောက် (၄/မြောက်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအေးမောင် ၁၂/သကတ(နိုင်)၀၁၈၄၈၁ အမည်ပေါက်၊ နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးအေးမောင်သည် ၃၁-၈-၂၀၀၆ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်မြသိန်း ၁၂/သကတ(နိုင်)၀၀၈၀၄၃ မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှ မရှိကြောင်းနှင့် အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၄-၆-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ် (၆-၇၈၉/ ၂၀၁၇)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်ပျဉ်ထောင် အဆောက်အအုံတစ်လုံးရှိပြီး ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မဟာမင်္ဂလဓမ္မဇောတိကဓဇ ဦးအေးမြင့်
### မြန်မာမှုဒီဇိုင်းပညာရှင်၊ အမရပူရမြို့
### အသက်(၈၈)နှစ်

(YMBA) အသင်းချုပ်မှ အမှတ်စဉ်(၆)ဖြင့် ချီးမြှင့်သည့် မဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသူ ဦးအေးမြင့်(မောင်အေးမြင့်-မြန်မာမှု)သည် ၃-၁၀-၂၀၁၇ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**(YMBA)အသင်းချုပ်**
**ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့ရိုးရာ ပန်းချီပန်းပု ယဉ်ကျေးမှုသုတေသီ ပန်းချီဆရာကြီး မြန်မာ့ရိုးရာဒီဇိုင်းပညာရှင် ဦးအေးမြင့် ကွယ်လွန်သွားသည်ဟု သိရှိရပါသဖြင့် ဆရာကြီး၏မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲ နှမြောတသရပါသည်။

**ဦးဝင်းဖေ-ဒေါ်ခင်မြိုင် မိသားစု**
**4C Studio**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းအောင် (ရမ်းဗြဲမြို့)
### အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)၏ ဂေါပကအဖွဲ့ဝင် ဦးသန်းအောင်(ရမ်းဗြဲမြို့) အသက် (၆၁)နှစ်သည် ၁-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ မြေကွက်အမှတ်(၆၃၁)၊ မြေကွက်တည်နေရာအမှတ်(၆၃၁)၊ နီလာ ၂လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးလှအောင် AB -၀၅၇၂၆၂ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှအောင်အား တရားပြိုင်ထားကာ ဒေါ်ဆန်းဆန်းဦးမှ တရားလိုပြု၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးဖြစ်သော ဦးလှအောင် ကိုယ်စား ဘီလစ် ဒေါ်ခင်သန်းအေး ၁၂/သကတ(နိုင်)၀၁၈၀၀၁မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၃၄/၂၀၁၆)၏ (၁၁-၅-၂၀၁၇)ရက်စွဲပါ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ နီလာ ၂လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ မြေကွက်အမှတ်(၆၃၁)၊ (အလျားပေ ၄၀×အနံ ၆၀ပေ)၊(၂၄၀၀)စတုရန်းပေရှိမြေ၊ နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားပြိုင် ဦးလှအောင်မှ တရားလို ဒေါ်ဆန်းဆန်းဦးသို့ ပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်သည့် အမိန့်စီရင်ချက်၊ တရားမဇာရီမှု အမှတ်(၅/၂၀၁၇)၏ နေ့စဉ်မှတ်တမ်း၊ ဘီလစ်အရာရှိခန့်အပ်ကြောင်း အကြောင်းကြားစာနှင့် ဦးလှအောင် အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၂)ဘီတည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅ CG၊ မြေကွက်အမှတ် ၆၇၄၊ ဦးမြင့်အောင် ၁၂/ဗဟန(နိုင်)၀၄၄၅၆၆ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် (ဖခင်) ဦးမြင့်အောင်နှင့် (မိခင်) ဒေါ်ကြည်တို့ ကွယ်လွန်သဖြင့် ဦးဖြိုးမင်း ၁၂/ဗဟန(နိုင်)၀၀၂၃၄၇မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ (ဖခင်)ဦးမြင့်အောင်၏ ၁၅-၁၀-၂၀၁၂ရက် သေစာရင်းနှင့် (မိခင်)ဒေါ်ကြည်၏ (၂၉-၉-၂၀၀၆)ရက် သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့နှင့်အတူ ဦးဖြိုးမင်းထံမှ GP အမှတ်(၆၇၂၄/၂၀၁၇)ဖြင့်ရရှိသူ ဒေါ်မာလာသန်း ၁၂/ဗဟန(နိုင်)၀၅၂၃၁၂က ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အောင်စေတနာတိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ်(၆၆/ဒီ)၊ ဧရိယာ (သုည ဒဿမ ၁၁၀) ဧကရှိ၊ အမှုတွဲအမှတ် ၆၁၅-၅/၂၀၁၃-၂၀၁၄(အေ)ဖြင့် မှူးကြီး ဦးညွန့်ဆွေ အမည်ပေါက်မြေအား ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဆန်းဦးထံမှ ဒေါ်သင်းသင်းရီက ရောင်းဝယ်စာချုပ်အမှတ်(၂၇၀I/၂၀၁၆) ပြုလုပ်ပြီး အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အောင်စေတနာတိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ်(၆၅/ဒီ)၊ ဧရိယာ (သုည ဒဿမ ၁၁၀) ဧကရှိ၊ အမှုတွဲအမှတ် ၆၁၄-၅/၂၀၁၃-၂၀၁၄ (အေ)ဖြင့် မှူးကြီးကျော်ဆွေ အမည်ပေါက်မြေအား ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဆန်းဦးထံမှ ဒေါ်သင်းသင်းရီက ရောင်းဝယ်စာချုပ်အမှတ်(၂၇၁I/၂၀၁၆)ပြုလုပ်ပြီး အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်အမာ
### အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်ထောင်စုရိပ်သာလမ်းနေ ဒေါ်ကျင်အေး-(ဦးစိန်သန်း)တို့၏မိခင်၊ ဒေါက်တာဦးအောင်ဝင်း-ဒေါက်တာစန်းစန်းဦး၊ ဦးစိန်မင်း-ဒေါက်တာသန်းသန်းဝင်း၊ (ဒေါက်တာဦးမောင်မောင်ဦး)-ဒေါက်တာအက်နာတိုက်ကွဲလ်၊ ဒေါက်တာစန်းစန်းဝေ၊ ဒေါ်ကေသီခိုင်၊ ဦးထွန်းထွန်းလှိုင်-ဒေါ်မေခင်ဦးတို့၏အဘွား၊ Dr.SHINE WIN(ခ)ဝင်းမင်းထက်၊ RAY WIN (ခ)ကျော်ဝင်းထက်၊ ဒေါက်တာဇင်မင်းထက်၊ CHRISTINA LWIN OO၊ မောင်လွင်မင်းသန့်၊ NICHOLAS TUN OO၊ မောင်ဇေယျာလှိုင်၊ မောင်သီဟလှိုင်၊ မြတ်သီရိလှိုင်တို့၏ဘွားဘွားကြီးသည် ၂-၁၀-၂၀၁၇ရက် ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှ
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁၂၄/က)နေ (ဦးသန်း-ဒေါ်လေးတင်)တို့၏သမီး၊ (ဦးပြုံး)-ဒေါ်ကြင်စော၊ ဦးမောင်ထွန်း-(ဒေါ်ဝင်းကြည်)၊ ဦးစံရီ-ဒေါ်ကြင်လှတို့၏အစ်မ၊ ဗိုလ်မှူးချုပ်ချစ်ဦး-ခိုင်မီမီစိုး၊ အောင်တင်ထွန်း-သောင်းသောင်း၊ ဒုရဲမှူးဝင်းနိုင်-သိင်္ဂီသောင်း၊ ချစ်နိုင်-ဒေါ်စန်းစန်းငွေ၊ ဝင်းထွဋ်-မိမိခိုင်၊ မိုးဇော်-ကြည်ကြည်ခိုင်၊ ရဲတပ်ကြပ်နေအောင်-လဲ့လဲ့ဝင်းတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ (ဦးထွန်း)၏ချစ်လှစွာသောဇနီးသည် ၄-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (စမ်းချောင်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှ
### အသက်(၈၄)နှစ်

သူငယ်ချင်း ဗိုလ်မှူးချုပ်ချစ်ဦး-ခိုင်မီမီစိုး၏ ချစ်လှစွာသော မိခင်ကြီး ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ မိခင်ကြီး ကောင်းသော သုဂတိသို့ လားပါစေကြောင်း မေတ္တာပို့သအပ်ပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်
### ဘီးလင်း(ရွှေလှေ)
### အမှတ် ၃၅၂၊ ၃၄၀-ဘီရုံ၊ သိမ်ကြီးဈေး
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇လမ်း၊ အမှတ် ၇၁နှင့် ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ်(၁၉-စီ)နေ ဦးဖိုးဝေ-ဒေါ်သိန်းရှင်တို့၏သမီး၊ (ဦးသိန်းနိုင်)၏ဇနီး၊ ဦးသိန်းဝင်း-ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်ဖြူဖြူအေး(Beauty Land Hotel)၊ ဦးအောင်ရွှေသိန်း-ဒေါ်ကြူကြူ(အမှတ် ၃၅၂၊ ခိုင်သဇင်၊ သိမ်ကြီးဈေး)၊ ဦးမျိုးနိုင်-ဒေါ်မူမူခင်(မန်းရွှေဂုဏ် ဗိုလ်ချုပ်ဈေး)၊ဦးအောင်မိုး-ဒေါ်မိုးမိုးစံ(အမှတ် ၃၄၀၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ (ဦးအောင်စိုး-ဒေါ်အေးအေးခိုင်(စင်ကာပူ)၊ ဦးမြတ်သူရတို့၏မိခင် မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၃-၁၀-၂၀၁၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၇ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၁၇ရက်တွင် အမှတ် ၇၁၊ ၂၇လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးငြိမ်းအေး (D.S.A အပတ်စဉ်၂၆)
### ဒု-အထွေထွေမန်နေဂျာ(စစ်ဆေးရေး)၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
### အသက်(၅၆)နှစ်

ဦးမန်းလူနီ-ဒေါ်ကြင်နု (နွယ်နီ ၉လမ်း၊ မြောက်ဥက္ကလာပ)တို့၏သား၊ (ဦးကျော်ရ)-ဒေါ်တင်လှ (အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးအေးသိန်း-ဒေါ်နန်းလုံးကြိုင်၊ ဦးချန်ထွဋ်-ဒေါ်ကြူကြူဝင်း၊ ဦးမြအေး-ဒေါ်တင်တင်အေးတို့၏ညီ/မောင်၊ ဒေါ်ကြိုင်ကြိုင်ထွေး၊ ဒေါ်နန်းမြင့်ကြည်၊ ဒေါ်လှလှအေး(USA)တို့၏အစ်ကို၊ မန္တလေးမြို့နေ ဦးသန်းဝင်း-ဒေါ်သန်းသန်းဆွေတို့၏ညီ/မောင်၊ ဦးမင်းဇော်-ဒေါ်မော်မော်ငြိမ်း၊ ဦးဝင်းမော်-ဒေါ်ခင်မေသက်တို့၏အစ်ကို၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ ချင်းတွင်းရိပ်သာ၊ တိုက် ၃၆၊ ပထမထပ်၊ အခန်း ၁နေ ဒေါ်ဝေဝေမာ(အထက-၅၊ ဗိုလ်တထောင်)၏ခင်ပွန်း၊ မသက်ဝေငြိမ်း(MBA အပတ်စဉ်-၂၃၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ မငြိမ်းစုဝေ(စတုတ္ထနှစ်၊ B.Econ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ မဆုပြည့်စုံ (ပထမနှစ်၊ Civil-GTU - တောင်ငူမြို့)တို့၏ဖခင်သည် ၄-၁၀-၂၀၁၇ရက် နံနက် ၄း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တံတား ဒါယကာကြီး
## ဦးဟန်ဝင်းအောင်
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ အမှတ်(၆၄)နေ ဒေါ်နှင်းဥမ္မာထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ မပြည့်ပြည့်မြတ်ဘုန်းဟန် (ခေတ္တ-စင်ကာပူ)၏ဖခင် ဦးဟန်ဝင်းအောင်သည် ၂၉-၉-၂၀၁၇ရက် (ဘန်ကောက်စံတော်ချိန် ၄း၄၉နာရီ)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**BBG (Golfer Group)**

## ဒေါ်ခင်ထွေး
### (ရုံးသပြေကန်ရွာ)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ်(၅၃၊ C)နေ (ဦးဘရွှေ-ဒေါ်ချစ်)တို့၏သမီး၊ (ဦးမောရစ်)၏ဇနီး၊ ပါမောက္ခ ဦးမောင်မောင်ခင် (ရင်ခေါင်းခွဲစိတ်၊ ငြိမ်း) - ဒေါက်တာကြည်ကြည်ခိုင်၊ ဒေါက်တာမောင်မောင်သင်(သွားဘက်ဆိုင်ရာဆရာဝန်၊ ငြိမ်း) - ဒေါ်ရီရီလှ၊ ရဲမှူးမောင်မောင်သွင်(ငြိမ်း)-ဒေါ်သီသီအေး၊ ဒု-ရဲမှူးကြီးမောင်မောင်သော်(တမူးခရိုင်ရဲတပ်ဖွဲ့)-ဒေါ်ခင်ချိုဦးတို့၏မိခင်၊ ဦးဝဏ္ဏဖေ-ဒေါက်တာကြည်သာခင်၊ ဒေါက်တာမောင်မောင်ချမ်းသာ-ဒေါက်တာရည်မွန်ခင်၊ ဦးညဏ်ကျော်ထင်၊ ဦးပိုင်ဖြိုးဝေ၊ ဦးကျော်ဇေယျ-ဒေါက်တာအင်ကြင်းခိုင်၊ ဦးကောင်းဇော်ဟိန်း-ဒေါ်မြတ်ဆုသွင်၊ ဦးသော်နေဝန်း၊ ဗိုလ်ကြီးကျော်ဖြိုးဟိန်း - ဒေါ်ဖူးပြည့်သော်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည်၄-၁၀-၂၀၁၇ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျင်လှိုင်(ခ)ဟင်နရီမှန်း
## (ခ)တန်ချိန်ဘန်
### မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ် ၂၅၊ ငါးလွှာ(ယာ)နေ (ဦးလှမြင့်)-ဒေါ်သန်းစိန်၊ ဒေါ်သန်းသန်း-ဦးမောင်မောင်၊ ဒေါ်တင်တင်တို့၏မောင်၊ ဒေါ်နီနီချို၏ခင်ပွန်း၊ ကိုရဲအောင်၊ ကိုသန်းထွန်းအေး၊ မဇာဇာထွန်းတို့၏ဖခင်၊ မဝင့်ရတီအေး၊ မောင်ဝေယံအာကာတို့၏အဘိုးသည်၃-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၁၅နာရီတွင် ၁၀၇လမ်း၊ အမှတ် ၁၂၊ သုံးလွှာ(ဝဲ)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၁၀-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၀၇လမ်းထိပ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁၀-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ၁၀၇လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်စိုး
### ရဲတပ်ကြပ်ကြီး(ငြိမ်း)
### နရခ(ထောက်-မော်တော်ယာဉ်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးခင်မောင်အေး - ဒေါ်သန်းငွေ)တို့၏သား၊ ဦးကျော်စိန်-ဒေါ်အုန်းငွေတို့၏ သားသမက်၊ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၁)လမ်း၊ တိုက် ၂၉၈၊ အခန်း ၁၅နေ ရဲမှူးအေးအေးမြင့်(လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့)၏ခင်ပွန်း၊ မသော်သော်ထွန်း၊ မောင်ထူးခိုင်လင်း၊ မကေခိုင်စိုးတို့၏ဖခင်သည် ၃-၁၀-၂၀၁၇ရက် ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၁၀-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဥုးစန္ဒိမာ (ဦးမျိုးဝင်း)
### သက်တော်(၆၂)နှစ်၊ သိက္ခာတော်(၁၀)ဝါ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ တိုက် ၆၀၊ အခန်း ၅နေ (ဦးအောင်ကြည်-ဒေါ်ဝင်းကြည်)တို့၏သား၊ ဒေါ်ညိုညို၏ခင်ပွန်း၊ [ဦးစန္ဒာဝရ(ခ)ဦးဇော်ဝင်း]၊ (ဦးခင်မောင်ဝင်း)-ဒေါ်ခင်မျိုးဆင့်တို့၏ညီ၊ ဒေါ်မီမီလေး၊ (ကိုတိုးဝင်း)-မမိုးမိုး၊ (နီနီဝင်း)၊ မအေးအေးဝင်း၊ ကိုကြည်ဝင်း-မစန်းစန်းဝင်း၊ ကိုမင်းအောင်-မဖြူဖြူဝင်း၊ (မခင်ခင်ဝင်း)၊ ကိုချိုဝင်း-မခိုင်ခိုင်၊ မခင်စိုးဝင်း (AA Medical)၊ ကိုဝင်းပိုင်-မသဇင်ထွေးတို့၏အစ်ကို၊ ကိုဝင်းရွှေ-မလှဇင်ဦး၊ ကိုကျော်စွာထွန်း-မချောချော၊ မအိန္ဒြာဖြူ၊ ကိုသီဟအောင်-မချစ်ချစ်ထွေး၊ မောင်ဟိန်းထက်စိုး-မအေးစန္ဒာဝင်း၊ မောင်ဟိန်းထက်ဇော်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) ည ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၅-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သုဝဏ္ဏနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရွှေသောင်
### အသက်(၁၀၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သံဒင်းစုလမ်း၊ အမှတ် ၄၉၇နေ (ဦးရွှေဘ-ဒေါ်သော့)တို့၏သား၊ (ဦးလုံး-ဒေါ်ပန်းရင်)တို့၏သားသမက်၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဦးမြည်မိမ်း[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ (ငြိမ်း)] [ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)]-ဒေါ်မြင့်မြင့်သိန်းတို့၏ဖခင်၊ ဦးကျော်စွာငြိမ်း(ပြည်နယ်တရားရေးဦးစီးမှူး၊ ကရင်ပြည်နယ် တရားလွှတ်တော်)-ဒေါ်အေးအေးခိုင်(ဒုတိယခရိုင်တရားသူကြီး၊ ပဲခူးခရိုင်တရားရုံး)၊ ဗိုလ်မှူးရန်နိုင်စိုး(ငြိမ်း) - ဒေါ်သီတာမြငြိမ်း၊ ဒေါက်တာထွန်းထွန်းဝင်း(ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)-ဒေါက်တာစန္ဒာမြငြိမ်း(ကျောင်းအုပ်ကြီး၊ အထက-၂၊ စမ်းချောင်း)တို့၏အဘိုး၊ မောင်ရန်ငြိမ်းကျော်၊ မောင်စွန်းထက်ရန်နိုင်၊ မောင်ခန့်ညီမိမ်း၊ မဖူးသစ်မြငြိမ်း၊ မပွင့်သစ်မြငြိမ်း၊ မောင်ဖွဲ့ထက်ညီမိမ်း၊ မောင်ဖုန်းမြညိမ်းတို့၏ဘိုးဘိုးကြီးသည် ၄-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းလွင်(မော်ဘီ) အသက်(၈၆)နှစ်
### လယ်စိုက်ရှင်း-မန်နေဂျာ(ငြိမ်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ် ၉နေ (ဦးသာယုံ-ဒေါ်မယ်တင်)တို့၏သား၊ ဦးသိန်းဟန်(ငြိမ်း၊ မြန်မာ့အလင်းသတင်းစာတိုက်)-ဒေါ်တင်စိန်၊ ဦးမျိုးဝင်း-ဒေါ်ခင်မေရီ (ဒုညွှန်မှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)၊ ဦးလင်းကြည်(ရေယာဉ်မှူး၊ မြန်မာ့ရေနံ ဓာတုဗေဒပစ္စည်းများ သယ်ပို့/ဖြန့်ဖြူးရေးဌာန) - ဒေါ်ယဉ်ယဉ်မွန်(ရွှေသန်လျင် ရေသန့်စက်ရုံ)၊ ဦးစိုးလွင်-ဒေါ်ခိုင်ခိုင်အောင်၊ ဦးဇော်အောင်-ဒေါ်ခင်မေလွင်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီး၊ ဒေါ်မြဆိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၄-၁၀-၂၀၁၇ရက် နံနက် ၅း၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၇ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်လွှာ

ကွယ်လွန်သူ ဦးသိန်းဆိုင် အသက်(၇၄)နှစ် နာမကျန်းဖြစ်စဉ် သုံးပတ်တိုင်တိုင် အထူးဂရုစိုက် ကုသပေးကြသော သဃ်န်းကျွန်း စံပြဆေးရုံကြီးမှ အရိုးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဦးညိုထွန်းနှင့်တကွ အားလုံးသော ဆရာဝန် ဆရာမများ၊ ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများ၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးများ၊ အထူးသဖြင့် အထူးကြပ်မတ်ဆောင် (ICU)မှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံး၊ ရပ်ဝေးရပ်နီးမှ သမားတော်ကြီးများ၊ အရိုးအထူးကု ဆရာဝန်ကြီးများ၊ ကျေးဇူးတင်ထိုက်သူများ၊ ရွှေပါရမီ ကျန်းမာရေး၊ ပညာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးအား အထူးကျေးဇူးဥပကာရ တင်ရှိပါသည်။ **ဒေါက်တာမြမြအောင်နှင့်ကျန်ရစ်သူမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမောင်မောင်ထွန်း (ပဲခူး)
### အမျိုးသားတန်းမြင့်ကျောင်းသားဟောင်း(၁၉၆၃/၆၄)
### အသက်(၆၉)နှစ်

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ် ၅၄၅နေ (ဦးပု-ဒေါ်သန်း)တို့၏သား ဒေါက်တာမောင်မောင်ထွန်းသည် ၁-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၃-၆၄ တက္ကသိုလ်ဝင်တန်း**
**သူငယ်ချင်းကျောင်းသားများ၊ ကျောင်းသူ**
**အမျိုးသားတန်းမြင့်ကျောင်း၊ ပဲခူးမြို့**

## ကိုဟန်ဇော် အသက်(၄၃)နှစ်
### M.Sc (Physics)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ ၁၄/(၁)ရပ်ကွက်၊ ဖလမ်း၊ အမှတ်(၇၁/၁)နေ ဦးအောင်ကြီး(မြဝတီဘဏ်)-ဒေါ်တင်ဦး(စာရင်းစစ်အရာရှိ၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)တို့၏သား၊ ဒေါက်တာဦးစောဝင်း-ဒေါ်နန်းဖြူဖြူတို့၏တူ၊ မောင်မျိုးကျော်(Strings Studio)၏အစ်ကိုသည် ၄-၁၀-၂၀၁၇ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# သင်္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးကားလမ်းအား ရာသီမရွေးသွားလာနိုင်မည့် ကတ္တရာ(သို့မဟုတ်)ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်



ခရမ်းစိုးမြင့်

**မုံရွာ အောက်တိုဘာ ၄**

ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်း မော်လိုက်၊ ဖောင်းပြင်မြို့များနှင့် ခန္တီး၊ လဟယ် စသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့များကို အထောက်အကူပြုမည့် သင်္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးကားလမ်းသည် ၅၂၈ ကီလိုမီတာ ရှည်လျားသည်။

လမ်း၏နောက်ခံသမိုင်းမှာ ၄-၂-၁၉၈၂ ရက်နေ့က ပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအစည်းအဝေးမှ မဟာဗျူဟာလမ်းအဖြစ် သတ်မှတ်ခဲ့ပြီး သင်္ကယ်ကျင်း-ဖောင်းပြင်အပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ရန်နှင့် ဖောင်းပြင်-နောင်ပိုအောင်-ခန္တီးအပိုင်းကို တပ်မတော်အင်ဂျင်နီယာတပ်မှ တာဝန်ယူဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ထိုစီမံကိန်းကို ၁-၃-၁၉၈၇ ရက်နေ့မှစ၍ စတင်ခဲ့ပြီး ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ခရီးစဉ်လုပ်ငန်းလမ်းညွှန်ချက်အရ ဖောင်းပြင်-နောင်ပိုအောင်အပိုင်း ၅၆ မိုင်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဟုမ္မလင်း-ခန္တီးအပိုင်းကို တပ်မတော်အင်ဂျင်နီယာတပ်က ၁၉၈၇-၁၉၈၈ ခုနှစ်မှစ၍ ၁၉၉၄-၁၉၉၅ အထိ ဆောင်ရွက်ခဲ့သည်ဆို၏။ ၎င်းနောက် ၁၉၉၆-၁၉၉၇ ခုနှစ်မှစတင်၍ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)က

စာမျက်နှာ ၅ ကော်လံ ၁ ✻

## ARSA အစွန်းရောက်အကြမ်းဖက်သမားများက တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားသည့် ဟိန္ဒူဘာသာဝင် အမျိုးသမီး ရှစ်ဦးနှင့် ကလေးငယ် ရှစ်ဦး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

စာမျက်နှာ-၇

## အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတို့ သိမ်းပိုက်ထားသည့် အီရတ်နိုင်ငံ မြောက်ပိုင်း ဟာဝီဂျာတွင် ပြည်သူ ၇၈၀၀၀ ခန့်ပိတ်မိနေ

စာမျက်နှာ-၁၄

## မြန်မာနှင့် ထိုင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ထိုင်းလက်ရွေးစင်ဘောလုံးအသင်းတို့သည် အောက်တိုဘာ ၅ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲစဉ်အား MRTV၊ MRTV Digital Sport Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ ည ၈ နာရီ ပြည်တွင်းသတင်းအား ဘောလုံးပွဲအပြီးတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်၊ ရှမ်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေး၊ မကွေးတိုင်းဒေသကြီး၊ ချင်း၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

## မိတ္ထီလာကန်နှင့် ရေကူဆည်များ ရေပြည့်ရေလျှံမှုများဖြစ်နေ

တင်လှိုင်(မိတ္ထီလာ)

**မိတ္ထီလာ အောက်တိုဘာ ၄**

မိတ္ထီလာကန်ကြီးသည် သမိုင်းဝင်ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း ၁၇ ဆက်တို့က တူးဖော်ဆည်ဖို့ခဲ့သည်။ ယခုအခါ မိတ္ထီလာကန်တော်ကြီး မတိမ်ကောရေး၊ သဲနုန်းပို့ချမှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ မိတ္ထီလာကန်ကြီး ရေအလုံအလောက် ရရှိစေရေးအတွက် ဆည်မြောင်းထိန်းသိမ်းရေးဌာနက ရေကူဆည်များ တည်ဆောက်ပေးပြီး မိတ္ထီလာကန်တော်ကြီးအား ရေများ ဖြည့်ဆည်းပေးနေသည်။

မိတ္ထီလာကန်တော်ကြီးသည် မြို့လူထုသောက်သုံးရေနှင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေပေးဝေနေသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာမြို့တွင် ၂၀၁၇ ခု မိုးဦးကာလ ဧပြီလမှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မိတ္ထီလာကန်ကြီးမှာ ရေများပြည့်နေသည်။ မိတ္ထီလာကန်၏ အနောက်ဘက်ရှိ ရေကူဆည်များဖြစ်သော မုန်တိုင်ဆည်နှင့် ရှမ်းမငယ်ဆည်တို့မှာ

စာမျက်နှာ ၁၀ ကော်လံ ၄ ✻



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017